ကြေးမုံ
The Mirror Daily
Established in 1957

**လောကဓမ္မတာစံကြရာ**

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 24 December 2020 ၁၀၂၃၆

# ကျောက်ဖြူမြို့တွင် AIR KBZ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲ

ကျောက်ဖြူ ဒီဇင်ဘာ ၂၃

**ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် ပြည်တွင်းလေကြောင်းခရီးစဉ်များအနက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ AIR KBZ လေကြောင်းခရီးစဉ်များ ယနေ့မှစ၍ တစ်ပတ်လျှင် သုံးရက် ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ကျောက်ဖြူမြို့နယ် AIR KBZ လေကြောင်းလိုင်းမှ သိရသည်။**




လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲရာတွင် ကျောက်ဖြူ-ရန်ကုန် တိုက်ရိုက် အသွားအပြန်ခရီးစဉ်များကို ပြေးဆွဲသွားမည်ဖြစ်သည်။ လေယာဉ်စီးနင်းလိုက်ပါကြမည့် ခရီးသည်များအနေဖြင့် ၃၆ နာရီအတွင်း ဆေးစစ်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအထောက်အထားများ ပါရှိရမည်ဖြစ်သကဲ့သို့ မျက်နှာအကာနှင့် နှာခေါင်းစည်း ပါရှိရမည်ဖြစ်သည်။ ခရီးသည်များအား တစ်ရက်ကြိုတင်၍ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိကို အလယ်ပိုင်းရပ်ကွက်ရှိ သာသနာ့ဗိမာန် အဆောက်အဦတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက Rapid Test Kit ဖြင့် လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စစ်ဆေးပေးနေကြောင်း သိရသည်။

**တစ်ပတ်လျှင် သုံးရက်ပြေးဆွဲမည်**

ကျောက်ဖြူမြို့တွင် ပြည်တွင်းလေကြောင်းခရီးစဉ်များအဖြစ် AIR KBZ လေကြောင်းလိုင်းမှ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ကျောက်ဖြူမှ ရန်ကုန်သို့ တိုက်ရိုက်အသွားအပြန် တစ်ပတ်လျှင် သုံးရက်စီပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မုံရွာမြို့၌ ပြည်တွင်းလေကြောင်း ဝန်ထမ်းများနှင့် ခရီးသည်များအား Rapid Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေး



မုံရွာ ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် ပြည်သူ့အားကစားကွင်းရှိ ဖူဆယ်အားကစားရုံတွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးနေရာတွင် ယနေ့ နံနက်ပိုင်းက မုံရွာလေယာဉ်ကွင်းအမှုထမ်း ၄၄ ဦးနှင့် ခရီးသည်နှစ်ဦး စုစုပေါင်း ၄၆ ဦးတို့အား Rapid Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့မှ ဟုမ္မလင်းမြို့သို့ ပြည်တွင်းလေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်ဖြစ်ရာ လေယာဉ်ကွင်းများတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် ခရီးသည်များအား Rapid Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်အတွင်းကပဲဖြစ်ဖြစ်၊ တခြားမြို့နယ်တွေကပဲဖြစ်ဖြစ် လေကြောင်းခရီးစဉ်နဲ့ မုံရွာကိုလာရင် Rapid Test Kit နဲ့ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိစစ်ဆေးရမှာ ဖြစ်ပါတယ်။ အခု ကနဦးအနေနဲ့ လေကြောင်းနဲ့ဆိုင်တဲ့ ဝန်ထမ်းတွေကို စစ်ဆေးပေးတာဖြစ်တယ်" ဟု မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာငြိမ်းငြိမ်းအေးက ပြောသည်။

ဝင်းဦး(ဧယျာတိုင်း)

## ကြေးမုံ ယနေ့ ဖတ်စရာ

**ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အသစ်များကို စိတ်ဝင်စား**

စာမျက်နှာ » ၃

**ရင်ထဲက တက္ကသိုလ်**

ဆောင်းပါး စာမျက်နှာ » ၆

**တစ်ချိန်က တက္ကသိုလ်ဆရာမများ အဆောင်၏ ပုံရိပ်များ**

ဆောင်းပါး စာမျက်နှာ » ၂၀

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

# လွတ်လပ်ရေးအရှိန်အဝါ ထိန်ကာဝင်းလက်

"လွတ်လပ်ရေး အရှိန်အဝါသည် ထိန်ကာဝင်းမှည့်၊ တလက်လက်ပြောင်သည်၊ မြန်မာ့မြေပေါ် တောက်ထွန်းခဲ့ပြီ၊ ထွန်းပါသောကော၊ ပြောပြမည်၊ မဟာဗန္ဓုလမှ စကာအတည်၊ ဗိုလ်ချုပ်တို့ နောက်ဆုံးဖြစ်တော့သည်။ တစ်ရာ့နှစ်ဆယ့်နဲ့ နှစ်နှစ်တိုင်တိုင် မြန်မာ့သွေးတွေလည်း တဖြိုင်ဖြိုင်ပေးကာ ရွေးယူတော့မှရသည်။ ဟယ် - လွတ်လပ်ရေး သင်ဘယ်ကိုပြေးတော့ မလွတ်နိုင်၊ လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်ရပေပြီ။" ဤစာသား တေးသွားကား ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပထမအကြိမ် မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံမှထုတ်လွှင့်ခဲ့သည့် တေးသီချင်း ဖြစ်သည်။

လွတ်လပ်ရေးဟူသည်ကား နိုင်ငံတိုင်း နိုင်ငံတိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော အဖိုးအနဂ္ဃထိုက်တန်သည့် နိုင်ငံ့ရတနာ အမြတ်တေ ဖြစ်သည်။ နိုင်ငံတိုင်းသည် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို အလွယ်တကူပြန်လည် ရရှိလာခဲ့ကြသည်မဟုတ်ပေ။ နိုင်ငံ့စည်းစိမ်ဥစ္စာ၊ လူ့အသက်သွေးချွေးတို့ကို အချိန်ကာလရှည်ကြာစွာ စွန့်လွှတ်ပေးဆပ်ပြီးမှ ပြန်လည်ရရှိလာကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည်ကား ဖော်ပြပါပထမအကြိမ် လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးသွားပါအတိုင်း အခြားနိုင်ငံများနှင့်မတူ ပိုမိုထူးကဲစွာဖြင့် ပြည်သူများ၏ အသက်များ၊ သွေးများ၊ ချွေးများအပါအဝင် နိုင်ငံတစ်ခုလုံးပါ နှစ်တစ်ရာကျော် ရင်းနှီးပေးဆပ်ခဲ့ရပေသည်။

သူ့ကျွန်မခံ တွန်းလှန်ကြမည်ဆိုသည့် သတ္တိဗျတ္တိ၊ စွန့်လွှတ်စွန့်စားမှုများဖြင့် နိုင်ငံအတွက် ပေးဆပ်ခဲ့မှုများသည် အံ့ချီးမကုန်ပင် ဖြစ်သည်။ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲ စတင်ဖြစ်ပွားစဉ်ကာလ မတိုင်မီကတည်းက တိုင်းပြည်နိုင်ငံအတွက် ရဲဝံ့စွန့်စားခဲ့သည့် မြန်မာ့သူရဲကောင်း စစ်သူကြီး မဟာဗန္ဓုလမှစ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိမည့်အချိန်အထိ စွန့်လွှတ်အနစ်နာခံပြီး သူမတူအောင် စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်ခဲ့သော အမျိုးသားခေါင်းဆောင်၊ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း ခေတ်ကာလအထိ မြန်မာတို့၏ ရင်းနှီးပေးဆပ်မှု၊ စွန့်လွှတ်စွန့်စားခဲ့ကြရမှုများမှာ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတွင် ကမ္ပည်းမော်ကွန်း ရေးထုသွင်းပြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံအား တိုင်းတစ်ပါး၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ လွတ်မြောက်ပြီး လုံးဝလွတ်လပ်သော နိုင်ငံဖြစ်လာရေးအတွက် နှစ်ပေါင်းတစ်ရာနှစ်ဆယ့်နှစ်နှစ်ကြာ ကာလအတွင်း မြန်မာအမျိုးသား အာဇာနည်သူရဲကောင်း သိန်းသောင်းချီတို့၏ အသက်၊ သွေးအမြောက်အမြား ပေးဆပ်ပြီးမှ ရရှိလာခဲ့သော လွတ်လပ်ရေး၏ တန်ဖိုးကား မည်မျှကြီးမားပြီး တန်ဖိုးမဖြတ်နိုင်သည်ကို ခန့်မှန်းကြည့်နိုင်ပေသည်။ ယခုအခါ လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာပြီဖြစ်ရာ မြန်မာ့လွတ်လပ်ရေးအတွက် တန်ဖိုးကြီးကြီး ပေးဆပ်ခဲ့ရမှုများကို မေ့ပျောက်ပစ်၍ ရနိုင်မည်မဟုတ်ပေ။ လူ့သမိုင်းတစ်ဆက်မက ကျော်ဖြတ်ခဲ့ပြီးဖြစ်၍ သမိုင်းကို သမိုင်းတွင် ပစ်ပယ်ထားခြင်း၊ မေ့ပျောက်ထားခြင်းလည်း မဖြစ်သင့်ပေ။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို လွတ်လပ်ရေးနေ့ အခါသမယနှင့် ကြုံကြိုက်သည့်အချိန်အခါသာမက အစဉ်ထာဝရ အမြဲမပြတ် မမေ့မပျောက်ဘဲ ရှိကြဖို့လိုအပ်ပါသည်။

ခေတ်ရေစီးကြောင်းနှင့်အတူ လိုက်နေရသည့် ခေတ်မီတိုးတက်နေသောကာလ ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်ရွေ့ပြေးမှုများကို ဦးစားပေးအလေးထားနေကြရသည့် မျိုးဆက်သစ်တို့ကာလများ၌ ယခုကဲ့သို့ လွတ်လပ်သည့် အခွင့်အရေးများ၊ တိုးတက်သည့်ခံစားမှုများ ရရှိနေကြရသည်မှာ လွတ်လပ်ရေးမရမီ လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်ကာလအတွင်းက အသက်၊ သွေး၊ ချွေး ပေးဆပ်ခဲ့ကြသည့် သိန်းသောင်းချီသော မြန်မာဘိုးဘွားဘီဘင် သူရဲကောင်းများ၏ ကျေးဇူးများနှင့်မကင်းနိုင်သည်ကို ရှုမြင်ဆင်ခြင်နိုင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ဤကဲ့သို့ လွတ်လပ်ရေးနေ့ထူးသို့ ရောက်သည့်ကာလများ၌ တိုင်းပြည်နှင့် လူမျိုးအတွက် ပေးဆပ်ခဲ့ကြသည့် မြန်မာသူရဲကောင်းများအား အလေးအမြတ်ဂုဏ်ပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးအရှိန်အဝါ ယနေ့ထက်တိုင်အောင် ထိန်ကာဝင်းလက် တောက်ပစေနိုင်အောင် ဆောင်ကြဉ်းပေးခဲ့ကြပါသော ရှေးရှေးဘိုးဘွားဘီဘင် မြန်မာသူရဲကောင်းကြီးများအား (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယကာလတွင် အထူးဂုဏ်ပြုချီးမြှောက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## ပန်းတနော်မြို့နယ်၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ သင်တန်းဆင်း

**ပန်းတနော် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ဆွတ္တာမူကျေးရွာတွင် ပြုလုပ်ခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူ ၃၀ တို့အား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၂၃ ရက်ထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃-၁၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၈၀၀ | ၂,၄၅၀ | ၂၃,၉၁၈,၄၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၅၀ | ၁,၃၅၈ | ၅,၀၇၉,၅၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၉၃၁ | ၂၀,၉၄၇,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၈၉ | ၅၁၉,၇၅၀ |
| EFR | ၃,၈၀၀ | ၃,၆၅၀ | ၃၃ | ၁၂၀,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၃

ရန်ကုန်(ရွှေဈေး) ၁၃၂၃၅၀၀ မန္တလေး(ရွှေဈေး) ၁၃၂၃၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၇၀ ကျပ် | ၆၇၀/၆၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၁၀/၆၅၅ ကျပ် | ၆၅၅/၆၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၃၀ ကျပ် | ၇၇၅/၇၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၈၅/၆၁၅ ကျပ် | ၆၅၀/၆၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၆၃/၅၇၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၃/၅၈၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၄၀/၅၄၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၂.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃.၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၈၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၇.၉၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၀၇၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၈.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉.၄၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၈.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၄၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များကို စိတ်ဝင်စား

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့၏ ကူညီပံ့ပိုးမှု၊ အာဆီယံ-ဂျပန်စင်တာနှင့် မြန်မာသံရုံး(တိုကျိုမြို့)တို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် Myanmar Investment Environment Update Webinar ကို ယနေ့နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ၌ Virtual စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက Video Message ပေးပို့သည်။




**နှုတ်ခွန်းဆက်စကားပြောကြား**

အခမ်းအနားတွင် အာဆီယံ-ဂျပန်စင်တာ၏ အထွေထွေအတွင်းရေးမှူး Mr. Masataka Fujita က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက Video Message ဖြင့် ပြောကြားရာတွင် မကြာသေးမီက ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ၂၀၂၁ ခုနှစ်တွင် စီးပွားရေးပြန်လည်ထူထောင်ရေး အလားအလာများ၊ ဖြစ်နိုင်ခြေရှိသော ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အလမ်းများ၊ လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံ၏ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP)ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အရေးပါသည့် စက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့တွင် ဂျပန်နိုင်ငံ၏ ပူးပေါင်းပါဝင်မှုကဏ္ဍ အရေးကြီးမှုကို နိုင်ငံတော်အစိုးရအနေဖြင့် အသိအမှတ်ပြုကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်မည့် ဂျပန်နိုင်ငံ၏ ကတိကဝတ်များနှင့် မြန်မာနိုင်ငံအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် မွန်ပြည်နယ်အထူးစီးပွားရေးဇုန်အသစ် ထူထောင်ရေးကိစ္စရပ်တွင် ပါဝင်ဆောင်ရွက်မည့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုပါကြောင်း ပြောကြားသည်။

**ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းဖြစ်**

ယင်းနောက် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် အလားအလာကောင်းများရှိနေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အတွက် စိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ Chief Representative ဖြစ်သူ Mr. Noriji Sakakura က "JICA's Current and Future Programs in Myanmar" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ငွေကြေးထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များ၊ ချေးငွေအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမေးအဖြေကဏ္ဍကို ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

Webinar ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အာဆီယံ-ဂျပန်စင်တာ၊ တိုကျိုမြို့ရှိ မြန်မာသံရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအသီးသီးတို့မှ တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၈၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနရှိ အရာထမ်းများ၏ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် အရာထမ်းများအား အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။





**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင်တန်းနည်းပြများ၊ ဝန်ကြီးဌာနမှ သင်တန်းနည်းပြများ၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်သည့် သင်တန်းသည် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များ၏ ဆိုလိုချက်များကိုသိရှိရန်၊ ပြင်ဆင်သည့်ဥပဒေတွင် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုနှင့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုအဖြစ်ခွဲခြားသတ်မှတ်ထားခြင်းကြောင့် အငြင်းပွားမှုများအား ရှင်းရှင်းလင်းလင်းကွဲကွဲပြားပြားသိရှိစေရန်၊ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်မှုရှိစေရန်နှင့် ဆက်စပ်ဌာနများ၏ စည်းကြပ်ဆောင်ရွက်နေသော ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်မှုရှိစေရန်နှင့် ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်စေရန် TOT စနစ်ဖြင့် စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်ရှင်၊ အလုပ်သမားများသို့ထပ်ဆင့် အသိပညာပေးဆွေးနွေးစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်သည့် သင်တန်းကို ရက်သတ္တပါတ်အတွင်း Online ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး အလုပ်သမားဥပဒေများ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် နည်းဥပဒေများတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်သည့် သင်တန်းများပြုလုပ်ခြင်းဖြင့် မြေပြင်တွင် လက်တွေ့ဆောင်ရွက်နေသော တာဝန်ခံအရာရှိများသည် အငြင်းပွားမှုအား လက်တွေ့အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်ရာတွင် နားလည်မှုလွဲမှားသည့် ဖြစ်စဉ်များ ကင်းဝေးစေမည်ဖြစ်သည့်အပြင် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အသိပညာပေးသင်တန်းများ ပြုလုပ်ခြင်းဖြင့် အလုပ်ရှင်နှင့်အလုပ်သမားအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း ပဋိပက္ခဖြစ်ပွားမှုများ လျော့နည်း၍ ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများကို ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း။

**ကိုယ်ပိုင်အရည်အသွေးများရှိအောင် နေထိုင်ကျင့်ကြံ**

အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အထက်အဆင့်ဆင့်သို့ တက်ရောက်မှု နည်းပါးစေရေးနှင့် အောက်ခြေအဆင့်တွင် အမှုများပြီးပြတ်မှုရှိစေရေးအတွက် မြို့နယ်အဆင့် ညှိနှိုင်းဖျန်ဖြေရာတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ လိုလားချက်များအပေါ် အတတ်နိုင်ဆုံး ဖျန်ဖြေညှိနှိုင်းခြင်းဖြင့်လည်းကောင်း၊ WCC တွင် ဆွေးနွေးညှိနှိုင်းမှု ပိုမိုလုပ်ဆောင်ခြင်းနှင့် WCC တိုးမြှင့်ဖွဲ့စည်းနိုင်ရေး အလေးထားတွန်းအားပေး ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မြို့နယ်အဆင့်တွင် အမှုတွဲလွှဲပြောင်းသည့်ကိစ္စရပ်များ မဖြစ်ပေါ်စေရေး လိုအပ်ပါက သက်ဆိုင်ရာဌာနများမှ ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ရန်နှင့် အလုပ်သမားများအနေဖြင့် အလုပ်ရှင်၏ စီမံခန့်ခွဲမှုအရ လုပ်ဆောင်ပေးရမည့်အချက်များကို တောင်းဆိုသည့် ကိစ္စရပ်များဖြစ်ပါက ပြေငြိမ်းမှုရရှိစေရန်အတွက် WCC တွင် ညှိနှိုင်းစေပြီး ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံ အရာရှိများက ပေါင်းစပ်ဖြေရှင်းပေးရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အရာထမ်းများအနေဖြင့် မိမိစည်းကြပ်သော နယ်မြေများမှ အငြင်းပွားမှုများဖြေရှင်းရာတွင် လုပ်ငန်းခွင်အဆင့်နှင့်မြို့နယ်အဆင့်၌ အောင်မြင်မှုရရှိစေရန် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့အရာထမ်းများအနေဖြင့် တာဝန်သိမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာရှိမှု၊ စွမ်းဆောင်ရည်ရှိမှု၊ ခိုင်မာကောင်းမွန်သည့် စည်းမျဉ်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တတ်မှုနှင့် ကိုယ်ပိုင်အရည်အသွေးများရှိအောင် နေထိုင်ကျင့်ကြံဆောင်ရွက်ပြီး နိုင်ငံတော်၏ အကျိုးကို ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် နိုင်ငံသားများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ မျက်နှာဖုံးပါ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လိုင်လင်းပီလေယာဉ်ကွင်းငယ် တည်ဆောက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသတင်း၌ **"ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မတူပီမြို့နယ်၊ လိုင်လင်းပီမြို့** (အစား) **ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်၊ လိုင်လင်းပီမြို့"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်းအဖွဲ့**

## မောက်မယ်မြို့နှင့် မိုင်းပန်မြို့နယ်များ၌ ငါးမွေးကန်စာရင်းများ ကောက်ယူ

**မိုင်းပန် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် လင်းခေးခရိုင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သက်ဆုရည်ဝင်းနှင့် ဝန်ထမ်းများသည် ယမန်နေ့က မောက်မယ်မြို့နယ်နှင့် မိုင်းပန်မြို့နယ်အတွင်းရှိ မြေပြင်တွင် အမှန်တကယ် ငါးမွေးမြူခြင်းမရှိတော့သည့် ငါးမွေးကန်များကို စာရင်းမှ ပယ်ဖျက်တင်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများဖြစ်သော မြေစာရင်း ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ ကွင်းဆင်းသွားရောက်ခဲ့ပြီး ငါးမွေးကန်များ စာရင်းဇယားများ မှန်ကန်စေရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ပြုစုရေး ကျောင်းသားသမဂ္ဂများ၊ ကျောင်းသား ကျောင်းသူများနှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ပြုစုရေးအတွက် ကျောင်းသားသမဂ္ဂများ၊ ကျောင်းသား ကျောင်းသူများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းသားသမဂ္ဂများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ကျောင်းသား ကျောင်းသူများ၊ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။

**သင်ယူမှု အခွင့်အလမ်းရရှိအောင် အားပေးမြှင့်တင်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ပြုစုရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတွင် ယဉ်ကျေးမှုများသည် ခေတ်စနစ်အခြေအနေများနှင့်အညီ လိုက်လျောညီထွေစွာ ပြောင်းလဲနေပါကြောင်း၊ လူသားကောင်း ယဉ်ကျေးမှု(Global Citizenship Culture) သည် အရေးကြီးသလို သင်ယူခြင်းယဉ်ကျေးမှု (Learning Culture) သည်လည်း အလွန်အရေးကြီးပါကြောင်း၊ လူတိုင်း အခြေခံစာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်မည်ဆိုပါက တစ်သက်တာလုံး သင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ သို့သော် နှစ်ပေါင်းများစွာ ပညာရေးအားနည်းခဲ့ပါသဖြင့် အရည်အသွေးရှိသော ပညာရေးကို ဦးတည်၍ မည်သည့်ခွဲခြားမှုမျှမရှိဘဲ သင်ယူမှု အခွင့်အလမ်းရရှိအောင် အားပေးမြှင့်တင် ဆောင်ရွက်ပေးနေပါကြောင်း၊ ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ တစ်သက်တာသင်ယူသူများ အားလုံးတို့၏ သင်ယူတတ်မြောက်မှု အရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် ဆွေးနွေးသည့် ယဉ်ကျေးမှု (Discussion Culture)၊ ပူးပေါင်းဆောင်ရွက်သည့် ယဉ်ကျေးမှုများ (Cooperation and Collaboration Culture) တို့ကို ပိုမိုမြှင့်တင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် အရေးကြီးသည့် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းနှင့်စပ်လျဉ်း၍ ကျောင်းသားသမဂ္ဂများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ကျောင်းသား ကျောင်းသူများ၊ ကိုယ်စားလှယ်များအားလုံး ပူးပေါင်းဆောင်ရွက်ပေးနေသည်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အလွန်ကျေးဇူးတင် ဝမ်းမြောက်မှတ်တမ်းတင်ပါကြောင်း၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD – Organisation for Economic Cooperation and Development) ၏ Future of Education and Skills 2030, OECD Learning Compass 2030 အစီရင်ခံစာ၊ စာမျက်နှာ ၁၂ တွင် ၁၉ ရာစု၊ ၂၀ ရာစုနှင့် ယနေ့ ၂၁ ရာစု မျှော်မှန်းချက်တို့အတွက် လူ့အဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းများနှင့် ပညာရေး ပြုပြင်ပြောင်းလဲဆောင်ရွက်မှု အခြေအနေများ ဖော်ပြချက်တို့ကို ကြည့်ပါကလည်း ယခုကဲ့သို့ တွေ့ရှိရမည်ဖြစ်ပါကြောင်း။

၁၉ ရာစုတွင် ကမ္ဘာပေါ်၌ ပြည်တွင်းစစ်၊ လူမျိုးရေးအသားအရောင်ခွဲခြားမှု၊ ကိုလိုနီစနစ်၊ နယ်ချဲ့ဝါဒတို့ အင်အားကောင်းခြင်း၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတွင် လျှပ်စစ်၊ တယ်လီဖုန်းတို့ တီထွင်ဖန်တီးခြင်း၊ စက်မှုလုပ်ငန်းတွင် ရေနံချက်စက်ရုံ၊ အဝတ်အထည်စက်ရုံ၊ ထုတ်ကုန်များများမှ အမြတ်များများရရန်၊ လူသားများသည်လည်း ဝင်ငွေများလာ၍ လူနေမှုဘဝပုံစံမြှင့်တင်လာနိုင်ခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှာလည်း လူစုလူဝေးဖြင့် စက်ရုံ အလုပ်ရုံများတွင် လုပ်ကိုင်ခြင်း၊ ပညာရေးမှာလည်း အစိုးရ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများသာ ဖွင့်လှစ်ခြင်း၊ သင်ရိုးညွှန်းတမ်းမှာလည်း လုပ်သားဈေးကွက်နှင့် အလုပ်ရရှိရေးကိုသာ ဦးတည်သည့် အပြောင်းအလဲမရှိသော စံသတ်မှတ်ချက်ဖြင့် ဘာသာစကားနှင့် သင်္ချာတို့ကို အဓိက သင်ကြားခြင်းတို့ကို တွေ့ရှိရပါကြောင်း။

၂၀ ရာစုတွင် ကမ္ဘာပေါ်၌ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်များဖြစ်ပွားခြင်း၊ နိုင်ငံအများစု လွတ်လပ်ရေးရရှိခြင်း၊ စစ်အေးကာလ ကျော်ဖြတ်ရခြင်း၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတွင် အင်တာနက် အသုံးပြုနိုင်ခြင်း၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ကွန်ပျူတာ၊ အီလက်ထရောနစ်၊ ဘဏ္ဍာရေးတွင် Automation Technology တို့ကို အသုံးပြုလာခြင်း၊ Corporate Social Responsibility (CSR) ဆောင်ရွက်လာခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန် လိုအပ်လာခြင်း၊ လူသားများသည်လည်း Globalisation၊ လူဦးရေတိုးနှုန်း အဆမတန် မြင့်မားလာခြင်း၊ သတင်းရရှိနိုင်မှု တိုးတက်များပြားလာခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှာလည်း တာဝန်ယူ တာဝန်ခံ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လာခြင်း၊ ပညာရေးမှာလည်း အစိုးရ၊ ပုဂ္ဂလိက/ကိုယ်ပိုင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်၍ ပြိုင်ဆိုင်မှုပြင်းထန်လာခြင်း၊ သင်ရိုးညွှန်းတမ်းတွင် အပြောင်းအလဲမရှိသော စံသတ်မှတ်ချက် ဖြစ်သော်လည်း ကာယပညာ၊ အခြားနယ်ပယ်တို့တိုးချဲ့၍ လွတ်လပ်သည့် သင်ယူမှုအခွင့်အလမ်း ရှိလာခြင်းတို့ကို တွေ့ရှိရပါကြောင်း။

**စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံမှုဆောင်ရွက်**

၂၁ ရာစုတွင် နိုင်ငံများအကြား အပြန်အလှန်မှီခိုမှု၊ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ အမျိုးသားရေးဝါဒများ၊ post-truth (fake news)တို့၏ စိန်ခေါ်မှုများရှိလာခြင်း၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတွင် ဆိုက်ဘာနည်းပညာ, Artificial Intelligence, 3-D printing, Robotics၊ ဆိုရှယ်မီဒီယာ, Internet of things, Big data, Digitalization များ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ် စီးပွားရေး၊ လူမှုရေးဆိုင်ရာ စွန့်ဦးတီထွင်မှုများ ရှိလာပြီး စားသုံးသူများကလည်း ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများဆောင်ရွက်လာခြင်း၊ တန်ဖိုးထားမှုများ စိတ်ခံစားမှုများ အဓိကကျလာခြင်း၊ CSR မှ Creating Shared Value (CSV) အလေးထားဆောင်ရွက်လာ၍ SDGs က ပို၍အဓိကကျသော အခန်းကဏ္ဍဖြစ်လာခြင်း၊ လူသားများသည်လည်း သဘာဝနှင့်လူသား အတူယှဉ်တွဲ၍ အရေးပါလာခြင်း၊ Sustainable Development, Green Growth တို့လည်း အရေးပါလာခြင်း၊ သဘာဝသည်လည်း Human Capital, Cultural Capital နှင့် Social Capital တို့ကဲ့သို့ အရေးပါလာခြင်း၊ ရွှေ့ပြောင်းနေထိုင်မှု၊ မြို့ပြ၊ လူ့သက်တမ်း ရှည်ကြာမှုတို့ အရှိန်အဟုန် မြင့်မားလာခြင်း၊ မွေးဖွားနှုန်း လျော့နည်းလာခြင်း၊ မညီမျှမှုမြင့်မားလာခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှာလည်း အသင်းအဖွဲ့ စိတ်ဓာတ်ရှိမှု၊ တစ်သားတည်းရှိမှု၊ လိုက်လျောညီထွေ ပြင်ပြောင်းလွယ်မှု၊ ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံဆောင်ရွက်ခြင်း၊ ကျောင်းများ အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ကျောင်းနှင့်လူမှုအဖွဲ့အစည်းများလည်း အဆင့်လိုက် ပူးပေါင်းဆောင်ရွက်ခြင်း၊ သင်ရိုးညွှန်းတမ်းမှာလည်း အပြန်အလှန်မှီခိုမှုအတွက် ပြင်ဆင်မှု အားကောင်းလာခြင်း၊ လူသားကောင်းအတွက် ပညာရေး နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် သင်ယူခြင်း၊ နောက်ခံအခြေအနေနှင့် မျှော်မှန်းချက်မတူသူများအတွက် စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံ၍ ဆုံးဖြတ်ပြီး တစ်သက်တာ ဒစ်ဂျစ်တယ် သင်ယူမှုအခွင့်အလမ်း၊ တစ်သက်တာ ပေါင်းစပ် သင်ယူမှု အခွင့်အလမ်းများ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ဖြစ်ပါကြောင်း။

ထို့ကြောင့် New Normal သည် ဂေဟာစနစ်၏ အစိတ်အပိုင်း ဖြစ်လာသလို သက်ဆိုင်သူများအားလုံး၏ ပူးပေါင်းပါဝင်သည့် စုပေါင်းအင်အားဖြင့်သာ တာဝန်ယူ တာဝန်ခံ ဆုံးဖြတ် အကောင်အထည်ဖော်ရန်နှင့် ကျောင်းသားများ၊ ဆရာများ၊ ဝန်ထမ်းများကလည်း ဆန္ဒပြင်းပြစွာ တည်တည်ငြိမ်ငြိမ် ကြိုးကြိုးစားစား နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် သင်ယူရန် အရေးကြီးပါကြောင်း၊ ကျန်းမာလုံခြုံသော သင်ယူမှုဝန်းကျင်ကောင်းနှင့် ကျောင်းသားများ၏ အနာဂတ်သုခချမ်းသာတို့ကို တန်ဖိုးထားသကဲ့သို့ ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များကိုလည်း တန်ဖိုးထားရန် အရေးကြီးပါကြောင်း၊ ကျောင်းသားများကလည်း နောက်ခံအခြေအနေ မတူကွဲပြားခြားနားခြင်းနှင့် ပေါင်းစပ်သင်ယူမှုနယ်ပယ်အခြေအနေများ မတူကွဲပြားခြင်းတို့ကိုလည်း အသိအမှတ်ပြုရန် လိုအပ်ပါကြောင်း၊ ကွဲပြားခြားနားသော ရည်ရွယ်ချက်များအတွက် ပေါင်းစပ်သင်ယူမှုကလည်း တစ်သမတ်တည်း မဟုတ်သကဲ့သို့ မတူညီသော အကဲဖြတ်ခြင်း နည်းလမ်းအမျိုးမျိုးတို့ကို အသုံးပြုရန်လည်း အရေးပါလာပါကြောင်း၊ ကျောင်းများအားလုံးကိုလည်း အရည်အသွေးအာမခံမှုအတွက်တာဝန်ယူမှုရှိစေရေး၊ လေ့လာ ဆန်းစစ်အကဲဖြတ်ရန် မဟုတ်ဘဲ အရည်အသွေးရှိသည့် ပညာရေးစနစ်ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်မှုတွင်လည်း အကြံပြုဝေဖန်ချက်များကို အားပေးရမည်ဖြစ်ပါကြောင်း။

**ဘဏ္ဍာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ပေး**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)အရ ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမျှ မရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစ်စေရေး၊ ကျောင်းထွက်သူမရှိရေး၊ သင်ယူမှုမဆုံးရှုံးစေရေးဟူသော မူဝါဒများအပေါ် အခြေခံကာ ကျောင်းသားများ၊ တစ်သက်တာသင်ယူသူများ အားလုံးတို့ကို ကမ္ဘာ့လူသားကောင်း ဖြစ်လာစေရေး၊ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဆန်းသစ်တီထွင်မှုနှင့်ဖန်တီးမှုစသည့် မျှော်မှန်းရလဒ်များရရှိစေရန် ဦးတည် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းကို အားပေးလျက် ဘဏ္ဍာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ သူငယ်တန်း+၁၂ တန်း အခြေခံပညာရေး သင်ရိုးသစ် ကျောင်းသုံးဖတ်စာအုပ်များ ပြုစုပြီး အခမဲ့ဖြန့်ဝေခဲ့ပါကြောင်း၊ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (Teacher Compentency Standard Framework – TCSF) အပေါ် အခြေခံ၍ ဆရာ ဆရာမများ ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်းများ ဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများ အားလုံးတို့ကို သင်ကြားသင်ယူမှု နည်းစနစ်သစ်များဖြင့် ဆောင်ရွက်နိုင်သည့် စွမ်းရည်များ မြှင့်တင်ပေးရန်နှင့် ဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေး ဝန်ထမ်းများအားလုံးတို့ကိုလည်း ကျွမ်းကျင်မှုဖြည့်ဆည်းခြင်း (Reskilling)၊ ကျွမ်းကျင်မှုမြှင့်တင်ခြင်း (Upskilling)၊ စဉ်ဆက်မပြတ် ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်မှု (Continuous Professional Development) အခွင့်အလမ်းများရရှိရန် သင်တန်းပေးခြင်း၊ စစ်ဆေးအကဲဖြတ်မှုပြောင်းလဲခြင်း၊ ပညာသင်စရိတ် ချီးမြှင့်ခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားဒေသများကို ဦးစားပေး၍ နည်းပညာနှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် မည်သည့် ပေးခြင်း/ယူခြင်း လုံးဝ ခွင့်မပြုပါကြောင်း၊ အုပ်စုဖွဲ့၍ ကြီးနိုင်ငယ်ညှဉ်း ဆောင်ရွက်ခြင်းနှင့် ဘက်လိုက်ခြင်းများကို လုံးဝခွင့်မပြုပါကြောင်း၊ လုပ်ငန်းအဖွဲ့အစည်းများအတွင်း အသင်းအဖွဲ့စိတ်ဓာတ်ရှိရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသော ဆန္ဒ၊ ဝီရိယ၊ တည်ငြိမ်မှုနှင့် ပညာဆိုသည်မှာ အင်မတန်အရေးကြီးပါကြောင်း၊ ရိုးသားမှု၊ ကြိုးစားမှု၊ တည်ငြိမ်မှု၊ တစ်သက်တာ သင်ယူလိုစိတ် ပြင်းပြသော ဆန္ဒရှိမှုတို့မှာ ပြုပြင်ပြောင်းလဲ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုအတွက် အခြေခံများဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားဦးရေ စုစုပေါင်း ၉ ဒသမ ၇၁၆ သန်းအထိ ရှိလာပါကြောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြီးမြောက်သူ ကျောင်းသားဦးရေ တိုးတက်လာပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ် အထက်တန်းကျောင်းသားဦးရေ စုစုပေါင်း တစ်သန်းကျော်ရှိလာပါကြောင်း၊ သင်ကြားသင်ယူမှုနည်းလမ်းနှင့် စစ်ဆေးအကဲဖြတ်မှုအပိုင်းတို့တွင်လည်း စဉ်းစားတွေးခေါ်မှု၊ ပြဿနာဖြေရှင်းနိုင်မှုတို့ကို အားပေးသော စစ်ဆေးအကဲဖြတ်ခြင်းများကို စတင်အသုံးပြုလာပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် သတ်မှတ်ချက် ခုနစ်ချက်ကို ပြည့်မီသဖြင့် အထက်တန်း သင်ယူပြီးမြောက်သည့် လက်မှတ်ရရှိသူ ဦးရေ ၅၆၆၂၇၄ ဦးရှိပါကြောင်း။

အရှေ့တောင်အာရှ မူလတန်းသင်ယူတတ်မြောက်မှု ဆန်းစစ်ချက် South-East Asia Primary Learning Matrix (SEA-PLM)၊ မူလတန်းအဆင့် စာဖတ်စွမ်းရည်နှင့် အရေးစွမ်းရည်အကဲဖြတ်မှု (Early Grade Reading and Writing Assessment – EGRWA)၊ မူလတန်းအဆင့် သင်္ချာစွမ်းရည် အကဲဖြတ်မှု (Early Grade Mathematics Assessment-EGMA) အစီရင်ခံစာများအရ မြန်မာနိုင်ငံ မူလတန်းကလေးငယ်များသည် စာဖတ်ခြင်း၊ ရေးသားခြင်းနှင့် သင်္ချာစွမ်းရည်များ အားကောင်းသည်ဟု တွေ့ရှိရပါကြောင်း၊ သို့သော်လည်း ကျောင်းသားလူငယ်များ ကမ္ဘာ့လူသားကောင်းဖြစ်မှု (Global Citizenship)၊ ကောင်းမွန်သော သဘောထားအမြင် (Positive Attitudes) နှင့် တန်ဖိုးထားမှုများ (Values) အားကောင်းရန် လိုအပ်နေပါကြောင်း၊ မိဘများက ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်လာစေရေး မိဘဆရာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ ၂၀၁၆ မှ ၂၀၂၀ အထိ နိုင်ငံတကာ သင်္ချာအိုလံပစ် (International Mathematical Olympiad) တွင် အထက်တန်း ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် Honorary Mention (၆)ခု ရရှိရန် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ အမျိုးသားပညာအရည်အချင်းမူဘောင် (National Qualification Framework – NQF) သတ်မှတ်ချက်အရ အခြေခံပညာ အထက်တန်း သင်ယူပြီးမြောက်ကြောင်း လက်မှတ်ရရှိသူများအနေဖြင့် Level 4 အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် Level 5 အသက်မွေးဝမ်းကျောင်း Diploma နှင့် Advanced Diploma သင်တန်းများအပြင် Open University တို့ကို အဆင့်ဆင့် တက်ရောက်နိုင်မည်ဖြစ်သည့်အတွက်တစ်သက်တာသင်ယူမှု (Life – long Learning) အခွင့်အလမ်းများကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

အရည်အသွေးရှိသော ပညာရေးအတွက် ဆရာများ၊ ဝန်ထမ်းများအားလုံးတို့၏ အင်္ဂလိပ်စာစွမ်းရည်၊ အိုင်စီတီနည်းပညာစွမ်းရည်များသည် အခြေခံကျ၍ အရေးပါသလို ပညာရပ်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရန်နှင့် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကို ကိုယ်ချင်းစာစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်မှုတို့ မြှင့်တင်ရန်ကလည်း အရေးကြီးပါကြောင်း၊ တိုင်းရင်းသားဒေသများ၏ လိုအပ်ချက်များကို ဦးစားပေး၍ ထောက်ပံ့သွားရန်လည်း လိုအပ်သကဲ့သို့ အခြားဒေသများ၏ လိုအပ်ချက်နှင့် ဦးစားပေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ပွင့်လင်းမြင်သာ အကျိုးရှိရေး ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း၊ လိုအပ်ချက်များကို ဦးစားပေး အစီအစဉ်ဖြင့် ဘဏ္ဍာရေးဆိုင်ရာနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်သူ့ဘဏ္ဍာငွေ အကျိုးရှိ ထိရောက်စွာ ထောက်ပံ့သွားရန် အရေးကြီးပါကြောင်း၊ အမျိုးသားပညာအရည်အချင်း အညွှန်းဘောင် (National Qualification Framework – NQF)၊ ခရက်ဒစ် လွှဲပြောင်းမှု စနစ်(Credit Transfer System – CTS)၊ အရည်အသွေးအာမခံမှု (Quality Assurance – QA)၊ အရည်အသွေး အသိအမှတ်ပြုမှု (Accreditation) တို့ကို မူဝါဒလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်သွားကြရန်လည်း အရေးကြီးပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် တိုင်းရင်းသားဒေသများကို ဦးစားပေး၍ တစ်သက်တာ ပေါင်းစပ်သင်ယူမှု (Life-long Blended Learning) အခွင့်အလမ်းများ ဖြည့်ဆည်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ တက္ကသိုလ်၊ သိပ္ပံနှင့် ကျောင်းများတွင် မှတ်ပုံတင်ခြင်း၊ ငွေသွင်းခြင်း၊ အောင်လက်မှတ်ထုတ်ခြင်းတို့အတွက် ဒီဂျစ်တယ်/ အွန်လိုင်းစနစ်နှင့် ဒစ်ဂျစ်တယ်ဘဏ်စနစ်တို့ကို စနစ်တကျ အားပေးဖြည့်ဆည်းရန်လိုအပ်ပါကြောင်း။

**စာမျက်နှာ ၅ သို့ ❍**

## စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီး

ပြည်ထောင်စုဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးလို့ အဓိပ္ပာယ်ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခုဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်၏ (၁၅-၁-၂၀၂၀) ရက်နေ့တွင်
ကယားပြည်နယ်နေ့အခမ်းအနားသို့ ပြောကြားသည့်
နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)



မြန်မာ့ရိုးရာ ဦးရှေ့ရိုး ဒေါ်မိုးအက။

ဓာတ်ပုံ - ဇော်မောင်မောင်ဦး(စန္ဒကူး)

# ခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၀) ကြိမ်မြောက်အစည်းအဝေး ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနနီလာအစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်လတ်၊ ကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်များက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) နှင့် လူဇင်ဘတ်အစိုးရ၏ Aid & Development Agency ဖြစ်သည့် Lux Dev တို့နှင့် ပူးပေါင်းရေးဆွဲထားသည့် ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ရေးလမ်းပြမြေပုံ (MTSRR) ကို ခရီးသွားအဖွဲ့အစည်းများ၏ အကြံပြုချက်များကို ဖြည့်စွက်ကာ ယခုအစည်းအဝေးတွင် တရားဝင်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ရေး လမ်းပြမြေပုံ (MTSRR) တွင် မြန်မာ့ခရီးသွား နှစ်နှစ် သုံးနှစ်အတွင်း ပြန်ရှင်သန်လာရန် Immediate၊ Medium Term နှင့် Long Term ဆောင်ရွက်ရမည့် မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များ ထည့်သွင်းရေးဆွဲထားပြီး MTSRR ကိုအခြေပြု၍ မိမိဒေသအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Regional Master Plan များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်လက်ရေးဆွဲ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။



ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ UNWTO၊ WTTC စသည့် နိုင်ငံတကာခရီးသွားအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များနှင့်အညီ Enchanting Myanmar Health and Safety Protocol (HSP) ကို Regional၊ National၊ International ဆိုသည့် အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Regional အဆင့်က ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများက ပူးပေါင်းစစ်ဆေးပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုပေးနေပါကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်သည့်အချိန်တွင် ထုတ်ပြန်ထားသော Guidelines များနှင့် ကိုက်ညီမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများမှ ပူးပေါင်းစိစစ်၍ မြန်မာနိုင်ငံကို Safe to Travel Destination တစ်ခုအဖြစ် နိုင်ငံတကာခရီးသွားများက သိမြင်လက်ခံလာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်း ပြေးဆွဲမှုများကို ဒီဇင်ဘာ ၁၆ ရက်မှစ၍ ပြန်လည်စတင်ခဲ့ပြီး Enchanting Myanmar Health and Safety Protocol (HSP) ကိုလိုက်နာ၍ ခရီးသွားများ၏ ယုံကြည်မှုများ ပြန်လည်ရရှိပြီး Non Landing Sight Seeing Flight နှင့် River Cruise များကို ဒီဇင်ဘာ ၂၀ ရက်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ၏ နောင်ခရီးစဉ်များတွင်လည်း ခရီးသည် Booking တွေရရှိနေပြီဟု သိရှိရသည့်အတွက် Enchanting Myanmar Health and Safety Protocol (HSP) ကို တိတိကျကျ လိုက်နာကြရန် တိုက်တွန်းကြောင်း။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံသည့် ခရီးသွားလုပ်ငန်း ဖြစ်လာစေရေး ဆောင်ရွက်ရာတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များကို အားကိုးအားထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူဖြစ်စေနိုင်သောကြောင့် ဒေသန္တရအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ပြီး ကိုဗစ်-၁၉ ကာလအလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအားဆွေးနွေးတင်ပြပြီး အွန်လိုင်းမှ တက်ရောက်လာကြသည့် ခရီးသွားလုပ်ငန်းကော်မတီဝင်၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်များက ကိုဗစ်-၁၉ အလွန်တွင် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်နိုင်ရေး၊ ခရီးသွားများ ဘေးကင်းလုံခြုံရေး၊ ဘဏ္ဍာငွေရရှိရေး၊ အခွန်အခလျှော့ချပေးရေးနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်လတ်က ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားမည့် အစီအစဉ်နှင့် ခရီးသွားလုပ်ငန်းကော်မတီဝင်၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်များမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ စာမျက်နှာ ၄ မှ

နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ကာလတိုသင်တန်း၊ ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်ရိုးညွှန်းတမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ပေါင်းစပ်သင်ယူမှု အားပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် မဟာစီမံကိန်း (Master Plan) နှင့် တက္ကသိုလ်ပဋိညာဉ်စာတမ်း (University Charter) နှင့်အညီ တက္ကသိုလ်များလွတ်လပ်စွာစီမံခန့်ခွဲမှု (University Autonomy) ကို အားပေးရမည်ဖြစ်သကဲ့သို့ တက္ကသိုလ်ကောင်စီ (University Council)၊ တက္ကသိုလ်ပညာရေးအဖွဲ့ (Senate)၊ တက္ကသိုလ်စီမံခန့်ခွဲမှုအဖွဲ့ (Administrative Board) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သုတေသန (Research)၊ သင်ရိုးညွှန်းတမ်း (Curriculum)၊ သင်ကြားသင်ယူမှု (Teaching-Learning)၊ သီအိုရီ (Theory)၊ လက်တွေ့ (Practical) တို့ကို ပေါင်းစပ်ကာ လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်စွမ်းရှိလာစေရန် ဆောင်ရွက်ပေးနိုင်မှသာ အလုပ်အကိုင်ရရှိရေး (Employability) ကို ဦးတည်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မူဝါဒလမ်းညွှန် စံသတ်မှတ်ချက်များနှင့်အညီ ဒေသလိုအပ်ချက်နှင့် ပြည်ထောင်စု၏ လူမှုစီးပွားဖွံ့ဖြိုးရေး၊ လုပ်သားဈေးကွက် လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်မည့် ဒီပလိုမာသင်တန်းများ၊ ရိုးရိုးဘွဲ့သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ပံ့ပိုးဖြည့်ဆည်းခြင်း၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ နည်းပညာအသုံးပြုသင်ယူမှု (High-Tech Learning) နှင့် စာသင်ခန်းတွင်း လက်တွေ့သင်ယူမှု (High-Touch Learning) တို့ကို ပေါင်းစပ်ထားသည့် ပေါင်းစပ်သင်ယူမှု (Blended Learning) တို့ကို လက်တွေ့ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဝန်ထမ်း၊ ကျောင်းသားများနှင့် ပူးပေါင်း၍ တက္ကသိုလ်ဖွံ့ဖြိုးရေးနှင့် အရည်အသွေးမြင့်မားရေး အားပေးဆောင်ရွက်ခြင်း၊ ကျောင်းသားဟောင်းများ၊ ကုန်သည်များ၊ စက်မှုလက်မှုနှင့် စီးပွားရေး လုပ်ငန်းရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာဗဟုသုတ (Knowledge)၊ ကျွမ်းကျင်မှု (Skills)၊ သဘောထားအမြင် (Attitudes)၊ တန်ဖိုးထားမှု (Values) တို့ကဲ့သို့သော ၂၁ ရာစု ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ မြှင့်တင်သွားရန်အတွက် အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (Sustainable Development Goals - SDG) ၏ အညွှန်းကိန်းများ ပြည့်မီရန်လည်း အခြေခံပညာအထက်တန်းအဆင့်ကို လူတိုင်းသင်ယူပြီးမြောက်ရေးကို ဦးတည်ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျိုးရှိသည့် ဘာသာရပ်များကို တစ်သက်တာ ပေါင်းစပ်သင်ယူမှုအခွင့်အလမ်းရရှိရေးအတွက် စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်း၊ ဆွေးနွေး၊ အကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်ထဲက တက္ကသိုလ်

မခင်လေး

ရန်ကုန်တက္ကသိုလ်ကြီး တည်ထောင်ခဲ့သည်မှာ နှစ် (၁၀၀) ပြည့်ခဲ့ပြီဖြစ်ရာ ယခုအခါ (၁၀၁) နှစ်အတွင်းသို့ ဝင်ရောက်ခဲ့ပါပြီ။ ငယ်စဉ်က နံနက်ချိန်ခါတေးသံသာ လာတိုင်း ကြားရတတ်သော ကိုမင်းနောင်၏ "တက္ကသိုလ်ကျောင်းသူတစ်ဦး"သည် နားထဲတွင် စွဲနစ်နေ၏။ အောင်မင်းခေါင်ဘုရားလမ်းနေအိမ်မှ ၅ မိုင်ခွဲ မာတင်ရိပ်သာရှိ ဦးလေးအိမ်သို့သွားတိုင်း အင်းလျားလမ်းကို ဖြတ်ရလေ့ရှိရာ သစ်ပင်တွေ အုပ်ဆိုင်းနေသော ရန်ကုန်တက္ကသိုလ်ဝင်းကြီးထဲမှ ဘွဲ့နှင်းသဘင်ခန်းမကြီးကို မြင်တွေ့ရလေ့ရှိပါသည်။ "သမီး တစ်နေ့တက်ရမယ့် ကျောင်းကြီးပဲ"ဟု အဖေက လက်ညှိုးညွှန်ပြ၏။ ကြီးမားခံ့ထည်သော အဆောက်အအုံကြီးက ကျွန်မကို ရင်ခုန်စေခဲ့ပါသည်။

ဆယ်တန်းနှစ်တွင် တောင်ကြီးမြို့သို့ မိဘများ ပြောင်းရွှေ့ခဲ့ရသည်။ ၁၉၇၈ ခုနှစ်တွင် ဆယ်တန်းအောင်ပြီး ဒေသကောလိပ် နှစ်နှစ်တက်ကာ ၁၉၈၀-၈၁ စာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။ တကယ်တော့ တောင်ကြီးဒေသကောလိပ်မှ မေဂျာလိုင်းရ၍ တတိယနှစ် ဆက်တက်လျှင် မန္တလေးတက္ကသိုလ်သို့သာ တက်ရောက်ရမည် ဖြစ်သည်။ သို့သော် ကျွန်မသည် ဆရာဇဝန၏ ကောလိပ်ကျောင်းသား၊ ဆရာသိန်းဖေမြင့်၏ အရှေ့က နေဝန်းထွက်သည့်ပမာ၊ သပိတ်မှောက်ကျောင်းသား၊ တက္ကသိုလ်ဘုန်းနိုင်၏ ညီမလေးရယ် စိုးရိမ်မိတယ်၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ ဒေါ်ခင်ဆွေဦး၏ နှင်းဆီကမွေး၊ ဆရာငြိမ်းကျော်၏ ပဋ္ဌမမြောက် ဆောင်းရက်များ၊ မောင်ဝဏ္ဏ၏ ပန်းတွေနဲ့ဝေ၊ အောင်ပြည့်၏ ပြုံမှာလေလား မိုးရဲ့၊ နေရစ်တော့ မြသီလာစသည့် ရန်ကုန်တက္ကသိုလ်သမိုင်း နောက်ခံ ဝတ္ထုများ၊ စာကဗျာများ ဖတ်ရှုပြီး ရန်ကုန်တက္ကသိုလ်သို့ ကျောင်းတက်လိုစိတ်က ကြီးမားနေခဲ့ပါသည်။ သူငယ်ချင်းတချို့ပင် ဒုတိယနှစ်အောင်၍ ဆေး၊ စက်မှု၊ အီကိုတို့မဝင်လျှင် ရန်ကုန်သွားမတက်ရမည်စိုး၍ ဒုတိယနှစ်ကတည်းက ရန်ကုန်ဒေသကောလိပ်များသို့ ပြောင်းရွှေ့သွားကြသည်။ ကျွန်မလည်း တတိယနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့တက်ရောက်ရန် ကြိုးစားခဲ့ပြီး တက်ခွင့်ရခဲ့ပါသည်။

### လှမ်းမျှော်ကြည့်မိ

ဂျပ်ဆင်ဝင်ပေါက်မှဝင်ပြီး တက္ကသိုလ်မြေကို ခြေချလိုက်ရသည်နှင့် ကားပေါ်မှ အဖေညွှန်ပြခဲ့သော ကျောင်းကြီးကို "ငါတကယ်တက်ရပြီ" ဆိုသော အတွေးကြောင့် ရင်ထဲတွင် သိမ့်ခနဲလှိုက်ခါခဲ့ရသည်။ သီရိဆောင်ရှေ့က ရေတမာပင်တန်းများကို ဖြတ်လျှောက်ရင်း မောင်ဝဏ္ဏ၏ "ပန်းတွေနဲ့ဝေ" ထဲမှ အောင်လတ်နှင့် ဝေကို မြင်ယောင်လာသည်။ ဆရာအောင်ပြည့်၏ "ဂိုရမ်း" ဆိုသော အချစ်တမန်တော်ကိုလည်း သီရိဆောင်၏ ဂိတ်ဝမှာများ ရှိလေမလား။ ပါလာအဝမှာ ရပ်နေလေသလား လှမ်းမျှော်ကြည့်မိပါသည်။

တကယ်တော့ ရန်ကုန်တက္ကသိုလ်သည် ကျွန်မ၏ နှလုံးသည်းပွတ်ထဲတွင် အမြစ်တွယ်စွာ ခိုဝင်ခဲ့သည်မှာ ငယ်ဘဝသက်တမ်းတစ်လျှောက်မှ ယနေ့တိုင် ဖြစ်ပါသည်။ ဗိသုကာလက်ရာမြောက်သော အဆောက်အအုံကြီးများက ဖမ်းစားသည်။ ကြီးမားအုပ်ဆိုင်းသော သစ်ပင်ကြီးများက ထိုအဆောက်အအုံကြီးများ၏ ရုပ်ကြွအလှကို ဖြည့်ဆည်းထားပြန်သည်။ ခံ့ညားခြင်းနှင့် မော်ဆန်ခြင်းတို့သည် တစ်ပြိုင်နက်တည်း ပေါင်းစပ်၍ နေသည်။ ဝင့်ကြွားသော ဂုဏ်သတ္တိကိုပေးသလို လွမ်းမောစရာ အငွေ့အသက်များကိုလည်း ခံစားရသည်။


ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်။

သက်မဲ့ရုပ်ဒြပ်တို့တွင် သက်ရှိတို့၏ စွမ်းဆောင်ချက်များ၊ ဂုဏ်ဒြပ်များ၊ ဝိညာဉ်များ ထင်ဟပ်လိုက်သော အခါ ထိုရုပ်ဒြပ် အဆောက်အအုံတို့သည် "သမိုင်းတန်ဖိုး" ကြီးမားသွားလေသည်။

### သမိုင်းအစဉ်အလာ ကြီးမား

အမျိုးသားရေးစိတ်ဓာတ် နိုးကြားရှင်သန်ခြင်း၊ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းလှုပ်ရှားမှုများ၊ အာဏာရှင်စနစ် ဆန့်ကျင်ရေးစသည်တို့မှသည် ဒီမိုကရေစီရေးတိုက်ပွဲများအထိ တိုင်းပြည်၏ကံကြမ္မာကို ပြောင်းလဲသွားစေခဲ့သော ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းအစဉ်အလာက ကြီးမားသည်။ မည်သည့်အရာကမျှ ဖျောက်ဖျက်၍ မရ။ ထို့ကြောင့်ပင် ရန်ကုန်တက္ကသိုလ် ဆိုသည်နှင့် တန်ဖိုးထားစရာ၊ တမ်းတလွမ်းမောစရာများက ကပ်ပါလာကြသည်။

ဂျပ်ဆင်ဝင်ပေါက်မှဝင်ပြီး တက္ကသိုလ်မြေကို ခြေချလိုက်ရသည်နှင့် ကားပေါ်မှ အဖေညွှန်ပြခဲ့သော ကျောင်းကြီးကို "ငါတကယ်တက်ရပြီ" ဆိုသောအတွေးကြောင့် ရင်ထဲတွင် သိမ့်ခနဲလှိုက်ခါခဲ့ရသည်။ သီရိဆောင်ရှေ့က ရေတမာပင်တန်းများကို ဖြတ်လျှောက်ရင်း မောင်ဝဏ္ဏ၏ "ပန်းတွေနဲ့ဝေ" ထဲမှ အောင်လတ်နှင့် ဝေကို မြင်ယောင်လာသည်။ ဆရာအောင်ပြည့်၏ "ဂိုရမ်း" ဆိုသော အချစ်တမန်တော်ကိုလည်း သီရိဆောင်၏ ဂိတ်ဝမှာများ ရှိလေမလား။ ပါလာအဝမှာ ရပ်နေလေသလား လှမ်းမျှော်ကြည့်မိ။

တက္ကသိုလ်ကျောင်းသားဘဝ ဖြတ်သန်းမှုတွင် ကျွန်မ၏ ပုံရိပ်သည် မည်မည်ရရမရှိခဲ့ပါ။ သမိုင်းတာဝန်ဆိုသည်များနှင့်လည်း ဝေးကွာလှပါသည်။ ကျွန်မတို့ ဆယ်တန်းအောင်သော ၁၉၇၈ ခုနှစ်သည် ၁၉၇၄-၇၅-၇၆ အရေးအခင်းများနောက်ပိုင်း ဒေသကောလိပ်အသီးသီးကို ဖွင့်လှစ်လိုက်ပြီး အဆင့်မြင့်ပညာရေးစနစ်ကို စမ်းသပ်ပြောင်းလဲလိုက်သောကာလများ ဖြစ်ပါသည်။ ကျွန်မတို့ ကျောင်းသားများသည် စမ်းတဝါးဝါး၊ ပထမနှစ်တွင် ဘိုင်အိုတွဲ၊ သင်္ချာတွဲ၊ ဝိဇ္ဇာတွဲတို့မှ တစ်ခုခုကို ရွေးချယ်တက်ရောက်ရသည်။ ဒုတိယနှစ်တွင် လုပ်ငန်းအတတ်ပညာအမျိုးမျိုး၊ ပထမနှစ်တွင် ဘာသာစုံသင်ကြားရပြီး ဒုတိယနှစ်တွင် လုပ်ငန်းနှင့်သက်ဆိုင်သော အတတ်ပညာမျိုးကို သင်ယူရသည်။ ထိုမှ သုံးနှစ်ရမှတ်ကို ပျမ်းမျှယူ၍ တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်ရရှိကြသည်။ တတိယနှစ်၊ စတုတ္ထနှစ်များတွင် နိုင်ငံရေးသိပ္ပံမှလွဲ၍ ဘာသာစုံ အင်္ဂလိပ်လို သင်ကြားကြရပြန်သည်။ ဘွဲ့ရပညာတတ် အလုပ်လက်မဲ့ဆိုသော မပီပြင်သော အနာဂတ်အတွက် ခရီးချီတက်ခဲ့ကြရဖူးသူများသည် ခံစားချက်ကို သိကြပါသည်။

ကောလိပ်အသီးသီးမှ ဆရာ ဆရာမများ၊ အုပ်ချုပ်သူများ၊ ဒေသအာဏာပိုင်များက ကျောင်းသား ကျောင်းသူများ အေးအေးချမ်းချမ်းပညာသင်ကြားသည်ကိုသာ လိုလားကြသော ကာလလည်း ဖြစ်ပါသည်။

### ကိုယ်တွေ့အဖြစ်

မှတ်မှတ်ရရ ကိုယ်တွေ့အဖြစ်ကို ပြောရပါလျှင် ၁၉၇၉-၈၀ ဒေသကောလိပ် ဒုတိယနှစ် နှုတ်ဆက်ပွဲအခမ်းအနားတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ဖော်ပြလိုပါသည်။ Farewell ကျင်းပမည့် ခန်းမကြီးကို ကျွန်မတို့ပြင်ဆင်ကြ၏။ အဆို၊ အက၊ တီးဝိုင်း၊ အကျွေးအမွေး စုံစုံလင်လင်ပါသည်။ ခန်းမကို ပြင်ဆင်ကြရာ လေးဘက်လေးတန် နံရံများပေါ်တွင် အမှတ်တရစကားများ၊ စာတမ်းများရေးသား၍ ချိတ်ဆွဲကြ၏။ သည်နှုတ်ဆက်ပွဲပြီးသည်နှင့် ဒေသကောလိပ်မှ ကျောင်းသား ကျောင်းသူတို့သည် ရန်ကုန်၊ မန္တလေးတက္ကသိုလ်အသီးသီးသို့ တက်ရောက်ကြရမည်။ ခွဲခွာကြရမည်။

ကျွန်မသည် ဆံရစ်ဝိုင်းနှင့် နားသန်သီးလေး တပ်ထားသော မိန်းကလေးပုံလေးကိုဆွဲ၍ ပုံ၏အောက်တွင် "ဝန်ကြီးဖြစ်လည်းမမေ့နဲ့၊ သူတောင်းစားဖြစ်လည်းမမေ့နဲ့" ဟူသော စာသားလေးထည့်သွင်းကာ နံရံတွင် ချိတ်ဆွဲလိုက်၏။ ညနေရောက်၍ ဌာနမှူးက အခမ်းအနား ပြင်ဆင်ထားပုံကို လာရောက်ကြည့်ရှုရာ ကျွန်မပုံရှေ့ရောက်သော အခါ မျက်နှာမှာ မသာမယာဖြစ်၍ သွားလေသည်။ ကျွန်မဆွဲထားသည်ကို သိသောအခါ ဖြုတ်လိုက်ဖို့ ပြောပါသည်။ ကျွန်မက "ဆင်ဆာ" ၏ သဘောတရားကို သိသည့်အားလျော်စွာ "ဆရာရယ်။ ဒီစာသားဟာ ကျွန်မကိုယ်ပိုင်မဟုတ်ပါဘူး။ အမျိုးသားစာပေဆုရ စာရေးဆရာမ တက္ကသိုလ်မြစိမ်းရဲ့ တိုင်းမင်းကြီးသမီးဝတ္ထုထဲက စာသားပါ။ ထုတ်ဝေပြီးသား လူကြိုက်များ ထင်ရှားပြီးသားပါဆရာ။ ဘာမှ မငြိစွန်းပါဘူး"ဟု ရှင်းပြလိုက်ပါသည်။ "ပြီးတော့ ဒါ သူငယ်ချင်းတွေ အချင်းချင်းကို ရည်ရွယ်တဲ့ စကားပဲ ဆရာရယ်" ဟု ရင်ထဲမှာ တိုးတိုးလေး ထပ်ပြောနေမိပါသည်။ ကျွန်မရှင်းပြလိုက်မှ ဆရာ့မျက်နှာမှာ ပို၍ညှိုးငယ်သွားပါသည်။ "မလုပ်ပါနဲ့ ငါ့တပည့်ရယ်၊ မကောင်းပါဘူး" ဆရာ့အသံမှာ ခပ်ပျော့ပျော့၊ မျက်နှာလေး ငယ်သွား၏။ တပည့်တွေကို အမြဲအလိုလိုက်သော ဆရာ။ ခုတော့ ဆူလည်း မဆူရက်။ ခွင့်လည်း မပြုဝံ့။ တပည့်ဆန္ဒကိုလည်း နားလည်သည်။ နှုတ်ဆက်ပွဲအခမ်းအနားတွင် ပါတီ၊ ကောင်စီမှလာမည်။ ကျောင်းအုပ်ကြီး လာမည်။ ဆရာ့ကိုကြည့်ပြီး သနားသွားသဖြင့် ပုံလေးကို ဖြုတ်ပေးလိုက်ပါသည်။

ထိုအခြေအနေမျိုးတွင် ရန်ကုန်တက္ကသိုလ်သို့ တတိယနှစ် ကျောင်းသူအဖြစ် တက်ရောက်ခဲ့ရသည်။ သို့သော် ပျော်စရာကောင်းလှပါဘိ။ ၁၉၈၀-၈၁၊ ၁၉၈၁-၈၂ တက္ကသိုလ် ပညာသင်နှစ်များတွင် ကျွန်မတို့သည် ပေါ့ပေါ့ပါးပါး၊ ပျော်ပျော်ရွှင်ရွှင်။ တက္ကသိုလ်ကျောင်းသားဘဝ (University Student Life) ဆိုတာကို အပြည့်အဝခံစားခဲ့ကြရသည်။ ကျွန်မက စာကျက်ပျင်းသူမို့ သင်္ချာမေဂျာယူသည်။ ယောကျ်ားလေးအများစုကလည်း သင်္ချာအဓိက ယူကြသည်။ မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် သင်္ချာပါမောက္ခ ဒေါက်တာချစ်ဆွေက သင်္ချာဘာသာကို တကယ်တော်သည့်သူများ လာယူဖို့ကောင်းကြောင်း၊ MC ဝင်သည့် ကလေးများ သင်္ချာကို လာတက်ဖို့ကောင်းကြောင်း၊ ခုတော့ သင်္ချာဘာသာရပ်မှာ အမှတ်နည်းသူများ၊ စာကျက်ပျင်းသူများ ရွေးချယ်စရာ မေဂျာဖြစ်နေကြောင်း၊ သို့သော် ဘယ်လိုပင်ဖြစ်ဖြစ် ဆရာတို့ကတော့ တတ်မြောက်အောင် သင်ကြားပေးမှာဖြစ်ကြောင်း၊ တပည့်တို့ကလည်း ချစ်လို့ပဲယူယူ၊ မိဘပေးစားလို့ပဲယူယူ ယူပြီးရင်တော့ သစ္စာရှိရှိ ချစ်ချစ်ခင်ခင် ရိုးမြေကျအောင်ပေါင်းဖို့လိုသလို သင်္ချာကို ချစ်ဖို့၊ တတ်မြောက်အောင် သင်ကြားဖို့၊ စိတ်တိုသံလေး စွက်လိုက်၊ ပြန်ချော့လိုက်ဖြင့် အဖေကြီးက သားသမီးကို ဆုံးမသလို မိန့်မှာခဲ့သည်ကိုလည်း ယနေ့တိုင် မမေ့နိုင်ပါ။ ထို့ကြောင့်လည်း ရိုးရိုးမေဂျာတက်၍ B.Sc ဘွဲ့လေး ရခဲ့သည်ဟုလည်း ဂုဏ်ငယ်သည် မထင်ခဲ့။ နက်နဲသော မိခင်ဘာသာရပ်အတွက် ဂုဏ်ယူနေဆဲ ဖြစ်ပါသည်။

ကျောင်းတက်ပြီး အတန်းမတက်သော နေ့ရက်များကိုတော့ ကျောင်းတော်ကြီးက ခွင့်လွှတ်ရစမြဲ။ ကျောင်းကြီးက အမြဲစည်ကားနေသည်။ အတန်းမတက်ကြသော်လည်း မိုးလင်းမှ မိုးချုပ်ကျောင်းထဲမှာ ရှိကြသည်။ ကျွန်မဆိုလျှင် စနေ၊ တနင်္ဂနွေမှာပင် အမျိုးတွေအိမ်မသွားအား၊ ကျောင်းနှင့် တစ်ဖဝါးမှမခွာ။ အင်းလျားဆောင်သူဘဝကလည်း တက္ကသိုလ်ကျောင်းသူဘဝကို ပိုမိုပြည့်စုံစေခဲ့သည်။ အဆောင်နောက်ပေါက် ပေါင်းမိုးပါသော စင်္ကြံလေးတစ်လျှောက် နေတစ်ပြောက်မပူ၊ မိုးတစ်ပေါက်မစိုစေရဘဲ စာသင်ခန်းထဲ ရောက်ကြရသည်။

ကျောင်းသားအများစုမှာ ငွေစာရင်းဌာန (Cash) အောက် လှေကားတွင် စုထိုင်လေ့ရှိကြသည်။ Science Building၊ Arts Building များ၏ ဝင်ပေါက် မြောင်းခုံများပေါ်မှာ၊ စာသင်ခန်းအပြင်ဘက် ကော်ရစ်ဒါတစ်လျှောက် ဘေးပေါင်များပေါ်မှာ အမြဲပျော်နေသော ကျောင်းသားများကို တွေ့ရမည်။ စာကြမ်းပိုးများ၊ စာပေဝါသနာရှင်များက စာကြည့်တိုက်ထဲ တကုပ်ကုပ်။ RC အထဲမှာလည်း အနုပညာခန်းမက တဒင်ဒင် တဒေါင်ဒေါင်။ အားကစားခန်းမထဲပွဲရှိလျှင် ခုံတန်းများပေါ် ပြိုင်တူဆောင့်နင်းကြရင်း အားပေးသံများက တဒုန်းဒုန်း။ RC ထဲတွင် ဘက်စကက်ဘော၊ ဘော်လီဘောပွဲများမှာ အားပေးအကြမ်းဆုံးပွဲများ ဖြစ်ကြသည်။ "အုတ်ကျားမြက်ပေါက် Maths ကိုရောက်" ဟု ထီးအမည်းတွင် ဆေးအဖြူဖြင့် စာရေးထားသော ကျောင်းသားတစ်ဦးနှင့် ရန်ဖြစ်ခဲ့ရသည်ကိုလည်း သတိရပါသေးသည်။ **စာမျက်နှာ ၇ သို့** ❂

❂ စာမျက်နှာ ၆ မှ

ကျောင်းထဲတွင် ပွဲမရှိသောနေ့ပင် မရှိသလောက်ဟု ထင်မိသည်။ ဘာပဲဖြစ်ဖြစ် မေဂျာအလိုက် Fresher ပွဲများရှိသလို အဆောင်အလိုက်ကျင်းပသော ပွဲများလည်း ရှိသည်ကိုး။ နှစ်စတွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲ (Freshers' Welcome) များ ရှိသည်။ မေဂျာအလိုက် ကြိုသည်။ အဆောင်များက အဆောင်အလိုက် ကြိုသည်။ မြို့နယ်အသင်းအဖွဲ့များက မြို့နယ်အလိုက် ကြိုသည်။ သန်လျင်၊ ပဲခူး၊ ကျိုက်ထီးရိုးစသည့် ခရီးတိုလေးများ စုထွက်ကြသည်။ တက္ကသိုလ်အနုပညာအသင်းမှ ကျင်းပသော အငြိမ့်ပွဲများ၊ အဆိုပြိုင်ပွဲများမှပင် ယနေ့ထင်ရှားကျော်ကြားသော အနုပညာရှင်များ ပေါက်ဖွားလာပါသည်။

RC အပေါ်ထပ်တွင် တိုင်းရင်းသားအသင်းအဖွဲ့ အသီးသီးက ရိုးရာစားသောက်ဆိုင်များဖွင့်၍ စုစည်းရောင်းချသော ပွဲကလည်း နှစ်စဉ်ကျင်းပမြဲ ဖြစ်သည်။ ပြည်နယ်နေ့ အထိမ်းအမှတ်ကပွဲများကလည်း ရှိသေးသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် သိပ္ပံခန်းမ၊ ဝိဇ္ဇာခန်းမ အပေါ်ထပ်များတွင် စာပေဟောပြောပွဲများကို ကျင်းပပေးသည်။

**မေဂျာနှုတ်ဆက်ပွဲများ**

အသင်းအဖွဲ့များကလည်း စုံလင်သည်။ တက္ကသိုလ်အနုပညာအသင်း၊ ပန်းချီအသင်း၊ လှေလှော်ရွက်တိုက်အသင်း၊ ခြေလျင်နှင့်တောင်တက်အသင်း၊ တက္ကသိုလ်အရန်တပ်ရင်း။ နှစ်လယ်ရောက်တော့ ပန်းချီပြပွဲ၊ ကာတွန်းပြပွဲ၊ နံရံကပ်စာစောင်ဆိုသည်များ အလှည့်ကျလာသည်။ နှစ်ဆုံးခါနီးတွင် မေဂျာအလိုက်၊ အဆောင်အလိုက် Farewell ဟုခေါ်သော နှုတ်ဆက်ပွဲများ။ RC ခန်းမကြီးထဲမှာ မေဂျာနှုတ်ဆက်ပွဲများ မပြတ်။ L-P-J, Play Boys, The Wilde ones တီးဝိုင်းကြီးများ၊ အဆိုတော်များ အများအပြား လာရောက်ဖျော်ဖြေကြသည်။ Venus ဟုခေါ်သော မိန်းကလေးများ ဆိုတီးသောအဖွဲ့သည်လည်း နာမည်ကြီးသည်။ အဆောင် Dinner များတွင် မြန်မာ့အသံခေတ်ပေါ်တီးဝိုင်း၊ စိန်ဗိုလ်တင့်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်။ ကိုယ်ပိုင်အငြိမ့်များ ကပြဖြေဖျော်ကြသေး၏။ ရတနာဆောင်မှ ကျောင်းသူများ၏ လူရွှင်တော်အမည်များက ကြက်ရိုးတို့၊ ဘဲဥတို့ဆိုလား။

ကျောင်းထဲတွင် ခြေစကြာဖြန့်ပြီးတော့ ကင်န်တင်းတွေမှာ စားကြနားကြ။ ဂျပ်ဆင်ကင်န်တင်း၊ အီးကိုကင်န်တင်း၊ ဆိုင်းယင့်စ်ကင်န်တင်း၊ တောင်ငူကင်န်တင်း၊ နာမည်ကျော် ဦးချစ်လက်ဖက်ရည်ဆိုင်တို့သည် ကျောင်းသား ကျောင်းသူများ စတည်းချရာ။ ထမင်းတစ်ပွဲပြား ၅၀၊ အကြော်သုပ်တစ်ပွဲ နှစ်ကျပ်။ ငွေ ငါးကျပ်ပါလျှင် သူငယ်ချင်းနှစ်ယောက် စားလောက်သည့်ခေတ်။ ဦးယမ်းဘီလူး၊ ကိုအောင်ရင်၊ ဦးကြက်ဖ၊ အမေကြည်တို့မှာ ကျောင်းသားတို့၏ မိတ်ဆွေများ၊ ဂျပ်ဆင်နံဘေးက ရွှေဘိုဆောင်ဘေး ဘယ်ဘက်လမ်းမှဖြတ်၍ ငှက်ပျောတောလေးရှိသော ဦးချစ်ဆိုင်ကို သွားခဲ့ကြသည်။ စာသမား ပေသမားများက ဦးချစ်ဆိုင်တွင် စုရုံးလေ့ရှိ၏။ တစ်နေ့ကပင် ဦးသန့်အရေးအခင်းတွင် ကျောင်းများပိတ်လိုက်သော်လည်း ဦးချစ်ဆိုင်မပိတ်။ ကျောင်းသားများအတွက် ရေနွေးတည်ပြီး ကုသိုလ်ပြုနေသဖြင့် ဖမ်းဆီးခံရပြီး ထိုစဉ်က မော်စကိုဟုခေါ်သော နရသိန်တွင် နှစ်လခန့်နေခဲ့ရသည်ဟု ကျောင်းသားဟောင်းတစ်ဦး ဖေ့စ်ဘွတ်တွင် ရေးသားထားသည်ကို ဖတ်လိုက်ရသေးသည်။

တစ်ခါတလေတော့ အမရဆောင်မှထွက် တက္ကသိုလ်ရိပ်သာလမ်းဘက်ကိုဖြတ်ပြီး တက္ကသိုလ်ဓမ္မာရုံရှေ့က ပုစွန်ခွက်ကြော်ကို ပြေးစားကြသည်။ တောင်ငူဆောင်၊ အမရဆောင်၊ ရာမညဆောင်၊ မန္တလေးဆောင်တို့သည် Compound ကြီးတစ်ခုတည်းတွင် ကျောချင်းကပ် တည်ရှိကြသည်။ ထိုအဆောင်လေးဆောင်မှာ ၁၉၆၂-၆၃ ခုနှစ်လောက်ကအထိ ကျောင်းသားဆောင်များဖြစ်ခဲ့ပြီး နောင်တွင် လူနေခန်းများကို ဖြိုဖျက်ပြီး ဘာသာရပ်ဆိုင်ရာဌာနများ၊ စာသင်ခန်းများဖြစ်သွားကြသည်ဟု သိရဖူးပါသည်။

လှည်းတန်းမှ ကော်ပိုရေးရှင်း (9)၊ ဦးဆောက်ပန်းစာပေ၊ ဆီချက်ဆိုင်များ၊ မန္တယ်အသုပ်၊ အိမ်ကျောက်ကြောဆိုသည်များကလည်း ခြေရာထပ်ခဲ့သော နေရာများဖြစ်ပါသည်။ အမရဆောင်ရှေ့မှ ကမာရွတ်ရဲစခန်းသည်လည်း ကျွန်မဘဝတွင် ပုံရိပ်တစ်ခု။

တစ်နေ့ကျောင်းမှ စကော့ဈေးအသွား ဒတ်ဆန်းလိုင်းကားရှေ့ခန်းတွင် ထိုင်ရာ ထိုစဉ်က ငါးမူးသာ ပေးရသော ကားခကို၊ စပယ်ယာက တစ်ကျပ်ယူပြီး ပြန်မအမ်း။ ငါးမူးပြန်အမ်းဖို့ပြောတော့ ရှေ့ခန်းက တစ်ကျပ်ဟု ဆိုသည်။ တစ်သက်လုံးစီးနေတာ ငါးမူးမို့ စပယ်ယာနှင့် တစ်ယောက်တစ်ခွန်း စကားများကြသည်။ စပယ်ယာက "ရော့ရော့ ပြန်ယူ" ဟု အော်ကာ ကျွန်မပေးသော ကျပ်စေ့ကို ပြတင်းပေါက်မှ ကျွန်မပေါင်ပေါ်သို့ ပစ်ချပေးလိုက်သည်။ ကားကလည်း ထွက်ပြီ။ ကျွန်မဒေါသဖြစ်၍ မဆုံး။ ဘုန်းကြီးလမ်းထောင့်တွင် Surprised Check ဟုခေါ်သော ရဲအဖွဲ့ကိုတွေ့တော့ ကားကိုရပ်ရပ်ဟုဆိုကာ တံခါးကိုဖွင့်ပြီး ကားထဲကပြေးထွက်၍ ရဲကိုသွားတိုင်သည်။ စပယ်ယာ၏ ဆက်ဆံရေးဆိုးရွားပုံ၊ ပိုက်ဆံကို ပေါင်ပေါ်သို့ ပစ်ချပေးပုံတို့ကို ဒေါသတကြီး ပြောပြလိုက်သည်။ ရဲတွေက ကားကိုရပ်ပြီး စပယ်ယာကို လိုင်စင်သိမ်းလိုက်သည်။ ကျွန်မကို နောက်ကားနှင့် တင်ပေးလိုက်သည်။

ထိုအဖြစ်အပျက်မှာ သောကြာနေ့နံနက်က ဖြစ်၏။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်သောအခါ ထိုကိစ္စကို မေ့သွားသည်။ တနင်္လာနေ့ ကျောင်းပြန်ဖွင့်ချိန် ညနေစောင်းတွင် ကမာရွတ်ရဲစခန်းမှအဆောင်ကို လိုက်လာသည်။ အဆောင်မှူးက ကျွန်မ ဘာဖြစ်လာမှန်းမသိ။ တစ်ခုခုဖြစ်လာလျှင် အဆောင်မှူးကို သတင်းပို့ရသည်ကို ကျွန်မမေ့သွားခဲ့သည်။

"ခင်လေးဝင်း ဘာတွေလုပ်လာလဲ" အခန်းဘက်ကို လာ၍ အဆောင်မှူး မမဝေ (ဒေါက်တာစန်းစန်းဝေ) က စိုးရိမ်တကြီးမေးသည်။ ထိုကျမှ သတိရပြီး ဖြစ်ကြောင်း ကုန်စင်ပြောပြရသည်။ မမဝေမျက်နှာက တင်းမာသွားသည်။ ရုံးခန်းထဲရောက်တော့ တစ်ပွင့်နှင့် ရဲအရာရှိ၊ ရဲတပ်ကြပ်ကြီးနှင့် ကားဒရိုင်ဘာ၊ စပယ်ယာတို့ကို တွေ့လိုက်ရသည်။ ကျွန်မက တိုင်ချက်ဖွင့်ထား၍ ရဲက လိုင်စင်သိမ်းထားသဖြင့် ပြန်လည်ကျေအေးပေးပါမှ ယာဉ်ပေါ် ပြန်တက်ခွင့်ရမည်။ မမဝေက မိမိကျောင်းသူတစ်ဦးကို သည်လိုဆက်ဆံခံရသည်ကို သူလည်း မကျေနပ်ကြောင်း၊ ကာယကံရှင် ကျောင်းသူကလည်း ကျေအေးပေးနိုင်မည်မထင်ကြောင်း ခပ်တင်းတင်း ဆိုလိုက်သည်။ တောင်းပန်စကားများ၊ မိသားစု စားဝတ်နေရေးဆိုတာများ အကြိမ်ကြိမ်ပြောလာမှ မမဝေက ကျွန်မကို လက်မှတ်ထိုး ကျေအေးခွင့်ပြုပေးရန် တိုက်တွန်းပြောဆိုဟန်ပြုသည်။ ရဲအရာရှိက မျက်နှာလေး အောက်ချကာ "ကျွန်တော်တို့ ကမာရွတ်ရဲစခန်းကို ကျောင်းသားတွေနဲ့ ဘာမှပြဿနာမဖြစ်စေရဘူးလို့ အထက်က မှာကြားထားတာပါ။ နောင်ဒီလိုင်းကားတွေ ဒီလိုရိုင်းပျတဲ့ ဆက်ဆံရေးမဖြစ်စေရပါဘူး"ဟု အာမခံသွားသည်။ မမဝေက ကျွန်မကို အဓိပ္ပာယ်ပါပါကြည့်သည်။ ရုံးခန်းကအထွက် အဆောင်သူများက စောင့်ပြီး ဝိုင်းအုံမေးကြသည်။ "အင်းလျားဆောင်ကို ရဲတွေလာတယ်" ဟုလည်း နာမည်ကြီးသွားပါတော့သည်။

တကယ်တော့ အဆောင်သူဘဝတွင် နေထိုင်ခွင့်ရခဲ့ခြင်းသည်လည်း ကျောင်းသားဘဝ၏ ပြီးပြည့်စုံသော ပျော်ရွှင်မှုတစ်မျိုးကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး အတူနေ၊ အတူစား၊ အဖော်မင်သော အရွယ်မို့ ညီအစ်မတွေလို ချစ်ကြရသည်။ ကျောင်းသားများက ပိုဆိုးသည်။ day တက်သူများကလည်း အိမ်မပြန်။ အဆောင်များတွင် အတူလိုက်အိပ်ကြ၊ ကျောင်းတက်ကြ။ ရှိတာ ဝေမျှသုံးကြ။

**အမှတ်ရစရာများ**

အဆောင်သူဘဝတွင်လည်း အမှတ်ရစရာများစွာ ကျန်ရစ်ပါသည်။

တစ်ည... အဆောင်ကို သူခိုးဝင်သည်။ ည ၁ နာရီခန့် အိပ်မောကျတုန်း သူခိုး သူခိုးဟူသော အော်သံကြောင့် လန့်နိုးလာသည်။ ကျွန်မနှင့် အခန်းဖော် မာမာတို့ အခန်းထဲမှ အပြင်ထွက်ဖို့၊ အပြင်ရောက်လျှင် အခန်းကို ပြန်ပိတ်ဖို့ အခန်းသော့ ရှာကြသည်။ သူတစ်ချောင်း၊ ကိုယ်တစ်ချောင်းရှိပါလျက် တစ်ချောင်းမှ ရှာမတွေ့။ ကျွန်မက တံမြက်စည်းရိုးကို ကိုင်ထားသည်။ အောက်ထပ်မှ အိုင်စီကျောင်းသူ မမုန်းနှင့် မိုးကုတ်သူ ဂျာကော့တို့က တီစကွဲကြီးများဖြင့် အခန်းရှေ့ရောက်လာသည်။ ကျွန်မတို့က အခန်းက မထွက်နိုင်သေး။

"နင်တို့ ဘာလုပ်နေတာလဲ"

"သော့ရှာနေတာ"

"ဟဲ့ ဒီမှာလေ သော့"

မျက်စိရှေ့ စားပွဲပေါ်က သော့တွဲ နှစ်တွဲကို နှစ်ယောက်စလုံး မတွေ့ကြ။ အပြေးထွက်ပြီး လှေကားထိပ်ရောက်တော့ ဘုရားစာရွတ်နေသော "ပြည်" မြို့သူ သိင်္ဂီက ကျွန်မတို့ လက်ထဲက လက်နက်တွေ ကြည့်ပြီး "ဟဲ့ဟဲ့ သတိထားကြ သတိထားကြ" ဟု တုန်တုန်ရီရီဆိုသည်။ လားရှိုးသူ ကိန်ခမ်း၊ နန်းညွန့်နှင့် ခင်မေဆိုင်တို့ကလည်း လက်ထဲမှာ ဓာတ်မီးများ တုတ်များကိုယ်စီနှင့်။ အဆောင်လှေကားတွင် ကျောင်းသူများ တန်းစီနေသည်။ အဆောင်စောင့် ဦးချစ်ပိုကို သူခိုးရှာဖို့ အဆောင်အတွင်းသို့ ပေးဝင်ထားသည်။ ကျောင်းသူများက တစ်ယောက် တစ်ပေါက်။

"ဦးချစ်ပို လက်လွှန်မယ်နော်"

"အရမ်းမလုပ်ပါနဲ့"

"သွေးထွက်သံယိုတွေ ဖြစ်ကုန်မယ်"

"ရဲလက်ပဲ အပ်ကြပါ"

ကျွန်မတို့ကလည်း ကောရစ်တာတစ်လျှောက် တဝုန်းဝုန်းပြေးနေကြသည်။ နာရီဝက်လောက်ကြာတော့ ဦးချစ်ပို ပြန်ရောက်လာသည်။

"မိပြီလား ..." ကျောင်းသူတွေ အသံက ပြိုင်တူ။

ဦးချစ်ပိုက "ရေချိုးခန်း ပြတင်းပေါက်က ထွက်ပြေးသွားပြီ..."

လက်လွှန်မှာ စိုးနေသူများက အော်ကြပြန်သည်။

"မမိလိုက်ဘူးပေါ့..."

"အေး..."

ဦးချစ်ပို ပြန်ဖြေသံက ဆောင့်ကြီးအောင့်ကြီး။ ငိုအားထက် ရယ်အားသန်ခဲ့ရသည်။ ကျွန်မတို့လည်း လက်စွမ်းမပြလိုက်ရ။

**ပျော်စရာဘဝလေး၏ အမှတ်တရ**

ဒီသူငယ်ချင်းများနှင့်ပဲ မောင်နှမဆောင်ဖြစ်သော သထုံဆောင်တွင် ဓမ္မစကြာသွားရွတ်ခဲ့ကြတာလည်း အမှတ်ရမိသည်။ ဝါဆိုသင်္ကန်းကပ်ပွဲထင်သည်။ အဆောင်အချင်းချင်း အပြန်အလှန်ဖိတ်၍ သွားခဲ့ရသည်။ တရားနာအပြီး မုန့်ဟင်းခါးဖြင့် ဧည့်ခံသည်။ ကျောင်းသားများက ကျွန်မတို့ မစားရဲဘဲ ရှက်နေမည် ထင်သည်။ သို့သော် တစ်နှစ်မှတစ်ခါ အဆောင်ထဲရောက်လာသော ကျောင်းသူလေးများမို့ အားမနာတမ်း ဝိုင်းကြည့်နေကြသည်။ ကျွန်မတို့ကလည်း ရှက်ဖို့ပင် သတိမရ၊ စားကောင်းကောင်းနှင့်စားကြရုံသာမက ဆွမ်းတော်ကပ်ထားသော သစ်သီးများကို လှမ်းလှမ်းကြည့်ကြသည်။ အဆောင်မှူး ဆရာက သဘောပေါက်သည်။ ဆွမ်းတော်စွန့်ပြီး ပြန်ကျွေးလိုက်သည်။ နောက်တစ်နေ့ရောက်တော့ ...

"အင်းလျားဆောင်က ကျောင်းသူတွေ ငါတို့စားဖို့ ဆွမ်းတော်စာတောင် ချန်မသွားကြဘူး" ဟု သတင်းက မွှေးသွားသည်။ ပျော်စရာဘဝလေး၏ အမှတ်တရပါ။

သည်လိုနှင့် Final ရောက်လာပြီး နောက်ဆုံး စာမေးပွဲကြီးဖြေဆိုရတော့မည့်အချိန်တွင် တစ်ဖက်က စာမေးပွဲအောင်အောင်ဖြေရန် စိတ်ကဖိစီး၊ တစ်ဖက်က သည်စာမေးပွဲအောင်ပြီးလျှင် ကျောင်းကြီးနှင့် ခွဲရတော့မည်ဆိုသော စိတ်က မသက်သာ၊ ဘယ်လောက်ပင် ပွဲတကာပွဲ ပျော်ခဲ့ရွှင်ခဲ့ပေမယ့် စာမေးပွဲဆိုသော ပွဲကြီးကျတော့ မပျော်နိုင်ကြတော့။ တက္ကသိုလ်ကျောင်းသူဆိုသည်မှာ မိမိကိုယ်ကို စောင့်ရှောက်တတ်သော အသိတရား၊ အကောင်းအဆိုး ဝေဖန်နိုင်သော ဆင်ခြင်မှု၊ အရာရာကို ချင့်ချိန်စဉ်းစားတတ်သော ဉာဏ်ပညာများကို အတွေ့အကြုံများနှင့် ရင်းနှီးပြီး ရခဲ့ကြပြီမို့ စာမေးပွဲအောင်ဖို့ကိုတော့ အလေးထား ကြိုးစား ကျက်မှတ်ကြရသည်။ အချင်းချင်းသင်ပြ၊ ဌာနတွင် ဆရာများကိုမေး၊ စာကြည့်တိုက်တွင် ရှာဖွေ။ သည့်အတွက် ဘယ်သူမှ လာရောက် တိုက်တွန်းရန်၊ တရားပြရန် မလိုပေ။ ဤသည်မှာ တက္ကသိုလ်က သင်ကြားပေးလိုက်သော အရာဖြစ်သည်။

ကျွန်မသည် အဆောင်လှေကားတစ်လျှောက် ဆင်းချည် တက်ချည်။ ဦးနှောက်ထဲမှာက စာပြီးစာ လုံးထွေးနေသည်။ စိတ်ထဲမှာက သည်ကျောင်း၊ သည်အဆောင်နှင့် မကြာခင်ခွဲရတော့မှာပါလားဆိုသည့် စိတ္တဇ။ ယောကျ်ားလေး သူငယ်ချင်းတချို့က သည်နှစ်ကို အကျခံပြီး ကျောင်းထဲမှာ တစ်နှစ်ထပ်နေ၊ စာပြန်ကျက်၊ ဂုဏ်ထူးတန်းဝင်အောင်လုပ်လိုက်လျှင် ကျောင်းဆက်တက်ရမည့်လမ်းကို ရွေးကြသည်။ ကျောင်းတွင် ပျော်လွန်းသဖြင့် တတိယနှစ်ကတည်းက စာမေးပွဲအကျခံပြီး တစ်တန်းကို နှစ်နှစ်နေ၊ အိမ်ကိုတော့ တတိယနှစ်အောင်ပြီး ဖိုင်နယ်တက်နေပြီ၊ ဖိုင်နယ်ရောက်ပြန်တော့ ဝင်မဖြေဘဲ ထပ်အကျခံကာ ဂုဏ်ထူးတန်းတက်နေပြီဟု တစ်နှစ်ပြီးတစ်နှစ် အိမ်ကိုညာပြောပြီး ကျောင်းသက်ကို ဆွဲဆန့်သွားသော ကျောင်းပျော်သူငယ်ချင်း ယောကျ်ားလေးတစ်ဦးကိုလည်း သတိရမိပါသည်။ ဤမျှပင် ကျောင်း၏ဖမ်းစားခြင်းကို ခံခဲ့ကြရဖူးသည်။

ထို့ကြောင့် ဖေ့စ်ဘွတ်တွင် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ကျောင်းသားဘဝ ပျော်ခဲ့ရပုံများ၊ အမှတ်တရအကြောင်းအရာများ Post လေးတွေ တင်တိုင်း ဤဘဝကို မရလိုက်သော ကျောင်းသား ကျောင်းသူများက ကျွန်မတို့ ရရှိခဲ့သော တက္ကသိုလ်ကျောင်းသားဘဝကို အားကျကြောင်း၊ အပျော်တွေ ကူးစက်ရပါကြောင်း၊ သူတို့ဘဝတွင် သည်လို ကျောင်းသားဘဝမျိုးကို အပြည့်အဝ မခံစားခဲ့ကြရကြောင်း Comment ပေးကြပါသည်။ ကျွန်မကိုယ်တိုင်လည်း ၁၉၈၈ ခုနှစ် ကျောင်းပိတ်လိုက်စဉ်က ကျောင်းသား ကျောင်းသူများ၊ ၁၉၉၆ ခုနှစ်နောက်ပိုင်း ကျောင်းသား ကျောင်းသူများကိုကြည့်၍ သူတို့၏ တက္ကသိုလ်ဘဝ ပျောက်ဆုံးခဲ့ရပုံ၊ တချို့ အိမ်ထောင်တွေကျ၊ တချို့ စာသင်ရမည့်အရွယ်တွင် စာမသင်ကြရဘဲ ငွေရှာကြရပုံတွေကို "အဝါရောင် မျက်လုံးများ" ဟူ၍လည်းကောင်း၊ ကျောင်းပြီး ဘွဲ့ကိုယ်စီရ၍ ဘဝခရီးကို ဆက်လက်လျှောက်လှမ်းကြရသောအခါ ဝါသနာနှင့် လက်တွေ့ အသက်မွေးဝမ်းကျောင်းဖန်တီးရပုံ တခြားစီဖြစ်သွားကြရပုံကိုလည်း "ပျောက်ဆုံးသွားသော ဆေးစက်များ" ဟူ၍လည်းကောင်း ဝတ္ထုတိုများ ဖန်တီးခဲ့ပါသည်။

ကျွန်မတို့ကတော့ ကံကောင်းထောက်မစွာ ပျော်ရွှင်စွာ ပညာသင်ကြားခွင့်ကို ရခဲ့ကြပါသည်။ ဘယ်တော့မှ မမေ့နိုင်။ မှတ်တိုင်မစိုက်နိုင်ခဲ့သော်လည်း မှတ်တမ်းများအများကြီးရှိခဲ့သည်။

ဆရာဇော်ဂျီဖွင့်ဆိုခဲ့သည့်အတိုင်း "တက္က-စဉ်းစားကြံစည်ခြင်းနှင့် သီလ-အလေ့အကျင့်ဟူသော စဉ်းစားကြံစည်ခြင်း အလေ့အကျင့်" ကို ပျိုးထောင်ပေးခဲ့သော ဉာဏ်ပညာထွန်းကားစေရာ မြေမဟာ...။ နှစ်နှစ်တာ ကာလကလေးနှင့် ပျော်ရွှင်စရာ၊ ကြည်နူးစရာ၊ လွမ်းမောစရာ၊ ကောင်းသော အကျင့်သီလကို ဆောက်တည်အပ်ရာ၊ အရာရာကို သိမြင်ခံစားခွင့်ပေးခဲ့သဖြင့် ကျေးဇူးတင်နေဆဲ... ။ ကျောင်း၏ အငွေ့အသက်တွေက လွှမ်းခြုံနေဆဲ...။

အမိတက္ကသိုလ် သို့မဟုတ် ရင်ထဲကတက္ကသိုလ်...။



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- ❖ အမည်ရင်း – ဒေါ်ခင်လေးဝင်း
- ❖ မိဘအမည် – ဦးခွန်အုန်းမောင်၊ ဒေါ်မြအေး
- ❖ ငယ်စဉ်ကအထက (၂) စမ်းချောင်း၊ အထက(၃) တောင်ကြီး၊ တောင်ကြီးဒေသကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် သိပ္ပံဘွဲ့ (သင်္ချာ) ရရှိခဲ့သည်။
- ❖ ၁၉၈၅ ခုနှစ်တွင် စာပေနယ်သို့ စတင်ရောက်ရှိခဲ့ပြီး ပထမဦးဆုံးစာမူမှာ ဒဂုန်မဂ္ဂဇင်းပါ "အိပ်မက်ခရီး" ကဗျာဖြစ်သည်။ မဂ္ဂဇင်းအသီးသီးတွင် ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့သည်။
- ❖ ၂၀၀၃ ခုနှစ်တွင် "မြေးကပြောသော ဘဲခြောက်ကောင်ပုံပြင်နှင့် အခြားဝတ္ထုတိုများ" (စိတ်ကူးချိုချို စာအုပ်တိုက်)
- ❖ ၂၀၁၁ ခုနှစ်တွင် "ကောင်းကင်သစ်အတွက် မက်တဲ့ အိပ်မက်နှင့် အခြားဝတ္ထုရှည်များ" (လင်းလွန်းခင်စာပေ)
- ❖ ၂၀၁၆ ခုနှစ်တွင် "မခင်လေးဝတ္ထုများ" (စိတ်ကူးချိုချိုစာအုပ်တိုက်) တို့ကိုထုတ်ဝေခဲ့သည်။
- ❖ ၁၉၈၂ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာနတွင် အလယ်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ❖ မခင်လေး(ရန်ကုန်တက္ကသိုလ်) ကလောင်အမည်ဖြင့် စာများစတင်ရေးသားခဲ့ပြီး နောင်တွင် မခင်လေးဟု ပြောင်းလဲခဲ့သည်။
- ❖ ယခုအခါ ဝါသနာပါရာ စာပေများကို လေ့လာရေးသားလျက်ရှိပါသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ရည်ညွှန်းစာစောင်များကို နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့အတွက် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ခေတ္တဥက္ကဋ္ဌ ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး၊ ကောင်စီဝင်များ ဖြစ်ကြသော ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအောင်မြင်ထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးအေးမြင့်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်လေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ခေတ္တဥက္ကဋ္ဌ ဦးစန်းဝင်းက ယခုလွှဲပြောင်းပေးအပ်သည့် ရည်ညွှန်းစာစောင်များသည် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် အခြေခံပညာအထက်တန်းအဆင့် ရည်ညွှန်းစာစောင်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်တို့ ဖြစ်ကြောင်း၊ အဆိုပါ ရည်ညွှန်းစာစောင်များသည် ကမ္ဘာတစ်လွှားမှ တက္ကသိုလ်အဆင့် ကျွမ်းကျင်ပညာရှင်များက ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လက်ရှိပကတိ ဖြစ်ပေါ်နေမှုများကို သုံးသပ်၍ စနစ်တကျရေးသားပြုစုထားသော စာစောင်များဖြစ်ကြောင်း၊ အဆိုပါ ရည်ညွှန်းစာစောင်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဘာသာပြန်ဆိုထားခြင်းဖြစ်ကြောင်း၊ ရည်ညွှန်းစာစောင်များကို ဖြန့်ဝေရခြင်း၏ ရည်ရွယ်ချက်များမှာ လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် တန်ဖိုးထားအပ်ပြီး လက်တွေ့လိုက်နာ ကျင့်ကြံအားထုတ်တတ်စေရန်၊ အခြေခံစည်းကမ်းမူဘောင်များနှင့် ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးပြုသူများဖြစ်လာစေရန်၊ မိမိတို့ လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သည့် အတွေးအမြင်များ ရရှိစေရန်၊ လူတိုင်းသည် မိမိတို့၏ လုပ်ဆောင်မှုတိုင်းအတွက် တာဝန်ယူမှုရှိစေရန်၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွင်း အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု (Public Integrity) ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ဖြစ်ပါကြောင်း၊ ဤရည်ညွှန်းစာစောင်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုနိုင်အောင် စီစဉ်ဖြန့်ဝေပေးခြင်း၊ ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်းဖြင့် စီးပွားရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍတို့တွင် ဖြောင့်မတ်တည်ကြည်မှု၊ ကိုယ်ကျင့်သိက္ခာနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ခံယူချက်များ၊ အသိအမြင်များ ပိုမိုတိုးတက်ခိုင်မာလာစေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။



ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ခေတ္တဥက္ကဋ္ဌ ဦးစန်းဝင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်ထံ နေပြည်တော်ကောင်စီနှင့် ခရိုင်၊ မြို့နယ်များအတွက် ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ပြီး ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးက နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးအေးမြင့်ထံသို့ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို လက်တွေ့တွင် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ကော်မရှင်၏ လုပ်ဆောင်ချက်များ အောင်မြင်မှုရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ လက်ခံရရှိသည့် ရည်ညွှန်းစာစောင်ပါ အချက်အလက်များကို အလုပ်ရုံဆွေးနွေးပွဲနှင့် နည်းပညာဆိုင်ရာ သင်တန်းများတွင် အလျဉ်းသင့်သလို အသိပညာပေး ဆက်လက်ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားလုပ်ငန်းများနှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့အိမ်ရာ အခန်းတစ်သောင်းစီမံကိန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယမန်နေ့ နံနက်ပိုင်းက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပုသိမ် – ကံကုန်း – မြင်းကဆိပ်–မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတား(မြင်းကဆိပ်) အဆင့်မြှင့်တင်ခြင်းစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများကို စစ်ဆေးသည်။

**ကြန့်ကြာမှုမရှိစေရေး**

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)က တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအစီအစဉ်နှင့် တံတားပုံစံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကြိုးတံတားအဟောင်းဖြုတ်သိမ်းချိန်တွင် ပြည်သူများ ခရီးသွားလာရေးအတွက် ဇက်ဖြင့်ကူးရန် စီစဉ်ထားရာတွင် ကြန့်ကြာမှုမရှိစေရေး စနစ်တကျ စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ပမ္မဝတီတံတား (မြင်းကဆိပ်) အဆင့်မြှင့်တင်ရာတွင် လက်ရှိ ကြိုးတံတားအဟောင်း၏ အပေါ်ထည်များ ပြန်လည်ဖြုတ်သိမ်းမည့် အစီအစဉ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်မည်ဖြစ်ပြီး ရေလယ်တိုင်နှစ်တိုင်ထပ်ထည့်ကာ Steel Box Girder များတင်၍ အပေါ် ထည် သံကူကွန်ကရစ် နှစ်လမ်းသွား တံတားအဖြစ် အဆင့်မြှင့်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မရမ်းချောင်း – ရွာသစ်လမ်းပေါ်ရှိ ကျွန်းကုန်းတံတားစီမံကိန်းသို့ ရောက်ရှိကြရာ တည်ဆောက်ရေးအဖွဲ့ (၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သီဟက တံတားလုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အား လိုက်လံပြသသည်။

ကျွန်းကုန်းတံတားသည် အရှည် မီတာ ၂၄၀၊ အကျယ် ၇ ဒသမ ၅ မီတာရှိ နှစ်လမ်းသွားတံတားဖြစ်ပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကိုယ်ထည်၊ သံမဏိသံပေါင်၊ သံကူကွန်ကရစ် ရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းတံတား အမျိုးအစားဖြစ်ပြီး ယခုအချိန်အထိ တံတားတစ်စင်းလုံး၏ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေး–မော်လမြိုင်ကျွန်း – ဝါးခယ်မ – မြောင်းမြ လမ်းပေါ်ရှိ ကျွန်းပြဿဒ်တံတားစီမံကိန်းသို့ ရောက်ရှိကြရာ ပင်မတံတားပေါ်တွင် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်သီဟက တံတားဆိုင်ရာ အချက်အလက်များနှင့် ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းပြဿဒ်တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ကျွန်းပြဿဒ် တံတားသည် အရှည် မီတာ ၇၂၀၊ အကျယ် ၉ ဒသမ ၅ မီတာ နှစ်လမ်းသွား တံတားဖြစ်ပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကိုယ်ထည်နှင့် သံမဏိသံပေါင်ခုံးတံတားအမျိုးအစားဖြစ်သည်။ ယခုအခါ တံတားမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေး–မော်လမြိုင်ကျွန်း – ဝါးခယ်မ – မြောင်းမြလမ်းပေါ်ရှိ စော်ကဲတံတားစီမံကိန်းသို့ ရောက်ရှိပြီး တံတားစီမံကိန်း ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်သီဟက တံတားဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တံတားသည် အားလုံးပြီးစီးနေပြီဖြစ်၍ အပြီးသတ်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်မှာကြားပြီး တံတားအား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

**ရာနှုန်းပြည့် ပြီးစီး**

စော်ကဲတံတားသည် အရှည် မီတာ ၇၅၀၊ အကျယ် ၉ ဒသမ ၅ မီတာရှိ နှစ်လမ်းသွား တံတားဖြစ်ပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကိုယ်ထည်နှင့် အပေါ်ထည်မှာ သံမဏိသံပေါင်၊ သံကူကွန်ကရစ် ကြမ်းခင်းတံတား အမျိုးအစားဖြစ်ပြီး ယင်းတံတားမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ယခုအခါ ဘိုကလေး – မော်လမြိုင်ကျွန်း– ဝါးခယ်မ – မြောင်းမြ လမ်းပေါ်တွင် စော်ကဲတံတားနှင့် ကျွန်းပြဿဒ်တံတားကြီး နှစ်စင်း ပြီးစီးသွားသဖြင့် မြောင်းမြ၊ ဝါးခယ်မနှင့် ကျုံမငေးမြို့နယ် ဒေသခံပြည်သူများသည် အဆိုပါ လမ်းပေါ်မှတစ်ဆင့် မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ရန်ကုန်မြို့များသို့ မော်တော်ယာဉ်များဖြင့် တစ်ဆက်တည်း သွားလာနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–ပုသိမ်လမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း မိုင်တိုင် ၃၀/၇ အနီးတွင် Sheet Pile ရိုက်၍ မြေထိန်းနံရံ တည်ဆောက်ထားမှုနှင့် ပတ်သက်ပြီး မြေသားတည်ငြိမ်မှု ရှိ/မရှိ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန် – ပုသိမ်လမ်း တစ်လျှောက် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်မှုကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) တွင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်ဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း (MLCA) တို့က တာဝန်ယူတည်ဆောက်နေသည့် ပြည်သူ့အိမ်ရာ အခန်းတစ်သောင်း စီမံကိန်းသို့ ရောက်ရှိသည်။

**ရှင်းလင်းတင်ပြ**


ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ MLCA ဥက္ကဋ္ဌ နှင့် MCEF အတွင်းရေးမှူးတို့က စီမံကိန်းအဆောက်အအုံပုံစံ၊ Design နှင့် မြေပြင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။


ထို့နောက် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က Foundation ဆိုင်ရာ Design ကိစ္စများကို ထပ်မံဆွေးနွေးတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အဆောက်အအုံများအတွက် မြေစမ်း Report အခြေအနေများနှင့် မြေပြင်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး Foundation ပိုင်းဆိုင်ရာ အင်ဂျင်နီယာ ဆုံးဖြတ်ချက်များ ချမှတ်ပေးကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အမြန်ဆောင်ရွက်သွားရန် မှာကြားသည်။

ရန်ကုန်ပြည်သူ့အိမ်ရာ စီမံကိန်းတွင် လေးခန်းတွဲ ငါးထပ် အဆောက်အအုံ ၃၉၃ လုံး/ အခန်းပေါင်း ၆၂၈၈ ခန်း တည်ဆောက်ရန် စီစဉ်ထားရာ ယခုအခါ အဆောက်အအုံ ၁၈ လုံး ပန္နက်ရိုက်ပြီး အုတ်မြစ်လုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်းစဉ်**



# ‘အားလုံးအတွက် ရှေးဦးပြုစုခြင်း’သင်တန်းစီမံချက်ပထမအဆင့် သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃
ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ လူငယ်များ၊ အမျိုးသမီးများအတွက် ဦးတည်၍ ဆောင်ရွက်လျက်ရှိသော ‘အားလုံးအတွက်ရှေးဦးပြုစုခြင်း’ ‘ First Aid for All’ သင်တန်းစီမံချက် ပထမအဆင့်သင်တန်းဆင်းပွဲအခမ်းအနားကို အွန်လိုင်းစနစ်ဖြင့် ယနေ့ကျင်းပသည်။


**အလွန်မွန်မြတ်**

သင်တန်းဆင်းပွဲ၌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းလွင်က အမှာစကားပြောကြားရာတွင် ‘ရှေးဦးပြုစုခြင်း’ ပညာသည် အလွန်မွန်မြတ်ပြီး ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးပြုစုခြင်းအားဖြင့် အသက်အန္တရာယ်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းမှ လူငယ်များ၊ အမျိုးသမီးများ အကျိုးရှိစေရန် သင်တန်းများကို စီစဉ်ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ယခုနှစ် ဩဂုတ်လအတွင်းကတည်းက သင်တန်းများ ဖွင့်လှစ်ရန်အသင့်ဖြစ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ဒီဇင်ဘာလမှသာ အွန်လိုင်းဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အွန်လိုင်းမှ သင်ကြားသော်လည်း သင်တန်းဆရာများ၏ အရည်အချင်းပြည့်ဝမှု၊ သင်တန်းသား သင်တန်းသူများ၏ စိတ်ပါဝင်စားမှုများကြောင့် များစွာအောင်မြင်သော သင်တန်းဖြစ်ခဲ့ပါကြောင်း၊ သင်တန်းတွင်ရရှိခဲ့သော ပညာများဖြင့် မိမိရပ်ရွာ၊ မိမိအသိုင်းအဝိုင်း၊ မိမိပြည်နယ်အတွက် အကျိုးပြုကြမည်ဟု ယုံကြည်ပါကြောင်း၊ သိရှိခဲ့သောသင်ခန်းစာများအား ပတ်ဝန်းကျင်သို့ ပြန်လည်ဖြန့်ဝေစေလိုပါကြောင်း၊ လူငယ်များအကြား နားလည်မှု၊ ယုံကြည်မှု တိုးပွားလာပြီး လူမှုသဟဇာတ ဖြစ်စေရေးကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ စေတနာ၊ မေတ္တာ၊ ကရုဏာနှင့် အကြင်နာတရား စသော ကြက်ခြေနီ၏ အခြေခံစိတ်ဓာတ်များသည် လူမှုသဟဇာတ ဖြစ်ထွန်းရေးတွင်လည်း အလွန်အရေးကြီးပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးအတွက် စီမံချက် ဒုတိယအဆင့်နှင့် တတိယအဆင့်များကို ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ တိုက်ပွဲများ၊ မိုင်းအန္တရာယ်များကြောင့်ဖြစ်စေ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုခြင်း အတတ်ပညာဖြင့် အရေးပေါ်ကူညီပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ သင်တန်းဖြစ်မြောက်ရန် ဆောင်ရွက်ပေးသူအားလုံးအား ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Burgener က ဂုဏ်ပြုစကားပြောကြားသည်။ ထို့ပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် CDNH မှ အမှုဆောင် ဒါရိုက်တာ ဒေါက်တာကျော်လှိုင်တို့ကလည်း သင်တန်းဆင်းဂုဏ်ပြုစကား ပြောကြားကြသည်။

‘အားလုံးအတွက် ရှေးဦးပြုစုခြင်း’ ‘First Aid for All’ သင်တန်းစီမံချက် တာဝန်ခံ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်က သင်တန်းများပြုလုပ်ရခြင်းအကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း လူမှုရေးသဟဇာတဖြစ်စေရေး ဆောင်ရွက်နေမှုများအကြောင်းကို ရှင်းလင်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီးထိန်လင်း(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဗဟိုကော်မတီဝင်များ၊ ICRC, IFRC တို့မှ ဌာနေကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဌာနကိုယ်စားလှယ်ရုံးမှ အကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။



**သင်တန်းတက်ရောက်ပြီးမြောက်ခဲ့**

‘အားလုံးအတွက် ရှေးဦးပြုစုခြင်း’ ‘ First Aid for All’ သင်တန်းစီမံချက် ပထမအဆင့်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ပေါက်တော၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူနှင့် သံတွဲမြို့နယ်များရှိ လူမှုအသိုင်းအဝိုင်းအသီးသီးမှ သင်တန်းသား သင်တန်းသူ ၁၇၀တို့ သင်တန်းတက်ရောက်ပြီးမြောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်တစ်ခုစီအတွက် သုံးရက်ကြာသင်တန်းတစ်ခုစီကို အွန်လိုင်းဖြင့်ပို့ချခဲ့ပြီး သင်တန်းသား ၃၀ ခန့်တက်ရောက်ခဲ့ကြောင်း၊ သင်တန်းနည်းပြများအဖြစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အတွေ့အကြုံရင့်နည်းပြများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သင်တန်းစီမံချက် ဒုတိယအဆင့်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ တောင်ကုတ်နှင့် ဂွမြို့နယ်တို့မှ လူငယ်များ၊ အမျိုးသမီးများအတွက် သုံးရက်ကြာသင်တန်းများကို မြို့နယ်အလိုက် ပို့ချသွားမည်ဖြစ်သည်။

‘အားလုံးအတွက်ရှေးဦးပြုစုခြင်း’ ‘ First Aid for All’ သင်တန်းစီမံချက်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာလေ့လာရေးအဖွဲ့ (CDNH) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**GDP ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိ**

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှစ်စဉ် ကမ္ဘာ့ပေါ်မှာ လူဦးရေရှစ်သန်းသည် ကင်ဆာအမျိုးမျိုး၊ နှလုံး၊ အဆုတ်စသည့် နာတာရှည်ရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီ သေဆုံးလျက်ရှိပါကြောင်း၊ ထိုအထဲမှ လူတစ်သန်းကျော်သည် တစ်ပါးသူ၏ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် သေဆုံးနေရကြောင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်အတွင်း လူဦးရေ ၆၄၀၀၀ သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားရသည့် ရောဂါများကြောင့် သေဆုံးခဲ့ရကြောင်း၊ ထိုသေဆုံးမှုပမာဏသည် အိတ်ချ်အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျား ရောဂါသုံးမျိုးပေါင်းကြောင့် တစ်နှစ်တွင် သေဆုံးသူစုစုပေါင်းထက် ပိုများလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သည့် “Investment Case Study on Tobacco Control in Myanmar” အရ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် မြန်မာနိုင်ငံအနေနှင့် ၂၀၁၆ ခုနှစ်အတွင်း ငွေကျပ် ၂ ဒသမ ၆ ထရီလီယမ် (သို့မဟုတ်) ငွေကျပ် သန်းပေါင်း ၂ ဒသမ ၆ သန်း ဆုံးရှုံးခဲ့ပြီး GDP ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်းက ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ MPOWER လုပ်နည်းလုပ်ဟန်များ အကောင်အထည်ဖော်မှုနှင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ဆေးလိပ်ငွေ့ကင်းစင်ရေး ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဥပဒေအခြေခံအချက်အလက်များ၊ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အချက်အလက်များ၊ ရန်ကုန်မြို့တော်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေက လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အချက်အလက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းနှင့် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဆေးလိပ်ငွေ့ ကင်းစင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်နှင့် ဗဟို၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ ထည့်သွင်းစဉ်းစားသင့်သည့်အချက်များကို ဝိုင်းဝန်းဆွေးနွေး ကြသည်။

ဆွေးနွေးပွဲသို့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဒုတိယတိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ WHO နှင့် The Union အဖွဲ့မှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ လှူဒါန်းငွေများနှင့် လှူဒါန်းပစ္စည်းများ လွှဲပြောင်း/ လက်ခံခြင်းအခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန COVID-19 Central Command Centre ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၆) (အထက်မြန်မာပြည်) သူငယ်ချင်းများအဖွဲ့မှ ကိုယ်စားလှယ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ အင်ဂျင်နီယာချုပ် ဦးမျိုးကြွယ်က လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး (၂) ကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် လှူဒါန်းငွေများနှင့် လှူဒါန်းပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းမှုများမှာ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၆) (အထက်မြန်မာပြည်) သူငယ်ချင်းများက လှူဒါန်းငွေကျပ် ၁၅၀၀၀၀၀၊ Myanmar Leading Co,.Ltd. မှ Covid-19 test kit ၆၀၀၊ N95 ၁၀၀၀၊ Surgical Gown ၂၀၀၊ Mask ၁၀၀၀၀၀၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အရာထမ်းလောင်း အခြေခံသင်တန်း CSA (5) သင်တန်းဆင်းအရာရှိများက ငွေကျပ် ၈၅၀၀၀၀၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းလောင်း အခြေခံသင်တန်း CSA (3) သင်တန်းဆင်း သင်တန်းသား သင်တန်းသူများက ငွေကျပ် ၅၀၀၀၀၀၊ ပါမောက္ခ ဒေါက်တာမေမေရီ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆေးသုတေသနဦးစီးဌာနက ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

နေပြည်တော် ဒီဇင်ဘာ ၂၃
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ ၇၅ ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) ညတွင် ပွဲစဉ် (၃)ကို ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် EMPEROR MUSIC BAND & SPECTRUM MUSIC BAND တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် တင်ဦးလေး၊ ဝါးခယ်မရဲမောင်၊ ရင်ဂို၊ စည်သူလွင်၊ တိုနီသစ်လွင်၊ မျိုးကျော့မြိုင်၊ မေဆွိ၊ ကော်နီ၊ ရှင်ဖုန်း၊ ရေဗက္ကာဝင်း၊ စိုးပြည့်သဇင်၊ ဂျူဝယ်လ်၊ ချမ်းမြေ့မောင်ချိုနှင့် မေလသံစဉ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဒီဇင်ဘာ ၂၇ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်ကာလမှာ HIV ဝေဒနာရှင်ပဲဖြစ်ဖြစ်၊ တီဘီလူနာပဲဖြစ်ဖြစ် ဒီလူတွေအားလုံး ဆေးဝါးတွေ မပြတ်လပ်ရေး အလွန်အရေးကြီးလို့ ကျွန်တော်တို့ဘက်က ကြိုးစားပြီး ဆောင်ရွက်နေပါတယ်

ဒေါက်တာထွန်းမြင့်

**ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် တစ်ဖက်တွင်လည်း HIV ဝေဒနာရှင်များ ART ဆေးပြတ်လပ်မှုမရှိစေရေးနှင့် တီဘီဝေဒနာရှင်များအား တီဘီဆေးပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။**



ဒေါက်တာထွန်းမြင့်

ထိုသို့ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

မေး။ ။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့အချိန်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ART ဆေးသောက်နေရတဲ့ HIV ဝေဒနာရှင်တွေအနေနဲ့ ဆေးဝါးပြတ်လပ်သွားမှာ စိုးရိမ်မှုတွေရှိနေတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေကို သိချင်ပါတယ်။

ဖြေ။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ART ဆေးသောက်သုံးနေရတဲ့သူတွေအတွက် ဆောင်ရွက်ထားရှိတဲ့ အခြေအနေလေးတင်ပြလိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှာလည်း ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးဌာနဆိုပြီး ရှိပါတယ်။ ဒီအဖွဲ့ဟာဆိုရင် HIV ကာကွယ်ရေးလုပ်ငန်းတွေ၊ ကုသရေးလုပ်ငန်းတွေ၊ ဒါတွေကိုလည်းပဲ ကျွန်တော်တို့က အစိုးရမဟုတ်တဲ့အဖွဲ့အစည်း NGO အဖွဲ့တွေ၊ လူမှုအခြေပြုကွန်ရက်တွေနဲ့ ပူးပေါင်းပြီးတော့ နဂိုကတည်းက ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ရဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့အခါမှာ HIV တို့၊ တီဘီတို့၊ ငှက်ဖျားတို့ စတဲ့စီမံချက်လုပ်ငန်းတွေကို အရှိန်မလျော့သွားအောင် ဆက်လက်ဆောင်ရွက်သွားဖို့ ညွှန်ကြားထားတာတွေရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ စီမံချက်လုပ်ငန်းတွေအရ ART ဆေးဝါးတွေရရှိရေး၊ စဉ်ဆက်မပြတ် ART ဆေးသောက်နိုင်ရေး၊ HIV ကာကွယ်ရေး လုပ်ငန်းတွေကို အရင်ထက် အရှိန်မြှင့်ပြီးတော့ ဆောင်ရွက်နေပါတယ်။

မေး။ ။ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ HIV ဝေဒနာရှင် အရေအတွက်ဘယ်လောက်ရှိပါသလဲ။ ဆေးဝါးနဲ့ လူနာအရေအတွက်က လုံလောက်မှု ရှိပါသလား သိချင်ပါတယ်။

ဖြေ။ ။ လက်ရှိ မြန်မာတစ်နိုင်ငံလုံးမှာ HIV ပိုးနဲ့ ရှင်သန်နေထိုင်သူဦးရေ ခန့်မှန်းခြေ နှစ်သိန်းလေးသောင်းကျော်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာဆိုရင် ART ဆေးနဲ့ ဆေးကုသတဲ့ ဌာနတွေရှိပါတယ်။ ဆေးသောက်နေတဲ့ ဦးရေကလည်း တစ်သိန်းရှစ်သောင်းကျော်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ART ဆေးကုဌာန ၅၇ ခု ရှိပါတယ်။ အဲဒီ ၅၇ ခုမှာ ART ဆေးသောက်သုံးနေတာက ငါးသောင်းကိုးထောင်ခြောက်ဆယ့်လေးယောက် စာရင်းအရ ရှိပါတယ်။ ဒါပေမယ့် ရန်ကုန်မှာရှိတဲ့ နေထိုင်သူက ငါးသောင်း ခုနစ်ထောင်ဆိုတော့ ဒီပိုတဲ့ လူတွေကတော့ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ကျွန်တော်တို့ဆီ ရောက်လာတဲ့အခါမှာ သူတို့တွေ ဆေးဝါးမပြတ်လပ်နိုင်ရေးအတွက် ကျွန်တော်တို့က ထုတ်ပေးနေတာပဲဖြစ်ပါတယ်။ ART ဆေးဝါးက လုံလောက်ပါတယ်။ ရန်ကုန်မှာရှိတဲ့ဦးရေက ငါးသောင်းခုနစ်ထောင်ရှိပါတယ်။ ဆေးထုတ်ပေးနေတာက ငါးသောင်းကိုးထောင်ဆိုတော့ လုံလောက်မှုရှိပါတယ်။

မေး။ ။ HIV ပိုးရှိတဲ့သူတွေမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့မယ်ဆိုရင် တခြားသူတွေထက်ပိုပြီး ခံစားရနိုင်သလား။ တကယ်လို့ ART ဆေးသောက်တဲ့သူဆိုရင် ကိုဗစ်-၁၉ ကူးစက်ရင်ခံစားရနိုင်မယ့် အခြေအနေတွေလည်း ရှင်းပြပေးပါ။

ဖြေ။ ။ HIV ပိုး ရှိတဲ့သူတွေက ကိုဗစ်-၁၉ ကူးစက်ခံရပြီဆိုရင် တခြားသူတွေထက်ပိုပြီး ရောဂါလက္ခဏာပိုမိုခံစားရကြောင်း သုတေသနတွေ့ရှိချက်တွေအရ တွေ့ရှိရပါတယ်။ အထူးသဖြင့် HIV ပိုး ရှိမှန်းသိတယ်၊ သိပြီး ဆေးလည်းပုံမှန်သောက်တယ်ဆိုတဲ့ အဲဒီလိုလူတွေ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရပြီဆိုရင် ပိုပြီးဆိုးတယ်ဆိုတာကိုတော့ မတွေ့ရပါဘူး။ ဒါပေမယ့် HIV ပိုးကလည်း ရှိနေတယ်၊ ပိုးရှိ၊ မရှိလည်း မစစ်ဆေးထားဘူး၊ ရှိ မရှိမသိဘူး ပေါ့နော်။ နောက်တစ်ခုက HIV ပိုးက စစ်ထားတယ်။ ပိုးရှိတာလည်းပဲသိတယ်။ ဒါပေမယ့်လည်း ART ဆေးမသောက်တဲ့သူတွေ၊ နောက်တစ်ခုက HIV ပိုးက စစ်ထားတယ်။ ဆေးသောက်နေတယ်။ ဒါပေမယ့်လည်း ဆေးကပြတ်နေတယ်။ ဆက်မသောက်ဘူး။ ဒါတွေမှာတော့ ကိုယ်ခံအားကျဆင်းနေတဲ့သူတွေ ဖြစ်တဲ့အတွက် ကိုဗစ်ကူးတဲ့အခါမှာ ရောဂါလက္ခဏာ ပိုမိုခံစားရပါတယ်။ အသက်အန္တရာယ်လည်း စိုးရိမ်ရပါတယ်။ HIV ပိုးရှိနေပေမယ့်လည်း ART ဆေး မှန်မှန်သောက်သုံးနေတယ်ဆိုရင် ကိုဗစ်-၁၉ ကူးစက်တဲ့အခါမှာ ပိုပြီးကူးစက်ခံရတာတို့၊ ပိုပြီးပြင်းထန်တာတို့ စိုးရိမ်စရာအခြေအနေမရှိပါဘူး။

မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခုခံကျကာလသားတိုက်ဖျက်ရေးအဖွဲ့အနေနဲ့ ကိုဗစ်ကာလအတွင်း ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေလည်း သိချင်ပါတယ်။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့က ARTဆေးဝါး စဉ်ဆက်မပြတ်ရရှိရေး ပုံမှန်ဆောင်ရွက်ပါတယ်။ နှစ်သိမ့်ပညာပေးဆွေးနွေးမှုတွေလည်း ဆောင်ရွက်ပါတယ်။ နောက်တစ်ခုကတော့ HIV ပိုး ရှိ မရှိကို စစ်ဆေးတဲ့လုပ်ငန်းတွေ၊ HIV နဲ့ ကာလသားရောဂါ ကာကွယ်ရေးလုပ်ငန်းတွေ၊ ကုသရေးလုပ်ငန်းတွေ ဒီလုပ်ငန်းတွေမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်းမှာ အဆင်ပြေပြေ ဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ပြီး Hot Line ဖုန်းနံပါတ်ပေးပြီး Hot Line ဝန်ဆောင်မှုတွေ ယခုနှစ် အောက်တိုဘာ ၁ ရက်ကစပြီး ဆောင်ရွက်နေတာရှိပါတယ်။ Hot Line ဖုန်းက ၀၉-၇၅၂၈၁၅၂၄၄ နဲ့ ပိတ်ရက်မရှိ နေ့စဉ်ဆက်သွယ်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကနေပြီးတော့ ချိတ်ဆက်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ Hot Line နံပါတ်ကို ဆက်သွယ်ဆောင်ရွက်လာတဲ့ အခြေအနေက ပြီးခဲ့တဲ့ နိုဝင်ဘာလအထိဆိုရင် အမျိုးသား ၁၄၃ ဦး၊ အမျိုးသမီး ၄၈ ဦးရှိပါတယ်။ ဆက်သွယ်လာတဲ့သူ ၇၂ ဒသမ ၂၅ ရာခိုင်နှုန်းက ART ဆေးဝါးရရှိရေးအတွက်ပါ။ ၁၈ ဒသမ ၃၂ ရာခိုင်နှုန်းက HIV စစ်ဆေးနိုင်ရေးအတွက် မေးမြန်းစုံစမ်းကြတာဖြစ်ပါတယ်။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနဲ့ လိင်မှတစ်ဆင့် ကူးစက်တဲ့ရောဂါများအကြောင်း ဖြေကြားပေးခြင်းက ၆ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး HIV အရေးပေါ် ကာကွယ်ကုထုံးလိုအပ်ကြောင်း ခေါ်ဆိုသူ ၂ ရာခိုင်နှုန်းရှိပါတယ်။

မေး။ ။ ကုသရေးစင်တာတွေ၊ Lock Down နေရာတွေမှာ ရောက်နေကြတဲ့ HIV ဝေဒနာရှင်တွေအတွက် ARTဆေးရရှိရေး ဘယ်လိုများဆောင်ရွက်ပေးထားပါသလဲ။

ဖြေ။ ။ သူတို့အတွက်ကတော့ NGO တွေ၊ လူထုအခြေပြုကွန်ရက်တွေ ဒါတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။ ခုနနေရာတွေမှာ ရောက်နေတဲ့သူတွေဆို ART ဆေးထုတ်ယူရရှိရေးဟာ အခက်အခဲရှိမှာပါပဲ။ ဒီအခက်အခဲရှိတဲ့သူတွေအတွက်ကို ဒီကုသရေးစင်တာတွေ၊ Quarantine စင်တာတွေအရောက် ART ဆေးဝါးတွေ ပို့ဆောင်ပေးတာဖြစ်ပါတယ်။ ဆေးမပြတ်လပ်စေရေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါကိုအဓိက ချိတ်ဆက်ဆောင်ရွက်ပေးတဲ့ အဖွဲ့အစည်းက MPG (Myanmar Positive Group) ဖြစ်ပါတယ်။ သူတို့နဲ့ ချိတ်ဆက်ပြီး ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ကနေပြီးတော့ ART ဆေးဝါးတွေကို ဝေဒနာရှင်တွေထံ အရောက်ပို့ပေးတာ ဖြစ်ပါတယ်။

### ဆက်သွယ်ဆောင်ရွက်ပေးနိုင်

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၅၇ နေရာကိုလည်း ပုံမှန်ထုတ်ပေးနေပါတယ်။ ကိုဗစ်ကူးစက်သူနဲ့ ထိတွေ့မှုဖြစ်လို့ Quarantine စင်တာ ရောက်တယ်ဆိုရင် Quarantine ဝင်နေသူတွေအတွက် ၁၂ နေရာရှိတယ်။ အဲဒီနေရာတွေသွားပြီး MPG ကနေပြီးတော့ တိုက်ရိုက်ဆေးဝါးတွေရရှိရေး ဆက်သွယ်ဆောင်ရွက်ပေးနိုင်တယ်။ ကိုဗစ်ဖြစ်သွားပြီဆိုရင် ထားတဲ့နေရာ ချိတ်ဆက်ဆောင်ရွက်ဖို့လေးနေရာရှိပါတယ်။ အောင်ဆန်းဆေးရုံ၊ ဒဂုံဆိပ်ကမ်း ရိုးမရိပ်သာ၊ ဒဂုံအောင်မြင့်မိုရ်၊ တောင်ဥက္ကလာပဆေးရုံ အဲဒီနေရာတွေမှာ ကိုဗစ်ဖြစ်ပြီး ART ဆေးဝါးသောက်နေရသူတွေအတွက် ခုနပြောတဲ့ ၅၇ နေရာအပြင် ဆေးဝါးရောက်ရှိအောင် ပို့ပြီးဆောင်ရွက်နေတာရှိပါတယ်။

မေး။ ။ ART ဆေးဝါးတွေထုတ်ပေးတဲ့အခါမှာဆေးထုတ်ယူသူတွေအဆင်ပြေစေဖို့ယခင်နဲ့ယခုထူးထူးခြားခြား ဆောင်ရွက်ပေးနေတာမျိုးတွေရှိရင်လဲ သိချင်ပါတယ်။

ဖြေ။ ။ ပြီးခဲ့တဲ့ဇန်နဝါရီကစပြီး ကျွန်တော်တို့ရဲ့ စီမံချက်က ART ဆေးဝါးတွေကို အရင်ကဆို သုံးလစာပေးတယ်။ အခုဆိုရင် ခြောက်လစာပြောင်းပေးဖို့ဆိုပြီး ညွှန်ကြားထားတာရှိပါတယ်။ အခုဆိုခြောက်လစာ ထုတ်ပေးနေပါတယ်။ ART ဆေးသောက်သုံးနေတဲ့ ၇၀ ရာခိုင်နှုန်းက ခြောက်လစာထုတ်ပေးထားပြီးပြီ ဖြစ်ပါတယ်။ ဒီအပေါ်မှာတော့ ကျွန်တော်တို့က ခုခံကျကာလသား တိုက်ဖျက်ရေးကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်း ဆေးဝါးပြတ်လပ်မှုမရှိအောင် ထောက်ပံ့နိုင်ခဲ့တာပဲဖြစ်ပါတယ်။ Quarantine စင်တာတွေကို ရောက်နေရင်လည်းပဲ သူတို့မိသားစုတွေကနေပြီးတော့ လိုအပ်တဲ့ အသုံးအဆောင်ကအစ ပို့ဆောင်ရေးအဖွဲ့တွေကလည်းပဲ စေတနာ့ဝန်ထမ်းတွေက ပို့ဆောင်ပေးနေတာဖြစ်တယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ARTဆေးဝါးတွေ၊ ကိုဗစ်-၁၉ ကြောင့် သူတို့ရောက်နေတဲ့နေရာတွေမှာ ဆေးမပြတ်လပ်ရေး ဆောင်ရွက်နေတဲ့အတွက် စိုးရိမ်စရာမရှိအောင် စီစဉ်ဆောင်ရွက်နေပါတယ်။

မေး။ ။ HIV ဝေဒနာရှင်တွေနည်းတူ ကိုဗစ်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တီဘီလူနာတွေအတွက် ဆေးပြတ်လပ်မှုမရှိအောင် ဆောင်ရွက်နေမှုအခြေအနေကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ တီဘီလူနာတွေအတွက် တီဘီဆေးမပြတ်လပ်ရေးက အလွန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဌာနအနေနဲ့ အလေးထားဆောင်ရွက်နေပါတယ်။ တီဘီဆေးမပြတ်လပ်ဖို့အတွက်လည်း တီဘီတာဝန်ခံတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဒီနှစ်မတ်လပိုင်းမှာ Contingency plan ရေးဆွဲထားတာရှိပါတယ်။ ရေးဆွဲပြီး ပြင်ဆင်ထားပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ ဒုတိယလှိုင်းကာလမှာ Stay at Home သတ်မှတ်ထားတဲ့အခါမှာ အခက်အခဲတွေပေါ်လာမှာဖြစ်တဲ့အတွက် ဒီအခက်အခဲတွေ ဖြေရှင်းဖို့အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေ၊ တီဘီတာဝန်ခံတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ Virtual meeting ပြုလုပ်ပြီး လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေချောမွေ့အောင် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

### လုံလုံလောက်လောက် ဖြည့်တင်းထား

ကျွန်တော်တို့မှာ တီဘီဆေး သိုလှောင်ရုံ ရှိပါတယ်။ တီဘီဆေးသိုလှောင်ရုံမှာဆိုရင် တီဘီဆေးနဲ့ ဆေးပစ္စည်းတွေ လုံလုံလောက်လောက် ဖြည့်တင်းထားတာရှိပါတယ်။ တီဘီဆေးရဲ့ Buffer ကို ၄၀ ရာခိုင်နှုန်း အပိုဆောင်းထားပါတယ်။ ဆေးတိုးတီဘီ၊ ရိုးရိုးတီဘီလူနာတွေအတွက် ကနဦး ကြပ်မတ်ဆေးကုတဲ့ ကာလရှိတယ်။ အဲဒီလူနာတွေအတွက် ဆေးနှစ်လစာ ထုတ်ပေးထားပါတယ်။ ဆက်ပြီးကုရမယ့်ကာလရှိတယ်။ အဲဒီအတွက်လည်း သုံးလစာ ထုတ်ပေးထားပါတယ်။ ငါးလကြာတဲ့အခါ သလိပ်စစ်ပြီးတော့ ဆေးဆက်လက်ပေးတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ဒီမှာ ကျွန်တော်တို့ရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေ ရှိပါတယ်။ Population Services International(PSI)၊ Myanmar Medical Association (MMA) တို့ General Practitioners Clinic (GP Clinic) တွေ ပိတ်တဲ့အခါ မြို့နယ်တီဘီဌာနတွေကိုလာပြီး ဆေးတောင်းခံတဲ့အခါ ဆေးမပြတ်လပ်စေရေးအတွက် စီစဉ်ထားတာရှိပါတယ်။ အဲဒီအပြင် ရပ်ဝေး၊ နိုင်ငံခြားကနေ ဆေးတောင်းခံလာရင်လည်း Temporary Drug Supply ပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်။ ရန်ကုန်မှာဆိုရင် အောင်ဆန်းတီဘီဌာန(UTI)၊ လသာတီဘီဌာနတွေမှာ (4FDC)ဆေးပြတ်လပ်မှု မရှိစေရေးအတွက်ကို ဆေး Stock များ ပေးထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးယဉ်ပါးတီဘီ လူနာတွေအတွက် ဆေးတစ်လစာပေးထားပြီး အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်တွေ လက်ထဲမှာလည်း ဆေးတစ်လစာထုတ်ပေးထားပါတယ်။ ဆေးယဉ်ပါးလူနာတွေ Quarantine စင်တာတွေ Lockdown ဧရိယာထဲရောက်နေတယ်ဆိုရင် ဆေးထိုးမှုအခက်အခဲမဖြစ်အောင် ထိုးဆေးအစား သောက်ဆေးပြောင်းပြီး ကုသနိုင်ဖို့ စီစဉ်ထားပါတယ်။

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးထဲမှာ ဆောင်ရွက်ပေးနိုင်တဲ့အခြေအနေက စုစုပေါင်း ရန်ကုန်တစ်တိုင်းလုံးအနေနဲ့ဆိုရင် ဆေးတိုးတီဘီ/ရိုးရိုးတီဘီလူနာ ၁၄၈၆၇ ဦးနဲ့ ဆေးယဉ်ပါးတီဘီလူနာ ၉၄၉ ဦးကို အခမဲ့ကုသပေးနိုင်ခဲ့ပါတယ်။ ဒီအပေါ်မှာတော့ တီဘီရောဂါနဲ့ ပတ်သက်ပြီးတော့ ဆေးယဉ်ပါးတဲ့ တီဘီလူနာတွေရော၊ ရိုးရိုးတီဘီလူနာတွေရော၊ ဆေးတိုးတဲ့ တီဘီလူနာတွေရော အားလုံးကို ကိုဗစ်ကာလထဲမှာ အခက်အခဲ အကျပ်အတည်းတွေကြားထဲကနေ တီဘီဆေးပုံမှန်သောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ တီဘီရောဂါ ကာကွယ်၊ ကုသ၊ စောင့်ရှောက်ရေး လုပ်ငန်းတွေ အရှိန်အဟုန်မပြတ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါထဲမှာ ပိုမိုပြီး တီဘီလူနာတွေ အရှိန်အဟုန်မြင့် ရှာဖွေရေးကလည်း အရေးကြီးပါတယ်။ Mobile Team တွေနဲ့ လှည့်လည်ဆေးကုပြီး ရှာဖွေရေးအပိုင်းမှာရော ကုသရေးအပိုင်းမှာရော ပိုပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ တီဘီဆေးမပြတ်လပ်ရေးကို ဦးစားပေးဆောင်ရွက်နေပါတယ်။

မေး။ ။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိအောင် တီဘီကုသတဲ့နေရာတွေ၊ ဆေးထုတ်ယူရတဲ့နေရာတွေမှာ ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ပတ်သက်ပြီး မြို့နယ်တီဘီဌာနတွေ တီဘီအထူးကု ဆေးရုံကြီးတွေမှာ တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းတွေ လုံလုံလောက်လောက် ဖြန့်ဝေထားတာရှိပါတယ်။ တီဘီဝန်ထမ်းနဲ့ ဆရာဝန်တွေအတွက်ကျတော့ N95 နှာခေါင်းစည်း၊ လက်အိတ်၊ လက်သန့်ဆေးရည်၊ ဆံပင်အကာ၊ မျက်နှာအကာ၊ Surgical gown တွေ ပေးဝေထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ရောဂါကူးစက်မခံရအောင် ကျွန်တော်တို့ရဲ့ နံပါတ်တစ် ဦးစားပေးအချက် ဖြစ်ပါတယ်။ ပြင်ပလူနာဌာနတွေ၊ ဆေးယဉ်ပါးတီဘီဆေးကုဌာနတွေမှာ အလှည့်ကျ တာဝန်ထမ်းဆောင်စေပါတယ်။ တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းတွေအတွက်လည်း YRTA အဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး ယာဉ်အကြို၊ အပို့ စီစဉ်ပေးထားပါတယ်။

### အလွန်အရေးကြီး

တီဘီလူနာတွေအတွက် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း Mask တွေ ဖြန့်ဝေပေးထားပါတယ်။ ကျန်းမာရေးဌာနကို လာရောက်ပြသတဲ့လူနာတွေ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ်မရှိစေရေးက အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် တီဘီလူနာတွေအတွက် ပိုပြီးတော့ကို လူနာတွေ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ်မရှိစေရေးက အလွန်အရေးကြီးတဲ့အတွက် ဆေးခန်းတွေကအစ ပြင်ဆင်ရပါတယ်။ လူနာစောင့်ဆိုင်းတဲ့နေရာတွေမှာ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခြားစီထိုင်ဖို့ လက်ဆေးဖို့အတွက်ကို ခြေနင်းလက်ဆေးဘေစင်တွေတပ်ထားပေးပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကနေပြီးတော့ လူနာကြည့်မယ်ဆိုရင် Level (2) PPE ဝတ်ဆင်ပြီးမှ ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်စေပါတယ်။ ကျန်းမာရေးဌာန အဆောက်အအုံအတွင်းမှာရှိတဲ့ နံရံတွေ၊ ကြမ်းပြင်တွေကို နေ့စဉ်ပိုးသတ်ပြီး သန့်ရှင်းရေးလုပ်ရပါတယ်။ ဒါတွေကိုလည်း နေ့စဉ်ဆောင်ရွက်နေရပါတယ်။

စာမျက်နှာ ၁၁ သို့ ✻

# ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရန် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းက မှာယူထားသော လေယာဉ်အသစ် ထပ်မံရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) သည် လေယာဉ်သစ်များ ထပ်မံဖြည့်တင်းလျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလမတိုင်မီကတည်းက မှာယူထားသော ဘရာဇီးနိုင်ငံထုတ် Embraer E190-100 LR XY-ALP လေယာဉ်အသစ်သည် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။




အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အတွက် ယခုထပ်မံရောက်ရှိလာသည့် လေယာဉ်သည် CDB Company က မှာယူတင်သွင်းခဲ့သည့် လေယာဉ်ဖြစ်ပြီး ယခင်ရောက်ရှိပြီး Embraer လေယာဉ်ကဲ့သို့ပင် Long Range ပျံသန်းနိုင်သည့် အမျိုးအစားဖြစ်ကာ အမြင့်ပေ ၄၀၀၀၀ ကျော်အထိ ပျံသန်းနိုင်ကြောင်း သိရသည်။ အဆိုပါ လေယာဉ်တွင် Business Class ထိုင်ခုံခြောက်ခုံနှင့် Economy Class ထိုင်ခုံ ၉၂ ခုံ ပါရှိပြီး ပြည်တွင်းခရီးစဉ်များတွင် ခေတ်မီလုံခြုံစိတ်ချရကာ သက်သောင့်သက်သာဖြင့် မြန်ဆန်စွာပျံသန်းသယ်ယူပို့ဆောင်ပေးနိုင်သောကြောင့် ပြည်တွင်းခရီးသွားများ အကြိုက်တွေ့နေသည့် လေယာဉ်အမျိုးအစားလည်းဖြစ်သည်။ MAI လေကြောင်းလိုင်းသည် Embraer E190 လေယာဉ်ဖြင့် ယခုပြေးဆွဲပေးနေသည့် မြိတ်၊ စစ်တွေ၊ ထားဝယ်နှင့် ကော့သောင်းမြို့တို့အပြင် ဟဲဟိုး၊ ကျိုင်းတုံ၊ မြစ်ကြီးနားနှင့် ပူတာအိုမြို့များသို့ ၂၀၂၁ ခုနှစ်ဇန်နဝါရီလမှစတင်ကာ ထပ်မံတိုးချဲ့ပျံသန်း ပြေးဆွဲပေးမည်ဖြစ်သလို နေပြည်တော်၊ ညောင်ဦးနှင့် မန္တလေးမြို့များသို့လည်း တိုးချဲ့ပျံသန်းပြေးဆွဲပေးမည်ဖြစ်သည်။

MAI လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရာတွင် တာဝန်ထမ်းဆောင်မည့် လေယာဉ်မှူးများ၊ လေယာဉ်အမှုထမ်းများနှင့် မြေပြင်တွင်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအားလုံးကို ကိုဗစ်-၁၉ ရောဂါပိုးကင်းရှင်းမှု စစ်ဆေးထားရှိပြီးဖြစ်ကာ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခြင်းမရှိအောင် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို Level-2 ဝတ်ဆင်၍ တာဝန် ထမ်းဆောင်ကြမည်ဖြစ်သည်။ ထို့ပြင် လေယာဉ်ခရီးစဉ်တိုင်း ပျံသန်းမှုမစမီနှင့် ပျံသန်းမှုပြီးဆုံးတိုင်း ပိုးသတ်ဆေးဖျန်း၍ ကာကွယ်ခြင်းလုပ်ငန်းကို Standard Operation Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး လေယာဉ်စီးခရီးသည်များ အသုံးပြုရန်အတွက် Travel Hygiene Pack များကိုလည်း ခရီးသည်တစ်ယောက်ချင်းစီသို့ ပေးဝေသွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# အရေပြားအကျိတ်နာရောဂါ (Lumpy Skin Disease) ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာအချို့၌ မွေးမြူထားသည့်နွားများတွင် အရေပြားအကျိတ်နာရောဂါ ကူးစက်ဖြစ်ပွားခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မိမိတို့မွေးမြူထားသောနွားများကို အရေပြားအကျိတ်နာရောဂါဖြစ်ပွားခြင်းမှ တားဆီးကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) နာမကျန်းနွားများကို လွှတ်ကျောင်းခြင်း၊ အခြားနွားများနှင့် ရောနှောခြင်းမပြုရန်၊
- (ခ) နွားမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊
- (ဂ) နွားအသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှနွားများကို ဝယ်ယူမွေးမြူရန်၊
- (ဃ) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိနွားများနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
- (င) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ရန်၊
- (စ) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်း မပြုရန်၊
- (ဆ) ကျွဲ၊ နွားများ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/PC-3)ရယူရန်၊
- (ဇ) မိမိနွားများတွင် အရေပြားအကျိတ်နာဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
- (ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



# လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သုံးဘီးဆိုင်ကယ်အမှိုက်သယ်ယာဉ် လှူဒါန်း

**လက်ပံတန်း ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ယနေ့ နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ သုံးဘီးဆိုင်ကယ် အမှိုက်သယ်ယာဉ် လှူဒါန်းပွဲကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးခိုင်က မြို့ပေါ်ရပ်ကွက်များတွင် အမှိုက်သယ်ယာဉ်ထွက်မရသည့်လမ်းများ၌ အသုံးပြု ရန်ရည်ရွယ်၍ ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ သုံးဘီးမော်တော်ဆိုင်ကယ် အမှိုက်သယ်ယာဉ်အား လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ အဆိုပါ သုံးဘီးဆိုင်ကယ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးတို့ထံ လွှဲပြောင်းလှူဒါန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

# ဝေါမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ) ပဥ္စမနှစ် သက်တမ်းအတွက် ပထမအကြိမ်ထုတ်ချေး

**ဝေါ ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းလင်းသည် ယမန်နေ့က မြစ်ကျိုးကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍဖွံ့ဖြိုးရေး) ကျေးရွာကော်မတီက ပဥ္စမနှစ်သက်တမ်း ပထမအကြိမ် ချေးငွေထုတ်ချေးရာသို့ မြို့နယ်ကော်မတီဝင်များနှင့်အတူ သွားရောက်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာတွင် ရေလုပ်ငန်း၊ ငါးလုပ်ငန်းလုပ်ကိုင်သူဦးရေ စုစုပေါင်း ၃၈၁ ဦးအား ပြန်လည်ထုတ်ချေးငွေကျပ် ၄၉၄၃၀၀၀၀ ကို အတိုးနှုန်း ၅၀ ပြားဖြင့် ပဥ္စမနှစ်သက်တမ်းအတွက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၁၀ မှ

မေး။ ။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလမှာ တီဘီလူနာတွေ ရှာဖွေကုသရေး ဘယ်လိုဆောင်ရွက်နေပါသလဲ။

**ဖြေ။** ။ ကိုဗစ်-၁၉ ကပ်ရောဂါကာလမှာ တီဘီရောဂါလူနာတွေ အရှိန်မြင့်ရှာဖွေဖို့ အလွန်အရေးကြီးပါတယ်။ အလွန်အရေးကြီးတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်မှုနဲ့ ရေးဆွဲထားတဲ့ တီဘီရောဂါ ကွင်းဆင်းရှာဖွေရေး ကုသရေး လမ်းညွှန်ချက်တွေအပေါ် အခြေခံပြီး ယခုနှစ် နိုဝင်ဘာလကနေစကာ Mobile Team နယ်လှည့် ဆေးကုသရေးအဖွဲ့တွေနဲ့ လှည့်လည်ပြီး တီဘီလူနာတွေကို ရှာဖွေတဲ့လုပ်ငန်းလည်းဆောင်ရွက်နေပါတယ်။ နောက်ပြီး ရန်ကုန်တိုင်းဒေသကြီးထဲမှာရှိတဲ့ ဖျားနာကုဆေးခန်းတွေမှာလည်း Mobile Team တွေက လှည့်လည်ပြီး ရောဂါရှာဖွေရေး ဓာတ်မှန်ရိုက်ကူးတာကအစ ဆောင်ရွက်နေပါတယ်။

မေး။ ။ ဖြည့်စွက် ပြောကြားစရာရှိရင် ပြောကြားပေးပါ။

**ဖြေ။** ။ HIV ပိုးရှိတယ်။ ပုံမှန်ဆေးသောက်နေရတယ်ဆိုရင် ပိုပြီးတော့ရောဂါခံစားရတာလည်း မရှိပါဘူး။ ဒါကြောင့် ပုံမှန်ဆေးသောက်ရေးကလည်း သူတို့အတွက် အလွန်အရေးကြီးပါတယ်။ HIV ဝေဒနာရှင်ပဲဖြစ်ဖြစ် တီဘီလူနာပဲဖြစ်ဖြစ် ဒီလူတွေအားလုံး ကိုဗစ်ကာလမှာ ဆေးဝါးတွေမပြတ်လပ်ရေး အလွန်အရေးကြီးလို့ ကျွန်တော်တို့ဘက်က ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ဝေဒနာရှင်တွေဘက်ကလည်း ကိုဗစ်-၁၉ ကူးစက်ခံရမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကာကွယ်ရေးနည်းလမ်းတွေ ညွှန်ကြားချက်တွေကို လိုက်နာဖို့ လိုပါတယ်။ မလိုအပ်ဘဲ အပြင်ကို မထွက်ကြပါနဲ့။ ကိစ္စရှိလို့ အပြင်ထွက်ကြမယ်ဆိုရင်လည်း Mask တွေ Face Shield တွေ သေသေချာချာ တပ်ဆင်ပြီးမှ ထွက်ကြပါ။ လူစုလူဝေးရှိတဲ့နေရာတွေကိုလည်း မသွားကြပါနဲ့။ လက်ကို မကြာခဏဆေးပါ။ ကိုယ့်ရဲ့ဆေးမပြတ်လပ်ရေး ဆောင်ရွက်နေတဲ့နည်းတူ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းတွေကိုလည်း လူနာတွေအားလုံး လိုက်နာပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်။

အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း- သီသီမင်း**
**မင်းသစ်(MNA)၊ ဓာတ်ပုံ-ဥက္ကာဖြိုး**

## ❍ ပုဂံ-ညောင်ဦးဒေသမှ

ပုပ္ပါးတောင်မကြီးခရီးစဉ်နှင့် ကျောက်မြင့်မိုရ်ဘုရားတို့ဖြစ်ကာ ကိုဗစ်ကာလအလွန် ခရီးသွားဧည့်သည်များ သွားရောက်လေ့လာလည်ပတ်နိုင်စေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

“ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဖွင့်လာတဲ့အချိန်မှာ ခရီးသွားဧည့်သည်တွေ ဒေသသစ်တွေလည်ပတ်နိုင်ဖို့အတွက် သဘာဝအခြေပြု ခရီးသွားလုပ်ငန်းတွေကို ဖော်ဆောင်သွားဖို့ ရှိပါတယ်။ ပုဂံဘက်က တုရင်တောင်မှာ ပုဂံခေတ်ကတည်းက ထူးခြားတဲ့ကျောက်ရေကန်ရှိတယ်။ ပုပ္ပါးတောင်ခရီးစဉ်ကိုလည်း မြှင့်တင်မယ်။ ကျောက်မြင့်မိုရ်ဘုရားကို ရေဝတီမြစ်နောက်ခံထားပြီးတော့ Sun Set ကြည့်တဲ့နေရာတွေ ဖော်ထုတ်မယ်။ ခရီးသွားဧည့်သည်တွေ လေ့လာလည်ပတ်တဲ့အခါမှာ လုံခြုံမှုရှိစေရေးတို့အတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီတွေကို ဖွဲ့စည်းပေးထားပါတယ်။ ယခုနှစ် ဇူလိုင်လကစတင်ပြီးတော့ ပုဂံ၊ ပြင်ဦးလွင်၊ မိုးကုတ်တို့မှာ တစ်ပြိုင်တည်း ဖွဲ့စည်းပေးခဲ့ပါတယ်။ ဆက်လက်ပြီးတော့ မန္တလေး၊ အင်းဝ၊ မိတ္ထီလာ စတဲ့ဒေသတွေမှာ ဖွဲ့စည်းသွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

ပုဂံညောင်ဦးဒေသရှိ အထင်ကရဘုရားစေတီပုထိုးများ၊ ယဉ်ကျေးမှု အနုလက်ရာများနှင့် ခရီးစဉ်ဒေသအသစ်များကို ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက် လေ့လာလည်ပတ်နိုင်စေရန်အတွက် ပုဂံညောင်ဦး ခရီးစဉ် ဒေသစီမံခန့်ခွဲရေးကော်မတီ(DMO)ကိုလည်း ဖွဲ့စည်းထားပြီး ခရီးစဉ်များ၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့် စနစ်တကျသွားရောက်လည်ပတ်နိုင်စေရေးတို့အတွက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပုဂံ၊ ညောင်ဦးဒေသတွင် ယခုကဲ့သို့ ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်ပေးသည့်အတွက် ဒေသခံများ၏ လူမှုစီးပွားဘဝများ တိုးတက်လာနိုင်သလို ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနိုင်မည့် နည်းလမ်းများကိုလည်း ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုဗစ်-၁၉ ထောက်ပံ့ရေး ဥပဒေကြမ်းကို သမ္မတထရမ့် ပယ်ချ



**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

သမ္မတထရမ့်သည် ကိုဗစ်-၁၉ ထောက်ပံ့ရေးဥပဒေကြမ်းကို လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့ပြီး ဥပဒေပြုအမတ်များအနေဖြင့် အမေရိကန် ပြည်သူများအတွက် ယခုထက် သုံးဆများပြားသည့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရန် လိုအပ်ကြောင်း တောင်းဆိုခဲ့သည်။

သို့ရာတွင် ထိုဥပဒေကြမ်းအား ပယ်ချခဲ့သည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း ပြောကြားခြင်းမရှိဘဲ "ရှက်ဖွယ်ကောင်းသည့် ဥပဒေကြမ်း" ဟူသော စကားလုံးသုံးနှုန်းခြင်းဖြင့်သာ လက်မှတ်မရေးထိုးခဲ့ခြင်းကို တွစ်တာစာမျက်နှာမှတစ်ဆင့် အသိပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်အနေနဲ့ ဥပဒေပြုလွှတ်တော်အမတ်တွေကို ဒီဥပဒေ ပြင်ဆင်ရေးဆွဲဖို့ တောင်းဆိုထားပါတယ်။ ပြည်သူတစ်ယောက်ကို ဒေါ်လာ ၆၀၀ မဟုတ်ဘဲ တစ်ဦးကို ဒေါ်လာ ၂၀၀၀၊ စုံတွဲတစ်တွဲကို ဒေါ်လာ ၄၀၀၀ စီပေးဖို့ပါ။ နောက်ပြီး ဥပဒေပြုလွှတ်တော်အနေနဲ့ အချိန်ကုန်မယ့် အရာတွေကို ဥပဒေပြုရေးကနေဖယ်ရှားပြီး အသုံးဝင်မယ့် ဥပဒေကြမ်းပဲ ကျွန်တော့်ဆီ အမြန်ပို့ပေးပါ" ဟု ပြောကြားသည်။

သမ္မတထရမ့်၏ ယခုလို ငြင်းဆန်မှုက အလုပ်လက်မဲ့နှုန်း လျှော့ချရေးနှင့် ဝယ်လိုအားမြင့်မားလာရေး ကြိုးပမ်းနေသည့် အမေရိကန်စီးပွားရေး နာလန်ထူမှုအတွက် ထိခိုက်မှုရှိလိမ့်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်သည်။

ဥပဒေပြုလွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေကြမ်းသည် "ကိုရိုနာဘတ်စ်" ဟု အမည်ရသည့် စာမျက်နှာ ၅၅၉၃ ရှိသည့် ကိုဗစ်-၁၉ သက်သာ ချောင်ချိရေးဆိုင်ရာ ဥပဒေကြမ်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ အမေရိကန်အစိုးရက ကိုရိုနာဗိုင်းရပ်စ် သက်သာချောင်ချိရေး အစီအစဉ်တစ်ခုတည်းအတွက်ပင် ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ သုံးစွဲသွားမည်ဖြစ်သည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - မေလွဲသင်း

# အာဂျင်တီးနားနိုင်ငံက ၂၀၃၀ ပြည့်နှစ်မတိုင်မီ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၂၆ ရာခိုင်နှုန်းအထိ လျှော့ချမည်

**ဗျူနိုအေးရိစ် ဒီဇင်ဘာ ၂၃**

အာဂျင်တီးနားသမ္မတ အယ်ဘတ်တိုဖာနန်ဒက်ဇ်က ပါရီသဘောတူညီချက် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ပြီး ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးနှင့် ပတ်သက်သော နိုင်ငံ့ရည်မှန်းချက်ကို ကြေညာလိုက်သည်။

"အာဂျင်တီးနားနိုင်ငံက ပါရီသဘောတူညီချက် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြီး နိုင်ငံတော်မူဝါဒတစ်ခုအဖြစ် ချမှတ်ထားပါတယ်" ဟု ပြီးခဲ့သည့် ရက်သတ္တပတ်က ပြုလုပ်သော ပါရီသဘောတူညီချက် လက်မှတ်ရေးထိုးသည့် ငါးနှစ်မြောက် နှစ်ပတ်လည်အခမ်းအနား၌ သမ္မတဖာနန်ဒက်ဇ်က ပြောကြားသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၂၆ ရာခိုင်နှုန်းနီးပါး လျှော့ချမည့် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်တစ်ရပ်ကို အာဂျင်တီးနားနိုင်ငံက ချမှတ်ထားကြောင်း ၎င်းက ဆိုသည်။




အာဂျင်တီးနားနိုင်ငံက ၂၀၃၀ ပြည့်နှစ်မတိုင်မီ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၁၅ ရာခိုင်နှုန်းအထိ လျှော့ချရန် ကြိုးပမ်းမည်ဟု ၂၀၁၅ ခုနှစ်တွင် သမ္မတဟောင်း မော်ရီစီယိုမတ်ခရီ အစိုးရအဖွဲ့က ကြေညာခဲ့ပြီး သမ္မတဖာနန်ဒက်ဇ်က ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၂၅ ဒသမ ၇ ရာခိုင်နှုန်းအထိ လျှော့ချရန် ကြေညာခဲ့ခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ ကိုင်တွယ်ဖြေရှင်းရန် ရည်မှန်းချက်ကြီးမားသော အမျိုးသားအဆင့် စီမံချက်တစ်ရပ်ဖော်ဆောင်ရန် အာဂျင်တီးနားအစိုးရက ဆောင်ရွက်နေသည်ဟု ၎င်းက ဆိုသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ကျော်ထိုက်စိုး

# ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အင်ဒိုနီးရှားသမ္မတက အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်း

**ဂျကာတာ ဒီဇင်ဘာ ၂၃**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ၎င်း၏ အစိုးရအဖွဲ့ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၈၅၆၃၉ ဦးရှိကြောင်းနှင့် သေဆုံးသူစုစုပေါင်း ၂၀၄၈ ဦး ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

သမ္မတ ဂျိုကိုဝီဒိုဒိုသည် နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဆူရာဘာယာမြို့၏ လက်ရှိမြို့တော်ဝန် ထရီရစ်မာဟာရီနီကို လူမှုရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဂျကာတာမြို့၏ ဒုတိယမြို့တော်ဝန်ဟောင်းကို ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဖန်တီးမှုဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ၏ အစိုးရအဖွဲ့တွင် ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဘူဒီဂူနာဒီဆာဒီကင်ကို ကျန်းမာရေးဝန်ကြီးအဖြစ် လည်းကောင်း၊ မွတ်စလင်ဘာသာရေးခေါင်းဆောင် ယာကွတ်ချိုလီလ်ကွမ်ကို ဘာသာရေးဝန်ကြီးအဖြစ်လည်းကောင်း သမ္မတဂျိုကိုဝီဒိုဒိုက ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အစိုးရအဖွဲ့အပြောင်းအလဲအဖြစ် လက်ရှိ အမေရိကန်နိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်မှုဟာမက်လက်ဖီသည် ကုန်သွယ်ရေးဝန်ကြီးဖြစ်လာမည်ဖြစ်ကြောင်းနှင့် လက်ရှိကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ထရန်ဂိုနိုသည် ရေကြောင်းရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အသစ်ခန့်အပ်လိုက်သည့် ဝန်ကြီးများသည် ယနေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်းလည်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# ဆွစ်ဇာလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်

**ဂျီနီဗာ ဒီဇင်ဘာ ၂၃**


ဆွစ်ဇာလန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့စတင်ခဲ့ရာ ဘိုးဘွားရိပ်သာ၌ နေထိုင်သော အသက် ၉၀ အရွယ်အဘွားအိုသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမဦးဆုံး ထိုးနှံသူတစ်ဦးဖြစ်လာခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံအလယ်ပိုင်း လူဆာနီဒေသ၌ နေထိုင်သော အဆိုပါ အဘွားအိုသည် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမဦးဆုံး ထိုးနှံမှုခံယူခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဒေသဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုအကြီးအကဲ ကွီဒိုဂရာ့ဖ်က လူဆာနီဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်နိုင်ခဲ့သည့်အတွက် အလွန်ပင်ကျေနပ်အားရမိပါကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် အရေးကြီးသော အခရာတစ်ခုပင်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ



# Pfizer ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ယူအေအီးနိုင်ငံသို့ ရောက်ရှိ

**ဒူဘိုင်း ဒီဇင်ဘာ ၂၃**

Pfizer နှင့် BioNTech တို့ ပူးတွဲထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမအသုတ် အမ်းမရိတ်လေကြောင်းလိုင်းမှ ကုန်တင်လေယာဉ်တစ်စင်းဖြင့် ယမန်နေ့နှောင်းပိုင်းက ဘယ်လ်ဂျီယံနိုင်ငံမှ ယူအေအီးနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ဒူဘိုင်းပြန်ကြားရေးရုံးက တွစ်တာစာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။ ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးကို အခမဲ့ ထိုးနှံပေးမည်ဟုလည်း အဆိုပါရုံးက ဆိုသည်။

ယမန်နေ့နှောင်းပိုင်းက ဗိုင်းရပ်စ်ကာကွယ်ဆေး အရေးပေါ် မှတ်ပုံတင်မှုပြုလုပ်ခဲ့ကြောင်း ယူအေအီးကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ လူသားများ၏အသက်ကို ကယ်တင်မည့် ရည်မှန်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အသုံးပြုခွင့်ကို ယူအေအီးကောင်စီက တရားဝင်ဖြစ်စေခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနက ဆိုသည်။

ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်များ အောင်မြင်မှုရရှိစေရန်နှင့် ကပ်ရောဂါပျံ့နှံ့မှု တားဆီးရေးအစီအမံများ ဆောင်ရွက်ရာတွင် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆိုပါကောင်စီက ကမ္ဘာတစ်ဝန်းရှိ အသိုင်းအဝိုင်းများသို့ တိုက်တွန်းခဲ့သည်။

ကိုးကား - ဂတ်နယူးစ်
ဘာသာပြန် - ကျော်ထိုက်စိုး

# ကပ်ရောဂါ၏ အဆိုးဆုံးကာလများကို ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း အမေရိကန်ပြည်သူများအား ရွေးကောက်ခံသမ္မတဘိုင်ဒင် သတိပေး



**ဝီလ်မင်တန် ဒီဇင်ဘာ ၂၃**

ကိုဗစ်–၁၉ ကပ်ရောဂါ၏ အဆိုးဆုံးကာလများ ရောက်ရှိလာဦးမည်ဖြစ်သဖြင့် အမေရိကန်ပြည်သူများအနေဖြင့် မိမိကိုယ်မိမိ ထိန်းကျောင်းခြင်းနည်းလမ်းဖြင့်သာ ကပ်ရောဂါဘေးမှ လွန်မြောက်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ရွေးကောက်ခံသမ္မတ ဘိုင်ဒင်က သတိပေးပြောကြားခဲ့သည်။

"ဒီလို အကျပ်အတည်းကာလအတွင်းမှာ ခင်ဗျားတို့ကို ကျွန်တော့်ဘက်ကပေးနိုင်တဲ့ တစ်ခုတည်းသော ကတိကဝတ်က ကျွန်တော့်ရဲ့ ခေါင်းဆောင်မှုအပိုင်းပဲ။ ပြောစရာရှိတာကို အမှန်အတိုင်းပြောမယ်ဆိုရင် ကပ်ရောဂါရဲ့ အဆိုးဆုံးကာလတွေကို ဆက်လက်ရင်ဆိုင်ရဦးမယ်ဆိုတာ ဖုံးကွယ်လို့မရတဲ့ ရိုးရှင်းတဲ့အမှန်တရားပါပဲ" ဟု ဘိုင်ဒင်က ဒီလာဝဲလ်ပြည်နယ် ဝီလ်မင်တန်မြို့၌ သတင်းထောက်များကို ပြောကြားခဲ့သည်။

ဘိုင်ဒင်က နိုင်ငံသားများအနေဖြင့် မိမိတို့ ချစ်ခင်သူများကို စောင့်ရှောက်လိုပါက ခပ်ခွာခွာနေထိုင်ခြင်း၊ နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် လက်ဆေးကြောခြင်းတို့ကဲ့သို့ ကိုဗစ်–၁၉ အခြေခံကာကွယ်ရေးနည်းလမ်းများဖြင့် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများကို ဖြတ်ကျော်ရန်လည်း သတိပေးခဲ့သည်။ ထို့အပြင် ဗိုင်းရပ်စ်ပိုးကို အနိုင်ရရှိရန်အတွက် စိတ်ရှည်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ဖွဲ့သန်မှုတို့ လိုအပ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘိုင်ဒင်သည် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၁ ရက်က Pfizer ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး ဆေး၏ကာကွယ်နိုင်စွမ်းနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုတို့အပေါ် ရာနှုန်းပြည့် ယုံကြည်မှုရှိကြောင်း ထောက်ခံခဲ့သလို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်မှာ အမေရိကန်နိုင်ငံအတွက် အရေးအကြီးဆုံး ဆောင်ရွက်ချက်ဖြစ်ကြောင်း ဆိုသည်။ ဘိုင်ဒင်သည် အမေရိကန်ဒေါ်လာ ၉၀၀ ဘီလီယံ ကပ်ရောဂါ အကူအညီပေးရေးအစီအစဉ်ကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်လုံးက အတည်ပြုခဲ့ခြင်းအား ကြိုဆိုခဲ့သော်လည်း အချိန်လွန်ခါနီးမှ ရရှိလာခဲ့သည့် အစီအစဉ်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားသည်။ **ကိုးကား – စီဘီအက်စ်နယူးစ်၊ ဘာသာပြန် – မေလွဲ့သင်း**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀ ဒသမ ၀၉ သန်းကျော်ရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၉၅၀ ရှိခဲ့ရာ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၉၉၃၀၈ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏နောက်ဆုံးအချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၃ ဦးရှိခဲ့ရာ အိန္ဒိယနိုင်ငံတစ်ဝန်းတွင် သေဆုံးသူပေါင်း ၁၄၆၄၇၆ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ဆေးဝါးကုသမှုများခံယူပြီးနောက် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၉၆၆၃၃၈၂ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိနိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ဆဲလူနာ ၂၈၉၄၅၀ ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ ဒီဇင်ဘာ ၂၂ ရက်အထိ လူဦးရေ ၁၆၄၆၈၇၂၁ ဦးကို ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ထားခဲ့ပြီးဖြစ်ကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာ သုတေသနကောင်စီက ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်သေဆုံးမှုအများဆုံးမြို့ဖြစ်ပြီး လက်ရှိအချိန်အထိ နယူးဒေလီမြို့တွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၃၂၉ ဦးရှိကြောင်း မြို့တော်၏ကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## ယူကရိန်းနိုင်ငံက ပြည်သူ သန်း ၂၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးရန် စီစဉ်

**ကီယက်ဗ် ဒီဇင်ဘာ ၂၃**

ယူကရိန်းနိုင်ငံသည် ပြည်သူ သန်း ၂၀ အား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးပေးရန် စီစဉ်လျက်ရှိပြီး လက်ရှိတွင် ယူကရိန်းကျန်းမာရေးဝန်ကြီးဌာနကလည်း ကာကွယ်ဆေးထိုးမည့်အစီအစဉ်ကို အတည်ပြုထားခြင်းကြောင့် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးရရှိမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးစင်တာက ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါကိုဗစ်–၁၉ရောဂါကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်ကိုအဆင့်လေးဆင့်ဖြင့်ဆောင်ရွက်ရန်အတည်ပြုထားပြီး ထိခိုက်လွယ်ဆုံးနိုင်ငံသားများကို ဦးစားပေးထိုးနှံမည်ဖြစ်ကြောင်းလည်း သိရသည်။ ယူကရိန်းနိုင်ငံသည် ၂၀၂၁ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးရရှိမည်ဖြစ်ကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများကိုဆေးဝါးကုသမှုပေးနေသည့် ဆရာဝန်များသည် ပထမဆုံး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးရရှိမည်ဖြစ်ကြောင်း ယူကရိန်းပြည်သူ့ကျန်းမာရေးစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် ယူကရိန်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၇၉၅၀၆ ဦး၊ သေဆုံးသူ ၁၆၈၉၇ ဦးနှင့် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၀၀၂၈၈ ဦးရှိကြောင်း ယူကရိန်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**



## အန္တာတိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ ပထမဆုံးတွေ့ရှိ

**ဆန်တီယာဂို ဒီဇင်ဘာ ၂၃**

အန္တာတိကတိုက်ရှိ စစ်အခြေစိုက်စခန်းနှစ်ခုနှင့် အန္တာတိကတိုက်သို့ သွားခဲ့သည့် စစ်သင်္ဘောပေါ်တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၅၈ ဦး တွေ့ရှိခဲ့ကြောင်း ချီလီအာဏာပိုင်များက ယမန်နေ့တွင် ကြေညာခဲ့သည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများသည် အန္တာတိကတိုက်၏ ပထမဆုံး ဗိုင်းရပ်စ်ကူးစက်ခံရသူများ ဖြစ်သည်။

အန္တာတိကတိုက်ရှိ The Gen. Bernardo O'Higgins Riquelme စစ်အခြေစိုက်စခန်း၌ ၃၆ ဦး ကိုဗစ်–၁၉ ရောဂါကူးစက်ခံထားရကြောင်း ချီလီတပ်မတော်က ဒီဇင်ဘာ ၂၁ ရက်တွင် ကြေညာခဲ့သည်။ ထို့ပြင် ချီလီနိုင်ငံ ဘိုင်အိုဘိုင်အိုဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီးက ချီလီနိုင်ငံပိုင် ဆာဂျင်တိုအယ်ဒီရာ စစ်သင်္ဘောပေါ်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁ ဦး တွေ့ရှိခဲ့ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

နောက်ထပ် ဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးအား အန္တာတိကတိုက်ရှိ ဒုတိယဗိုလ်ချုပ်ကြီး ရိုဒိုလ်ဖို မာ့ရှ်မာတင် အမည်ရှိ လေကြောင်းအခြေစိုက်စခန်းရှိသည့် လာ့စ်အီစထရီလာရွာ၌ တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါရွာတွင် ဆာဂျင်တိုအယ်ဒီရာ စစ်သင်္ဘော ကျောက်ချရပ်နားခဲ့သည်။

အဆိုပါ စစ်အခြေစိုက်စခန်း၌ တွေ့ရှိခဲ့သော ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၆ ဦးတွင် တပ်မတော်သား ၂၆ ဦးပါဝင်ပြီး ကျန် ၁၀ ဦးမှာ အရပ်သားအလုပ်သမားများ ဖြစ်ကြောင်း သိရသည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဗြိတိန်အား ခရီးသွားလာခွင့်ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးရန် အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံအား ဥရောပကော်မရှင် တိုက်တွန်း

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၂၃**

ကူးစက်မြန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည့် ဗြိတိန်နိုင်ငံအား ခရီးသွားလာခွင့် ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးရန် ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင် ၂၇ နိုင်ငံကို အီးယူ၏ အလုပ်အမှုဆောင်အဖွဲ့ဖြစ်သည့် ဥရောပကော်မရှင်က တိုက်တွန်းခဲ့သည်။

လတ်တလောကာလတွင် အီးယူအဖွဲ့ဝင်နိုင်ငံအများစုက ဗြိတိန်မှ ခရီးသည်များ ဝင်ရောက်မှုကို တားမြစ်ထားသည်။ အီးယူနိုင်ငံများသည် နယ်စပ်ဂိတ်များ ထိန်းချုပ်ရေးတွင် ၎င်းတို့ကိုယ်ပိုင်မူဝါဒများဖြင့်သာ ဆောင်ရွက်နေကြရာ အဖွဲ့ဝင်နိုင်ငံများအားလုံးအကြား ဘုံမူဝါဒတစ်ရပ် ဖြစ်ထွန်းလာရေးအတွက် ၂၇ နိုင်ငံမှ သံအမတ်ကြီးများက ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံအများစုသည် ဗြိတိန်တွင် ရောက်ရှိနေသည့် ၎င်းတို့၏ နိုင်ငံသားများကို ပြန်လာရန် ခွင့်ပြုမည်ဖြစ်သော်လည်း ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှု ခံယူပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ကော်မရှင်၏ထုတ်ပြန်ချက်အရ သိရသည်။ သို့ရာတွင် မဖြစ်မနေ ခရီးသွားခြင်းမှအပ ကျန်ဝင်ရောက်ခွင့်အားလုံးကို ဆက်လက်ပိတ်ပင်ထားဦးမည်ဖြစ်သည်။

ဗြိတိန်တွင် ရောက်ရှိနေသည့် ဘယ်လ်ဂျီယံနိုင်ငံသားများအနေဖြင့် ဘယ်လ်ဂျီယံသို့ ပြန်လည်ဝင်ရောက်ရေးကို ယနေ့တွင် စတင်ခွင့်ပြုပေးမည်ဖြစ်သော်လည်း ဂျာမနီကမူ ဗြိတိန်မှ လာရောက်မည့် ခရီးသည်ဝင်ရောက်မှုကို ဆက်လက်ပိတ်ပင်ထားဦးမည်ဖြစ်သည်။

ဗြိတိန်တွင် ကူးစက်မြန် ဗီဇပြောင်းဗိုင်းရပ်စ် တွေ့ရှိကြောင်း ကြေညာခဲ့ပြီးနောက် ကနေဒါ၊ ဩစတြေးလျ၊ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံ ၅၀ ကျော်က ဗြိတိန်နိုင်ငံမှ လာရောက်ရန်ရှိသည့် ခရီးစဉ်များအားလုံးကို ပိတ်ပစ်ခဲ့သည်။ ဆော်ဒီအာရေဗျ၊ ကူဝိတ်နှင့် အိုမန်နိုင်ငံတို့ကမူ မည်သည့်နိုင်ငံတကာလေယာဉ်များကိုမျှ ဝင်ထွက်ခွင့်ပြုတော့မည်မဟုတ်ကြောင်း ကြေညာခဲ့သည်။

ဗီဇပြောင်း ဗိုင်းရပ်စ်မှာ ကူးစက်မှုနှုန်း ပိုမိုလျင်မြန်သော်လည်း သေဆုံးမှုနှင့် ရောဂါပြင်းထန်မှုနှစ်ရပ်လုံးတွင် ပိုမိုပြင်းထန်နိုင်ဖွယ်မရှိသလို ကာကွယ်ဆေးအပေါ် ခုခံနိုင်စွမ်းလည်း ပိုမိုမြင့်မားမည်မဟုတ်ကြောင်း ကျွမ်းကျင်ပညာရှင်အချို့က သုံးသပ်သည်။ အချို့ပညာရှင်များကမူ ဗီဇပြောင်းဗိုင်းရပ်စ်အသစ်သည် နိုင်ငံအတော်များများတွင် ပျံ့နှံ့ဖွယ်ရှိပြီး ဗြိတိန်က မျိုးဗီဇပြောင်းလဲမှု၏ ဖြစ်စဉ်ကို အသေးစိတ်သိရှိရေး ကြိုးပမ်းခဲ့ခြင်းကြောင့်သာ ဗြိတိန်၌ ဗီဇပြောင်း ဗိုင်းရပ်စ် တွေ့ရှိခြင်းဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအချို့က ယူဆနေခြင်းဖြစ်သည်ဟူသော သုံးသပ်ချက်များ ရှိနေသည်။

**ကိုးကား – ဘီဘီစီ**
**ဘာသာပြန် – မေလွဲ့သင်း**

## မလေးရှားနိုင်ငံက Sputnik V ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၆ ဒသမ ၄ သန်း ဝယ်ယူရန် ရုရှားနိုင်ငံနှင့် ဆွေးနွေး

**မော်စကို ဒီဇင်ဘာ ၂၃**

မလေးရှားနိုင်ငံက Sputnik V ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၆ ဒသမ ၄ သန်း ဝယ်ယူရန် ရုရှားနိုင်ငံနှင့် ဆွေးနွေးနေကြောင်း သိပ္ပံ၊ နည်းပညာနှင့် တီထွင်မှုဝန်ကြီး ခိုင်ရီဂျာမာလူဒင်က ပြောသည်။

အများပြည်သူ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်များ တိုးမြှင့်လုပ်ဆောင်နိုင်မည့် ကာကွယ်ဆေးများ တိုးမြှင့်ဝယ်ယူရန် မလေးရှားအစိုးရက Pfizer နှင့် BioNTech ကုမ္ပဏီတို့နှင့် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောသည်။ ဗိုင်းရပ်စ်ကူးစက်မှု ၉၈၀၀၀ နီးပါးရှိသော မလေးရှားနိုင်ငံက ကာကွယ်ဆေး အလုံးရေ ၆ ဒသမ ၄ သန်း ဝယ်ယူရန် AstraZeneca ကုမ္ပဏီနှင့် သဘောတူညီခဲ့ကြောင်း ဝန်ကြီးချုပ် မူယက်ဒင်ယာဆင်က ယမန်နေ့တွင် ကြေညာခဲ့သည်။ Sputnik V ကာကွယ်ဆေးအပြင် မလေးရှားနိုင်ငံက တရုတ်နိုင်ငံ Sinovac နှင့် CanSino၊ ရုရှားနိုင်ငံမှ Gamaleya သုတေသနအဖွဲ့အစည်းနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် ဆွေးနွေးလျက်ရှိသည်။

ရုရှားနိုင်ငံက ဩဂုတ်လ ၁၁ ရက်တွင် တရားဝင်အတည်ပြုခဲ့သည့် Sputnik V ကိုဗစ်ကာကွယ်ဆေးသည် ကမ္ဘာပေါ်တွင် ပထမဆုံး ဗိုင်းရပ်စ်ကာကွယ်ဆေးဖြစ်ပြီး ယခုအခါ အဆင့် ၃ လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်ပြီးဖြစ်သည်။ **ကိုးကား–စပွတ်ညစ်၊ ဘာသာပြန် – ကျော်ထိုက်စိုး**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | | |
|---|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၇၈၄၇၆၅၈၆ | ဦး |
| | သေဆုံးသူ | ၁၇၂၆၅၅၈ | ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၅၅၂၄၅၆၅၆ | ဦး |

# အောင်မြေသာစံမြို့နယ်၌ လုယက်မှုများအပါအဝင် လူသတ်မှုနှစ်မှု ဖော်ထုတ်နိုင်

မန္တလေး ဒီဇင်ဘာ ၂၃

မန္တလေး အောင်မြေသာစံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အောင်မြေသာစံမြို့နယ်အတွင်း ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူများအား စစ်ဆေးရာမှ လုယက်မှုများအပါအဝင် ဆရာဝန်တစ်ဦးအား ဓားဖြင့်ထိုးသတ်၍ ပစ္စည်းလုယက်သွားမှုနှင့် ၃၅ လမ်းတွင် အမျိုးသမီးတစ်ဦးအား ဆိုင်ကယ်ဘေးချင်းယှဉ်၍ ပိုက်ဆံအိတ်လုယူခဲ့ရာမှ ပြုတ်ကျသေဆုံးခဲ့မှုတို့ကို ယနေ့နံနက်ပိုင်းက ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် ည ၇ နာရီခန့်က အောင်မြေသာစံမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်စဉ် မြို့ပတ်ကမ်းနားလမ်း နှင်းဆီအိမ်ရာရှေ့တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာသူနှစ်ဦးကို တွေ့ရှိစစ်ဆေးရာမှ လုယက်မှုများနှင့် လူသတ်မှုနှစ်ခု ကျူးလွန်သည်ဆိုသူ စုစုပေါင်း ၁၃ ဦးကို ဖော်ထုတ်နိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများက လက်ကိုင်ဖုန်းများ လုယူခြင်း၊ ဓားထောက်၍ ဆိုင်ကယ်လုယက်ခြင်း၊ ပိုက်ဆံအိတ်လုယက်ခြင်းတို့ကို ကျူးလွန်ခဲ့သူများဖြစ်ပြီး ၂၆ လမ်းနှင့် ၃၅ လမ်းကြား သင်္ဂဇာချောင်းပတ်လမ်း၊ ကန်တော်ကြီးပတ်လမ်း၊ ၁၄ လမ်း ချစ်သူလမ်းကြား၊ ၃၄ လမ်း၊ ၆၅ x ၆၆ လမ်းကြားတို့တွင် ကျူးလွန်ခဲ့ကြကြောင်း သိရသည်။

သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ လက်ကိုင်ဖုန်း ၂၅ လုံး၊ ဆိုင်ကယ်အမျိုးအစားပေါင်းစုံ ခြောက်စီးနှင့် ရွှေလက်စွပ်မောင်းကွင်းနှစ်ကွင်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေအရ သက်ဆိုင်ရာနယ်မြေရဲစခန်း အသီးသီးတို့တွင် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရဲ



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။




# အယုံလွယ်သူများထံမှ ငွေကြေးလိမ်လည်ရယူသူ နိုင်ငံခြားသားများပါဝင်ပတ်သက်သည့်ဂိုဏ်း ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၃

အယုံလွယ်သူများအား ယုံကြည်အောင်ပြောဆို၍ အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ပြီး ဘဏ်သို့ ငွေလွှဲစေကာ MPU ကတ်များအသုံးပြုပြီး လိမ်လည်ရယူသူ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သည့် ဂိုဏ်းတစ်ခုအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**စတင်မိတ်ဖွဲ့လာ**

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ဖြစ်စဉ်ခြေရာခံမိသည့်အခြေအနေမှာ မန္တလေးမြို့နေ Tin Yan Naing Facebook Account သို့ Eve Garden Facebook Account အသုံးပြုသည့် အမျိုးသမီးတစ်ဦးက နိုဝင်ဘာ ၂၈ ရက်တွင် စတင်မိတ်ဖွဲ့လာခဲ့ပြီး Facebook ပေါ်၌ ခင်မင်ချိန်နှစ်ပတ်ခန့်အတွင်း ၎င်းသည် အမေရိကန်နိုင်ငံသူ ကိုရီးယားလူမျိုးတစ်ဦးဖြစ်ကြောင်း၊ ဆီးရီးယားစစ်မြေပြင်တွင် ငြိမ်းချမ်းရေးတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ချိန် အမေရိကန်ဒေါ်လာ ၇၄၀၀၀၀ နှင့် ရွှေချောင်းများရရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ထိန်းသိမ်းရန် အခက်အခဲဖြစ်သဖြင့် ယခု Account ပိုင်ရှင်ထံ ယုံကြည်သောကြောင့် အပ်နှံထားလိုကြောင်း၊ Delivery နည်းလမ်းဖြင့် ပစ္စည်းများပေးပို့မည်ဖြစ်ကြောင်း ပြောဆိုကာ ပစ္စည်းထုပ်များ၊ ဒေါ်လာများ၏ ဓာတ်ပုံများ ပေးပို့လာခဲ့ကြောင်း၊ နှစ်ရက်ခန့်အကြာတွင် အမျိုးသမီးတစ်ဦး၏အသံဖြင့် ၎င်းအမျိုးသားထံသို့ ဖုန်းဆက်သွယ်လာခဲ့ပြီး ရန်ကုန်လေဆိပ် ပစ္စည်းလက်ခံဌာနမှဖြစ်ကြောင်း၊ ပြည်ပမှ ပို့လိုက်သည့်ပစ္စည်းများ ရန်ကုန်လေဆိပ်သို့ရောက်နေကြောင်း၊ ပစ္စည်းထုတ်ယူရန် အမေရိကန်ဒေါ်လာ ၁၂၅၀ (မြန်မာငွေကျပ် ၁၆၇၀၀၀၀) ကို Bank Account သို့လွှဲပေးရန် တစ်ကြိမ်အပါအဝင် ပစ္စည်းထုတ်ယူရန် အကြောင်းအမျိုးမျိုးဖြင့် ငွေသုံးကြိမ်ကို Bank Account သုံးခုသို့ ငွေကျပ်စုစုပေါင်းသိန်း ၁၇၀၀ ကျော် လွှဲပေးခဲ့ကြောင်း။

၎င်းလွှဲပေးသည့် ဘဏ်နှင့် Account များကို ခြေရာခံ၍ သက်ဆိုင်ရာဘဏ်များနှင့် ပူးပေါင်းပြီး ငွေလာထုတ်ချိန် ဘဏ်၏ CCTV မှတ်တမ်းများ၊ Bank Account ပိုင်ရှင်များကို ဖော်ထုတ်ရာ လှိုင်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်နေ အသက် ၂၀ ကျော်ဝန်းကျင်ရှိ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ၎င်းတို့သုံးဦးကို စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် သာမန်လက်လုပ်လက်စားများဖြစ်ကြောင်း၊ ၎င်းတို့ကို ငွေကျပ် ၁၀၀၀၀ စီပေး၍ ၎င်းတို့၏ အမည်၊ နေရပ်၊ မှတ်ပုံတင်နံပါတ်များကို အသုံးပြုပြီး ပုဂ္ဂိုလ်တစ်ဦးက MPU ကတ်များ ဘဏ်အသီးသီး၌ ပြုလုပ်စေပြီး ပြုလုပ်ပြီးချိန် ၎င်းပုဂ္ဂိုလ်က MPU ကတ်များ ယူဆောင်သွားခဲ့ကြောင်း ။

ထို့ပြင် ကွင်းဆက် ထပ်မံစိစစ်ချက်အရ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်နေ အမျိုးသားတစ်ဦး၊ ၎င်း၏ဇနီးနှင့် ဇနီး၏ ယခင်အိမ်ထောင်နှင့်ရသည့် ၂၃ နှစ်အရွယ်သားတစ်ဦး စုစုပေါင်းသုံးဦးအား ခြေရာခံဖော်ထုတ်ရမိပြီး ၎င်းတို့က သာမန်လက်လုပ်လက်စားများထံမှ MPU ကတ်များကို ငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ဝယ်ယူရရှိသည့် MPU ကတ်များကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက်နေ နိုင်ဂျီးရီးယားနိုင်ငံသား EZIEFULE(ခ) ABIAZIEN WISDOM နှင့် ၎င်း၏ဇနီး မြန်မာနိုင်ငံသူ ဒေါ်စိုးစိုးစံ(ခ)နန်းစန္ဒီတို့ထံ MPU တစ်ကတ်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ပြန်လည်ရောင်းချခဲ့ကြောင်း သိရှိရသဖြင့် နိုင်ဂျီးရီးယားနိုင်ငံသားနှင့် မြန်မာနိုင်ငံသူတို့ကို ဒီဇင်ဘာ ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း။

နိုင်ဂျီးရီးယားနိုင်ငံသားအား စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းနှင့်အတူ သူငယ်ချင်းဖြစ်သူ အခြားနိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးတို့ ပူးပေါင်းဆောင်ရွက်ကြောင်း၊ ၎င်း၏ သူငယ်ချင်းဖြစ်သူသည် ဒီဇင်ဘာ ၅ ရက်က Relief Flight ဖြင့် ရန်ကုန်မှ မလေးရှားသို့ ထွက်ခွာသွားကြောင်း၊ ရဲတပ်ဖွဲ့မှ လေဆိပ်ဝင်/ထွက်မှတ်တမ်းများ စိစစ်ချက်အရ ထွက်ခွာသွားသည်မှာ မှန်ကန်ကြောင်း၊ လိမ်လည်ပုံစိစစ်ချက်အရ အွန်လိုင်းမှတစ်ဆင့် ၎င်းတို့သည် ယုံကြည်လွယ်သူ ပစ်မှတ်များရှာကြောင်း၊ ယခု အကြောင်းပြဖြစ်စဉ်အပါအဝင် အကြောင်းအရာအမျိုးမျိုးဖြင့် ယုံကြည်အောင် စည်းရုံးပြောဆိုကြောင်း၊ ဖုန်းဆင်းကတ်အမျိုးမျိုးဖြင့် နံပါတ်အမျိုးမျိုးတို့ကို အသုံးပြုကြောင်း၊ တစ်ဖက်သူ ယုံကြည်လာလျှင် ၎င်းတို့လက်ဝယ်ရှိ MPU ကတ်နံပါတ်များနှင့် သက်ဆိုင်ရာဘဏ်များသို့ ငွေလွှဲခိုင်းကြောင်း၊ အမျိုးသမီးဖြစ်သူ ဒေါ်စိုးစိုးစံ(ခ)နန်းစန္ဒီက အမျိုးသမီးအသံများဖြင့် ဖုန်းဆက်သွယ်ပြောဆိုသည်ဟု ပေါ်ပေါက်ခဲ့ကြောင်း။

ကနဦး စိစစ်ချက်များအရ ၎င်းတို့သည် ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ၁၅ ဦး၊ ဇူလိုင်လအတွင်း ၁၈ ဦး၊ ဒီဇင်ဘာလအတွင်း ၁၈ ဦးတို့ကို ပစ်မှတ်ထားကာ ဆောင်ရွက်ခဲ့ကြောင်း၊ အချို့ငွေလွှဲပေးသူများရှိသလို လွှဲမပေးသူများလည်းရှိကြောင်း၊ ယုံကြည်၍ ငွေလွှဲပေးပြီးနောက် လိမ်လည်ခံရသူများမှ သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုဖွင့်ထားမှုများကို ရဲတပ်ဖွဲ့မှတ်တမ်းများအရ စိစစ်ရာ နေပြည်တော်၌ တစ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ တစ်မှု၊ တနင်္သာရီတိုင်းဒေသကြီး၌ တစ်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ တစ်မှု၊ ကချင်ပြည်နယ်၌ နှစ်မှု၊ မန္တလေးတိုင်းဒေသကြီး၌ နှစ်မှု၊ မွန်ပြည်နယ်၌ နှစ်မှု၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၀ မှု၊ ရှမ်းပြည်နယ်၌ ငါးမှုရှိကြောင်း။

**အလားတူဂိုဏ်းများလည်းရှိနိုင်**

၎င်းတို့ကို ဖမ်းဆီးချိန်၌ နေအိမ်အတွင်းမှ ဘဏ်ပြေစာ ၄၁ ရွက်၊ ဘဏ်စာအုပ်မျိုးစုံ ၂၅ အုပ်၊ MPU ကတ်မျိုးစုံ ၅၇ ကတ်၊ ဖုန်း ကိုးလုံး၊ Laptop တစ်လုံး၊ ငွေကျပ်သိန်း ၁၀၀ ကျော်၊ လေယာဉ်လက်မှတ် တစ်စောင်၊ လေယာဉ် Booking စာရွက်သုံးရွက်နှင့် Memory Stick သုံးခုတို့ကို သိမ်းဆည်းရမိခဲ့ပြီး လိမ်လည်ရရှိငွေများကို လက်ရှိအချိန်၌ ခွဲဝေသုံးစွဲပြီးဖြစ်ကြောင်း၊ သဃ်န်းကျွန်းမြို့နယ်တွင် ဆိုင်ခန်းငှားရမ်း၍ ဒေါ်စိုးစိုးစံ(ခ)နန်းစန္ဒီမှ စတိုးဆိုင်တစ်ခု တည်ထောင်ရင်းနှီးထားကြောင်း ပေါ်ပေါက်ခဲ့ပြီး နိုင်ဂျီးရီးယားနိုင်ငံသားများ ပါဝင်ပတ်သက်နိုင်သည့် အလားတူဂိုဏ်းများလည်းရှိနိုင်သည်ဟု ရဲတပ်ဖွဲ့က သံသယရှိသဖြင့် ဆက်လက်စစ်ဆေးနေကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုဖော်ထုတ်ရရှိသည့် ဖြစ်စဉ်တွင် ငွေလွှဲခိုင်းသူတရားခံမှ MPU ကတ်၏ Account နံပါတ်ကို ဖော်ပြပေးပို့ကာ ၎င်း Account သို့ ငွေလွှဲထည့်ခိုင်းကြောင်း၊ နစ်နာသူတရားလိုမှ ၎င်းလွှဲပေးသည့် Account နံပါတ်၊ ရက်စွဲများကို တိကျစွာပြောဆိုပူးပေါင်းပါဝင်နိုင်သဖြင့် စုံစမ်းဖော်ထုတ်နိုင်မှု မြန်ဆန်ခဲ့သည်ကို တွေ့ရှိရကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် ဖြစ်စဉ်အခြေအနေကိုသိရှိထားပြီး ဆင်ခြင်သုံးသပ်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အဆိုပါသတင်းထုတ်ပြန်ချက်တွင် သတိပေးထားသည်။

သတင်းစဉ်

# ဖားကန့်၊ ရွှေကူ၊ ဟုမ္မလင်းနှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ဖားကန့်မြို့နယ် ဥရုဆွတ်အိန်ယန်ကျေးရွာနေ ကံလင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၅ ပြားကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရွှေကူမြို့နယ် ၄က်တံတားကျေးရွာအနီးရှိ ကားလမ်းတွင် မဇင်မိုးဝေ မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီတွင် ဟုမ္မလင်းမြို့နယ် ပင်သာကျေးရွာအနီး၌ မောင်လှိုင် (ခ)မောင်နိုင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မောင်လှိုင်(ခ)မောင်နိုင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း၌ ဝင်းဇော်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ထို့နေ့ ညနေ ၅ နာရီတွင် ကျိုင်းတုံမြို့ အမှတ် (၄) ရပ်ကွက်ရှိ မနာဝ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၉ ကီလိုတို့ကိုလည်းကောင်း။

ဆက်လက်၍ ထိုနေ့ညနေ ၅ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် နောင်ပလာကျေးရွာအနီးရှိ တောလမ်း၌ အားချေ မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၄၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ငွေစုငွေချေးသမဝါယမအသင်းများ ယိုင်လဲမသွားဖို့ဆိုလျှင်

## Kဇင်သစ် (မန်းတက္ကသိုလ်)

ခေါင်းရှက်ဖျပ်ထိုးဈေးသည်လေးများ၊ အခြေခံလက်လုပ်လက်စားမှအစ ဝန်ထမ်း ကြီး၊ ငယ်များအတွက် အားကိုးအားထားပြုနေရသည့် ငွေစုငွေချေး သမဝါယမအသင်းများသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ရှင်သန်ရပ်တည်နေကြပါသည်။ ငွေစုဆောင်းတတ်သည့် အလေ့အကျင့်ကောင်းကို ဖန်တီးပုံဖော်ရင်း လိုအပ်သည့် အရင်းအနှီး၊ အိမ်သုံး၊ လူသုံးပစ္စည်းများ ဝယ်ယူရရှိနိုင်စေရန်အတွက် ချေးငွေထောက်ပံ့ပေးနေသည့် အငယ်ဆုံးသော ငွေကြေးအဖွဲ့အစည်းများထဲတွင် ငွေစုငွေချေး သမဝါယမအသင်း၊ ဈေးသမဝါယမအသင်း၊ အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းနှင့် ငွေကြေးသမဝါယမအသင်းများက ကျရာအခန်းကဏ္ဍက ပါဝင်နေပြီး အခြေခံပြည်သူများကို ငွေကြေးဝန်ဆောင်မှုများ ပေးလျက်ရှိနေသည်က ငြင်းဖွယ်မရှိပါ။ ကိုဗစ်ကာလလွန် ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ယုတ်လျော့မှု၏ ဒဏ်ကြောင့် ငွေကြေးအဖွဲ့အစည်းများ၊ လေကြောင်းလိုင်းများ၊ ခရီးသွားလုပ်ငန်းများ ထိခိုက်မှုရှိမည်ဆိုသည်က အနည်းနှင့်အများပင် ရင်ဆိုင်ကြုံတွေ့ကြရမည် ဖြစ်ပေသည်။

ငွေစုငွေချေးသမဝါယမအသင်းများအနေဖြင့် စုဆောင်းငွေပေါ်အခြေခံ၍ သုံးဆ၊ ငါးဆ စသည်ဖြင့် ချေးငွေပမာဏကိုထုတ်ချေးပေးသည့်ပုံစံ၊ လုပ်ငန်းကြီး၊ လတ်၊ ငယ်အပေါ်အခြေခံ၍ ချေးငွေပမာဏသတ်မှတ်သည့်ပုံစံ၊ ဝန်ထမ်းများအတွက် ရာထူးအဆင့်အလိုက် လစာနှုန်းထားအပေါ် အခြေခံ၍ ဆနှုန်းဖြင့်ထုတ်ချေးပေးခြင်း၊ ဈေးသူဈေးသားများအတွက် သက်ဆိုင်ရာ ဈေးသမဝါယမအသင်းများက သတ်မှတ်သည့်နှုန်းထားများဖြင့် ထုတ်ချေးပေးခြင်းတို့ ဆောင်ရွက်လျက်ရှိနေပေသည်။ ပြန်ဆပ်သည့်ကာလကိုလည်း လစဉ်ဆပ် ၁၂ ရစ်၊ ၂၄ ရစ်၊ တချို့လည်း ရက်သတ္တပတ်ပေါ်အခြေခံ၍ ပြန်ဆပ်စေသည့်စနစ်မျိုးဖြင့် ထုတ်ချေးဆောင်ရွက်လျက် ရှိကြပါသည်။ “ရိုးရိုးကျင့် မြင့်မြင့်ကြံ”နေကြသည့် ငွေစုငွေချေးသမဝါယမအသင်းများ၏ အဓိကကျောရိုးက ရင်းနှီးငွေလုံလောက်စွာ လည်ပတ်ခွင့်ရနေရန် လိုပါသည်။ အသင်းများထံမှ ချေးငှားထားသူများက ပြန်ပေးဆပ်မှုလျော့နည်း၊ လုံးဝ မဆပ်ခြင်းမျိုးနှင့် အသင်းထံသို့စုဆောင်းထားသည့်ငွေများ အချို့အချို့ ပြန်လည်ထုတ်ယူကြခြင်းဖြင့် လှည့်လည်ငွေရင်းများ လျော့နည်းလာခြင်းမျိုး ရင်ဆိုင်ကြုံတွေ့ရပါက ငွေစုငွေချေးသမဝါယမအသင်းများ မျက်ဖြူဆိုက်မည့်ကိန်း ရောက်ရမည်သာ။

### ချေးငွေအတိုးနှုန်း

ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များအရ ချေးငွေပေါ်အတိုးနှုန်းကို ၁၀၀ ကျပ်အပေါ် တစ်လလျှင် နှစ်ကျပ်၊ ၂.၅၀ကျပ်ထက်ပိုကောက်ခံခြင်းမရှိဘဲ အသင်းသားများအကျိုး အလေးထားကာ အခြေခံပြည်သူများ ငွေကြေးခံစားရရှိစေဖို့ ဆောင်ရွက်နေကြပါသည်။ အသင်းပိုင် ရင်းနှီးငွေတောင့်တင်းလာသည့် ဈေးသမဝါယမအသင်းများနှင့် အချို့သောငွေစုငွေချေးသမဝါယမအသင်းများမှာမူ အတိုးနှုန်းကို တစ်ကျပ်၊ ၁.၂၅ ကျပ်ဝန်းကျင်သာ ရယူနေသည်များလည်း ရှိပါသည်။အသင်းများက စုဆောင်းငွေ/ရင်းနှီးငွေပေါ်အတိုးများကိုလည်း အသင်းက သတ်မှတ်ထားသည့် ရာခိုင်နှုန်းအလိုက် သုံးလ၊ ခြောက်လ တစ်ကြိမ်ခန့်စီ အသင်းသားများအနေဖြင့် အကျိုးခံစားခွင့်ရရှိနေသည်ကလည်း လက်တွေ့တွင် အမှန်ဆောင်ရွက်ပေးနေပါသည်။ မည်သို့ဆိုစေ အပေါင်ဆိုင်၊ ပြင်ပငွေတိုးချေးသူများထက် ငွေစုငွေချေးသမဝါယမအသင်းများ၏ အတိုးနှုန်းသည် များစွာသက်သာလျက်ရှိနေသည်က မြေကြီးလက်ခတ် မလွဲပါ။

### ငွေကြေးဝန်ဆောင်မှု သ/မအသင်းများ

မြန်မာနိုင်ငံငွေကြေးဝန်ဆောင်မှုကဏ္ဍတွင် ဗဟိုဘဏ်များ မပေါ်ပေါက်မီကာလ ၃-၁-၁၉၀၅ ခုနှစ်ကတည်းက ငွေစုငွေချေးသမဝါယမအသင်းများ ပေါ်ပေါက်ခဲ့သည်မှာ ယနေ့ထိတိုင် နှစ်ပေါင်း ၁၁၆ နှစ်နီးပါး ရှိခဲ့ပြီဖြစ်ပါသည်။ တစ်ချိန်က ရှင်သန်ဖွံ့ဖြိုးခဲ့သည့် ငွေစုငွေချေးသမဝါယမအသင်းများခမျာ ၁၉၂၉-၃၀ ကမ္ဘာ့စီးပွားပျက်ကပ်ဒဏ်ကို အလူးအလဲခံလိုက်ရပြီး ပခုက္ကူ ဗဟိုဘဏ်၊ အထက်ဗမာပြည် ဗဟိုဘဏ်(မန္တလေး) တို့ပါမကျန် တောင့်ခံနိုင်စွမ်းအားမရှိခဲ့၍ စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ရသည်အထိ ငွေစုငွေချေး သမဝါယမအသင်း အနွယ်ဝင် ငွေကြေးအဖွဲ့အစည်းများ ပြိုလဲခဲ့ရသည့် သမိုင်းမှတ်တမ်းများလည်း ရှိခဲ့ဖူးပါသည်။ ငွေရေးကြေးရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများ ပြည့်စုံစွာ ထုတ်ပြန်ထားလင့်ကစား ယိုပေါက်များက တစိမ့်စိမ့်ထွက်ကာ အလွဲသုံးစားမှု၊ မူလသတ်မှတ်ထားသည့် လုပ်ငန်းတွင် အမှန်ရင်းနှီးမြှုပ်နှံမှုမရှိခြင်းနှင့် ချေးငွေရယူစဉ်လွယ်လွယ်သုံးကာ ပြန်ဆပ်ချိန်၌ အခက်တွေ့နေကြရသူများလည်း ယနေ့ထိတိုင် ချေးငွေဝဲဂယက်ထဲက ရုန်းထွက်ရခက်နေကြဆဲပါ။

ကိုဗစ်-၁၉ ကာလ စီးပွားရေးပြန်လည်ထူထောင်မှုအပိုင်းတွင် ဖွဲ့စည်းထားသည့် ငွေစုငွေချေးသမဝါယမအသင်းများ၊ တစ်နည်းသမဝါယမအသေးစား ချေးငွေလုပ်ငန်းလုပ်ကိုင်သည့် သမဝါယမအသင်းများ ရေရှည်ရှင်သန်ရပ်တည်နိုင်ရန် သမဝါယမခွန်အားဖြင့် တောင့်ခံနိုင်ပါ့မလား။ အကြောင်းကြောင်းကြောင့် ငွေစုငွေချေးသမဝါယမအသင်းများ အနည်းငယ် ယိမ်းယိုင်မှုမျိုး ပေါ်ပေါက်ခဲ့လျှင် “ကုစားရန်”၊ “ထူထောင်ရန်”၊ “ပြန်လည်ရှင်သန်လာရန်” ကျောထောက်နောက်ခံ အဖွဲ့အစည်းကောင်းများရှိရန် လိုသလို အစိုးရအပိုင်းကလည်း အခြားသောလုပ်ငန်းများသို့ တစ်ရာခိုင်နှုန်း အတိုးနှုန်းဖြင့် ကူညီပေးသကဲ့သို့ ငွေစုငွေချေးအသင်းများကိုလည်း ထောက်ပံ့ပေးဖို့ လိုအပ်သည်မှာ အမှန်ဖြစ်ပေသည်။ CMP လုပ်ငန်း၊ ဟိုတယ်/ခရီးလုပ်ငန်း၊ SME လုပ်ငန်းများကို အစိုးရမှ တစ်ရာခိုင်နှုန်း အတိုးနှုန်းဖြင့် ကူညီထောက်ပံ့ပေးနေခြင်းကြောင့် စီးပွားရေးစက်ဝန်းလည်ပတ်မှုကို အထောက်အကူပြုနိုင်ပါသည်။ ထို့အတူ ငွေကြေးဆိုင်ရာ သမဝါယမအသင်းများကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူ၊ ဈေးသည်၊ လက်လုပ်လက်စား၊ ဝန်ထမ်းငယ်များအတွက် စဉ်ဆက်မပြတ် ငွေကြေးထောက်ပံ့နိုင်ရေး၊ အခြေခံပြည်သူများ၏ ကိုဗစ်-၁၉ ကာလ ငွေကြေးပုံမှန်လည်ပတ်နိုင်ရေး၊ မရှိမဖြစ်အဓိကလိုအပ်သည့် စားရေး၊ ဝတ်ရေးတို့အတွက် တစ်ထောင့်တစ်နေရာမှ ကူညီဖြည့်ဆည်းပေးရန် အစဉ်ကြိုးစားရုန်းကန်နေရသည့် သမဝါယမအသင်းများသို့ အစိုးရက ထောက်ပံ့ကူညီမှုများ လုပ်ဆောင်ပေးမည်ဆိုပါက အသင်းသားပြည်သူတို့ ကိုယ်စီ ပီတိဖုံးနေမည်ဆိုခြင်းကို ယုံကြည်နေမိပါသည်။

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများကိုအခြေခံပြီး စိုက်ပျိုးစရိတ်ချေးငွေ၊ လယ်ယာအဆင့်မြင့်ချေးငွေ၊ မျိုးစေ့ထုတ်ချေးငွေ၊ လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ချေးငွေများအပါအဝင် မွေးမြူရေး၊ ရေလုပ်ငန်း၊ စက်မှုလက်မှု၊ ရောင်းဝယ်ရေး၊ ဈေးသ/မ၊ ဝန်ထမ်းငွေစုငွေချေးအသင်းများအနေဖြင့် အိမ်ထောင်စုအသင်းသားဦးရေ ၂ ဒသမ ၄၅၆ သန်းကို ချေးငွေကျပ် ၅၇၃ ဒသမ ၀၇၇ ဘီလီယံ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိနေခြင်းသည် အချို့သောဘဏ်ကြီးများနှင့် မယှဉ်နိုင်သော်လည်း ထိုက်သင့်သလောက် ငွေကြေးစီးဆင်းမှုကို နေရာယူထားသည်ဟု ဆိုချင်ပါသည်။

၃၀-၉-၂၀၂၀ ရက်နေ့ သမဝါယမအသင်းများ၏ အသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးဆောင်ရွက်ထားမှုအခြေအနေမှာ ဖော်ပြပါအတိုင်း ရှိနေသည်ကို တွေ့ရပါသည်-

ငွေစုငွေချေးသမဝါယမအသင်းများသည် အပ်ငွေသီးခြားလက်ခံသော အဖွဲ့အစည်း မဟုတ်သလို ချေးငွေကိုလည်း ပမာဏကြီးကြီးမားမား ထုတ်ချေးပေးခြင်းလည်းမရှိပါ။ အာမခံအပေါင်ပစ္စည်း ရယူထုတ်ချေးခြင်းမဟုတ်ဘဲ အသင်းသားအချင်းချင်း ယုံကြည်မှု၊ တာဝန်ခံ၊ တာဝန်ယူမှုဖြင့်သာ ထုတ်ချေးပေးလျက်ရှိပါသည်။ ကိုဗစ်-၁၉ ကိုအကြောင်းပြု၍လည်းကောင်း၊ အချို့သောသူတို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့်လည်းကောင်း၊ အမှန်ပင် စားဝတ်နေရေးခက်ခဲ၍လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်ချေးပေးထားသော ချေးငွေများကို အသင်းသားများက ပြန်လည်ပေးဆပ်ရန် ကြန့်ကြာမှုများ၊ ပျက်ကွက်မှုများ ပေါ်ပေါက်လာပါက ငွေစုငွေချေးသမဝါယမအသင်းများအနေဖြင့် ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်လှပါသည်။

အချုပ်ဆိုရသော် ငွေစုငွေချေးသမဝါယမအသင်းများ၏ ပကတိဖြစ်တည်မှုအခြေအနေကို ထောက်ရှု၍ နိုင်ငံတော်အဆင့် ဖွဲ့စည်းထားသော ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးကုစားမှု လုပ်ငန်းကော်မတီ(သို့) ပြန်လည်ထူထောင်ရေးကော်မတီတို့အနေဖြင့် ငွေကြေးဝန်ဆောင်မှုဆိုင်ရာ သမဝါယမအသင်းများအား အရင်းမပျောက်မတည်ငွေ (Revolving Fund) သို့မဟုတ် တစ်ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ချေးငွေထောက်ပံ့ကူညီပေးခြင်းမျိုးကဲ့သို့သော စီမံဆောင်ရွက်ပေးမှုများရှိခဲ့ပါလျှင် အခြေခံပြည်သူအများစု ပါဝင်ဖွဲ့စည်းထားသည့် ငွေကြေးဆိုင်ရာသမဝါယမအသင်းများ၊ တစ်နည်း ငွေစုငွေချေးသမဝါယမအသင်းများအတွက် ယိုင်လဲသွားနိုင်မည့်အရေးမှ ကုစားပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဇယား(၁)

**နိုင်ငံခြားချေးငွေ၊ သမဝါယမအသင်းပိုင်နှင့် အသင်းသားများ၏ အစု၊ စုဆောင်းငွေများဖြင့်**
**၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလထိ အသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးထားမှုအခြေအနေ**

ကျပ်သန်း

| စဉ် | အသင်းအမျိုးအစား | မြို့နယ် | အသင်း | အသင်းသား | အစုငွေ | စုဆောင်းငွေ | ထုတ်ချေးငွေ |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ဌာနဆိုင်ရာ သ/မအသင်း | ၃၀၂ | ၁၁၅၁ | ၃၃၃၇၇၀ | ၃၈၇၁.၉၉၈ | ၉၄၈၆၀.၁၂၁ | ၁၁၃၃၆၇.၇၁၁ |
| ၂ | ဈေးသမဝါယမအသင်း | ၂၃၄ | ၃၁၅ | ၃၈၆၄၀ | ၉၂၀.၂၁၃ | ၁၄၅၃၃.၈၉၁ | ၂၂၃၄၅.၈၇၄ |
| ၃ | အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း | ၁၉၈ | ၁၂၈၂ | ၁၂၂၃၉၀ | ၁၅၅၇.၂၄၈ | ၁၇၈၂၃.၄၇၆ | ၂၈၄၄၆.၅၉၃ |
| ၄ | စိုက်ထုတ်သ/မအသင်း | ၂၆၃ | ၂၃၃၇၉ | ၁၅၇၃၃၆၂ | ၇၉၉၈.၁၅၈ | ၁၉၈၁၆၉.၆၇ | ၃၄၇၄၅၀.၂၄၆ |
| ၅ | မွေးမြူရေးချေးငွေ သမဝါယမအသင်း | ၁၉၉ | ၃၆၁၆ | ၂၈၂၉၆၅ | ၁၄၃၆.၂၀၃ | ၂၃၃၁၈.၈၆၈ | ၄၃၃၁၁.၄၄၃ |
| ၆ | စက်မှုလက်မှု သ/မအသင်း | ၈၆ | ၃၀၃ | ၂၀၃၁၁ | ၂၈၉.၁၃၇ | ၁၇၅၄.၉၆၈ | ၄၁၅၃.၀၀၅ |
| ၇ | ရောင်းဝယ်ရေး သ/မအသင်း | ၁၁၂ | ၃၃၃ | ၈၄၆၉၃ | ၂၃၃၉.၃၇၁ | ၅၆၅၁.၄၇၇ | ၁၄၀၀၂.၈၆၅ |
| စုစုပေါင်း | | ၃၀၇ | ၃၀၃၇၉ | ၂၄၅၆၁၃၁ | ၁၈၄၁၂.၃၂၈ | ၃၅၆၁၁၂.၄၇၁ | ၅၇၃၀၇၇.၇၃၇ |

ဇယား(၂)

ကျပ်သန်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | အသင်း | အသင်းသား | အစုငွေ | စုဆောင်းငွေ | ထုတ်ချေးငွေ |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | နေပြည်တော်ကောင်စီ | ၈ | ၄၉၆ | ၄၁၃၉၇ | ၄၇၇.၂၆၉ | ၁၀၇၆၆.၇၃၀ | ၉၂၉၉.၀၈၆ |
| ၂ | ကချင် | ၁၃ | ၆၁၃ | ၅၈၄၄၈ | ၅၅၉.၃၆၇ | ၁၂၆၅၈.၀၈၇ | ၂၀၁၂၂.၄၄၀ |
| ၃ | ကယား | ၆ | ၂၀၃ | ၁၇၉၅၂ | ၁၂၂.၈၃၇ | ၄၅၅၇.၈၇၈ | ၆၁၉၈.၂၁၇ |
| ၄ | ကရင် | ၇ | ၃၀၆ | ၂၁၁၅၄ | ၁၁၃.၄၄၂ | ၂၁၇၈.၁၁၅ | ၄၄၅၈.၆၀၈ |
| ၅ | ချင်း | ၉ | ၄၄၄ | ၂၈၁၀၃ | ၂၃၉.၅၆၂ | ၃၅၈၁.၆၉၄ | ၇၂၆၆.၃၂၉ |
| ၆ | စစ်ကိုင်း | ၃၄ | ၄၃၅၀ | ၂၉၁၉၈၅ | ၁၉၇၉.၃၂၉ | ၄၈၀၇၉.၂၆၄ | ၇၁၆၄၅.၁၆၈ |
| ၇ | တနင်္သာရီ | ၁၀ | ၃၁၀ | ၃၁၉၇၀ | ၂၃၁.၄၂၂ | ၈၇၆၁.၃၆၂ | ၁၃၇၀၀.၄၈၇ |
| ၈ | ပဲခူး | ၂၈ | ၆၂၁၁ | ၄၁၉၅၀၆ | ၂၄၅၇.၅၇၅ | ၅၅၃၇၈.၆၂၀ | ၉၀၉၅၈.၇၆၁ |
| ၉ | မကွေး | ၂၅ | ၄၈၃၁ | ၃၈၅၁၁၇ | ၂၃၅၇.၁၃၅ | ၄၆၆၀၁.၀၈၃ | ၇၄၅၃၈.၄၆၅ |
| ၁၀ | မန္တလေး | ၂၈ | ၄၀၁၅ | ၄၄၇၈၁၉ | ၃၉၀၁.၂၀၆ | ၄၇၈၀၉.၁၀၈ | ၈၈၇၅၆.၁၀၁ |
| ၁၁ | မွန် | ၁၀ | ၄၀၄ | ၃၅၃၆၃ | ၃၅၄.၉၇၅ | ၇၄၈၇.၀၉၉ | ၁၂၄၆၁.၉၈၁ |
| ၁၂ | ရခိုင် | ၁၇ | ၁၀၉၁ | ၆၆၇၉၉ | ၇၃၉.၃၇၅ | ၆၂၃၂.၂၇၉ | ၁၀၉၁၁.၄၈၁ |
| ၁၃ | ရန်ကုန် | ၄၃ | ၁၁၈၈ | ၁၄၇၉၆၁ | ၈၅၁.၆၁၁ | ၁၉၁၀၂.၄၁၄ | ၃၁၉၃၆.၈၁၁ |
| ၁၄ | ရှမ်း | ၄၃ | ၁၃၆၃ | ၁၃၇၆၁၃ | ၂၀၃၅.၇၆၇ | ၄၃၇၈၀.၇၉၅ | ၆၀၅၅၈.၂၇၂ |
| ၁၅ | ဧရာဝတီ | ၂၆ | ၄၅၁၄ | ၃၂၄၉၄၄ | ၁၉၉၁.၄၅၆ | ၃၉၁၃၇.၉၄၃ | ၇၀၂၆၅.၅၃၀ |
| စုစုပေါင်း | | ၃၀၇ | ၃၀၃၇၉ | ၂၄၅၆၁၃၁ | ၁၈၄၁၂.၃၂၈ | ၃၅၆၁၁၂.၄၇၁ | ၅၇၃၀၇၇.၇၃၇ |

○ ကျောဖုံးမှ

• Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
• ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | ၁၄-၁၂-၂၀ | ၁၅-၁၂-၂၀ | ၁၆-၁၂-၂၀ | ၁၇-၁၂-၂၀ | ၁၈-၁၂-၂၀ | ၁၉-၁၂-၂၀ | ၂၀-၁၂-၂၀ | ၂၁-၁၂-၂၀ | ၂၂-၁၂-၂၀ | ၂၃-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၆.၁ | ၄.၈ | ၅.၃ | ၅.၁ | ၄.၆ | ၄.၄ | ၄.၆ | ၄.၀ | ၄.၁ | ၄.၀ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၄-၁၂-၂၀၂၀) ရက်နေ့မှ (၂၃-၁၂-၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၉,၁၁၅)ခုမှ အများဆုံး(၂၄,၅၀၁) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၂,၄၄၈)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

### မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
### (၂၃-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၃,၀၇၂) ဦး | (၁,၆၆၂,၂၂၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၂၃) ဦး | (၁၁၈,၈၆၉) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၅၀၆) ဦး | (၉၉,၃၂၅) ဦး |
| သေဆုံးလူနာ | (၂၃) ဦး | (၂,၅၀၇) ဦး |

• ယနေ့ သေဆုံးသူ (၂၃) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၆) ဦး ပါဝင်ပါသည်။
• တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၅၀၆) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၁,၀၂၀) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၄၈၆) ဦး ပါဝင်ပါသည်။
• ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၂၁၇) ဦးတွင်-
  - Hotel Quarantine - (၁၆၃) ဦး
  - Facility Quarantine - (၂၅၇) ဦး
  - Community Based Facility Quarantine - (၇၆၆) ဦး
  - Anosmia Center - (၃၁) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၈၆၈၄၆၂၈ | ၁၀၉၄၅၀၉၇ | ၃၃၀၈၂၄ |
| ၂။ | အိန္ဒိယ | ၁၀၀၉၉၃၀၈ | ၉၆၆၃၃၈၂ | ၁၄၆၄၇၆ |
| ၃။ | ဘရာဇီး | ၇၃၂၀၀၂၀ | ၆၃၅၄၉၇၂ | ၁၈၈၂၈၅ |
| ၄။ | ရုရှား | ၂၉၃၃၇၅၃ | ၂၃၄၃၉၆၇ | ၅၂၄၆၁ |
| ၅။ | ပြင်သစ် | ၂၄၉၀၉၄၆ | ၁၈၆၀၅၈ | ၆၁၇၀၂ |
| ၆။ | ဗြိတိန် | ၂၁၁၀၃၁၄ | စိစစ်ဆဲ | ၆၈၃၀၇ |
| ၇။ | တူရကီ | ၂၀၆၂၉၆၀ | ၁၈၆၆၈၁၅ | ၁၈၆၀၂ |
| ၈။ | အီတလီ | ၁၉၇၇၃၇၀ | ၁၃၀၁၅၇၃ | ၆၉၈၄၂ |
| ၉။ | စပိန် | ၁၈၃၈၆၅၄ | စိစစ်ဆဲ | ၄၉၅၂၀ |
| ၁၀။ | ဂျာမနီ | ၁၅၅၆၆၁၁ | ၁၁၃၆၇၀၀ | ၂၈၂၄၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၆၈၅၆၃၉ | ၅၅၈၇၀၃ | ၂၀၄၀၈ |
| ၂။ | ဖိလစ်ပိုင် | ၄၆၄၀၀၄ | ၄၂၉၇၂ | ၉၀၄၈ |
| ၃။ | မြန်မာ | ၁၁၈၈၆၉ | ၉၉၃၂၅ | ၂၅၀၇ |
| ၄။ | မလေးရှား | ၉၈၇၃၇ | ၈၀၀၁၄ | ၄၄၄ |
| ၅။ | စင်ကာပူ | ၅၈၄၈၂ | ၅၈၃၀၄ | ၂၉ |
| ၆။ | ထိုင်း | ၅၇၆၂ | ၄၀၉၅ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၄၁၀ | ၁၂၈၁ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၆၃ | ၃၄၉ | ၀ |
| ၉။ | ဘရူနိုင်း | ၁၅၂ | ၁၄၉ | ၃ |
| ၁၀။ | လာအို | ၄၁ | ၃၇ | ၀ |

## ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီးသူ မြန်မာနိုင်ငံသား ၄၉ ဦးအပါအဝင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၁ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံတွင် စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသား အလုပ်အကိုင်ပြည့်ကျ ဝန်ထမ်းပြောင်းလဲခြင်း အကူအညီပေးရေးကော်မတီ (CCSC) တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၉၆ ဦး၊ စင်ကာပူမှ ၁၆ ဦး၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ သုံးဦး၊ ကာတာမှ ၁၀ ဦး၊ အီဂျစ်မှ လေးဦး၊ အင်ဒိုနီးရှားမှ တစ်ဦး၊ စုစုပေါင်း မြန်မာသင်္ဘောသား ၁၃၀ လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့



# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

**ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၌ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု ကျယ်ပြန့်လာပုံများနှင့် ပညာရေးတွင် ဒစ်ဂျစ်တယ်စီးပွားရေး၏ အရေးပါပုံများနှင့်ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ အဓိက အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေတဲ့ ပညာရေးကဏ္ဍအနေနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးမှာ အရေးပါပုံတွေနဲ့ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီးရရှိလာတဲ့ အကျိုးကျေးဇူးတွေ အကြောင်းကို တင်ပြမယ့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ **ပါရမီတက္ကသိုလ်ဥက္ကဋ္ဌ ဒေါက်တာကျော်မိုးထွန်းနဲ့ Strategy First University ၏ ဥက္ကဋ္ဌနှင့် Waso Learn ၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ချစ်ခင်**တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ **မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုမှာ ဒစ်ဂျစ်တယ်နည်းပညာရဲ့ ပြောင်းလဲလာမှုတွေနဲ့ ပညာရေးမှာ ဒစ်ဂျစ်တယ်စီးပွားရေးရဲ့ အရေးပါပုံတွေကို** ဒေါက်တာကျော်မိုးထွန်းက ရှင်းပြပေးပါဦး။

**ဒေါက်တာကျော်မိုးထွန်း။** ။ ပညာရေးမှာဒစ်ဂျစ်တယ်စီးပွားရေးလို့ ပြောတယ်ဆိုရင် ကျွန်တော့်အနေနဲ့ Mr. Richard Buckminster Fuller (၁၉၃၈ ခုနှစ်) တင်ပြခဲ့တဲ့ Ephemeralization ဆိုတဲ့ဖြစ်စဉ်ကို အမှတ်ရပါတယ်။ ဒီဖြစ်စဉ်က ဘာကိုဆိုလိုတာလဲဆိုတော့ ဒီခေတ်အခါကြီးမှာ နည်းပညာရဲ့ တိုးတက်မှုတွေကြောင့် ပစ္စည်းနည်းနည်းနဲ့ အလုပ်ကို များများလုပ်လာနိုင်ပြီး အနာဂတ်မှာ ဘာမှပစ္စည်းတွေ မရှိတော့ဘဲ အလုပ်တွေအများကြီး လုပ်လာနိုင်မယ့် အခြေအနေဖြစ်စဉ်ကို သူက ပြောခဲ့ပါတယ်။

အဲဒီလိုမျိုးဖြစ်စဉ်တွေက ဒီခေတ်၊ ဒီအခါမှာ မျက်မြင်သက်သေပါ။ အရင်တုန်းက ကွန်ပျူတာဆိုတာ အရွယ်အစား အကြီးကြီးတွေလာတာပါ။ အခုခေတ်မှာ Laptop ဆိုတာ သေးသေးလေးပါ။ အခုဆိုရင် မိုလ်ဘိုင်းဖုန်းတွေ အသုံးပြုပြီး အရင်တုန်းက လုပ်ခဲ့သမျှတွေကို မိုလ်ဘိုင်းဖုန်းကနေ လုပ်လာနိုင်တဲ့ အခြေအနေ ရောက်လာပါပြီ။

### အစားထိုးသုံးစွဲလာ

ဒစ်ဂျစ်တယ် နည်းပညာပြောင်းလဲမှုမှာ ပညာရေးဆိုရင် အပိုင်းနှစ်ပိုင်း ကျွန်တော် မြင်ပါတယ်။ ပထမတစ်ပိုင်းက ကျောင်းတွေရဲ့ ပုံမှန်လည်ပတ်မှုမှာ ဒစ်ဂျစ်တယ် နည်းပညာပြောင်းလဲမှုတွေနဲ့ အစားထိုးသုံးစွဲလာတာ ဖြစ်ပါတယ်။ ဥပမာ – ကျောင်းလခ ကောက်ခံတဲ့အခါ e–Payment တွေ သုံးလာတဲ့ အခြေအနေတွေ၊ ကျောင်းအုပ်ချုပ်ရေးမှာ ဒစ်ဂျစ်တယ်နည်းပညာကို သုံးလာတာတွေ ဒီအပိုင်းမှာဆိုရင် Ellucian, Classe365, Fedena တို့စတဲ့ ကျောင်းအုပ်ချုပ်ရေးအတွက် သုံးတဲ့ Platform တွေ၊ Software တွေ ပေါ်လာပါပြီ။

နောက်ဒုတိယတစ်ပိုင်းက ကျောင်းရဲ့ အဓိကလုပ်ငန်းတစ်ခုဖြစ်တဲ့ သင်ကြားရေးအပိုင်းမှာ နည်းပညာတွေ သုံးလာတာဖြစ်ပါတယ်။ အခုဆိုရင် Zoom Meeting တွေနဲ့ ကျွန်တော်တို့ ပြောနေကြတယ်။ Big Blue Bottom, Blue Jeans တို့ အများကြီးရှိပါတယ်။ ဒါတွေအကုန်လုံး Virtual Video Conferencing လုပ်ပြီး သင်ကြားရတာ ဖြစ်ပါတယ်။ ဒီအပြင် သင်ကြားရေးအပိုင်းမှာ နောက်ထပ် Learning Management System လို့ခေါ်တဲ့ Google Class Room တို့၊ Moodle, Canvas, Sakai ဒါတွေလည်း ပေါ်ပေါက်လာပြီ ဖြစ်ပါတယ်။

ပညာရေးမှာ ဒစ်ဂျစ်တယ်နည်းပညာရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးက တော်တော်ကြီးကို ကြီးမားတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတယ်လို့ ကျွန်တော်က မြင်ပါတယ်။ ယနေ့ခေါင်းစဉ်က အွန်လိုင်းသင်ယူမှုဖြစ်တဲ့အတွက် ဒုတိယအပိုင်းနဲ့ ပိုပြီးသက်ဆိုင်တယ်လို့ ကျွန်တော် မြင်ပါတယ်။

**အစီအစဉ်မှူး။** ။ **အခုလို ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုမှု ကျယ်ပြန့်လာပုံတွေနဲ့ သင်ကြားရေးအပိုင်းမှာ အသုံးပြုနေတဲ့ ဒစ်ဂျစ်တယ်နည်းပညာရဲ့ အရေးပါပုံတွေကိုလည်း ရှင်းပြပေးပါဦး။**

**ဦးအောင်ချစ်ခင်။** ။ နိုင်ငံတကာမှာပညာရေးအတွက် ဒစ်ဂျစ်တယ် နည်းပညာတွေ



ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ပါရမီတက္ကသိုလ်ဥက္ကဋ္ဌ ဒေါက်တာကျော်မိုးထွန်း၊ Strategy First University ၏ ဥက္ကဋ္ဌ နှင့် Waso Learn ၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ချစ်ခင်တို့ ပါဝင်ဖြေကြား ဆွေးနွေးစဉ်။

Education Technology အတိုကောက်အနေနဲ့ EdTech လို့ခေါ်တာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတာ ကြာပါပြီ။ အွန်လိုင်းပုံစံနဲ့ အဝေးသင် သင်ကြားတာတွေ ရှိပါတယ်။ လူနဲ့တွေ့တာ၊ အွန်လိုင်းနဲ့တွေ့တာတွေကို ပေါင်းစပ်ပြီး နှစ်မျိုးစပ် Blended Learning လုပ်တာလည်း ရှိပါတယ်။ စီမံခန့်ခွဲရေးအတွက် အသုံးပြုတာတွေရှိပါတယ်။

### ကျယ်ကျယ်ပြန့်ပြန့် သုံးလာကြ

အခုလို ကိုဗစ်ရောဂါဖြစ်နေတဲ့အချိန်မှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် သုံးလာကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်ရောဂါဖြစ်နေတဲ့အချိန်မှာ Education Technology (EdTech) နည်းပညာတွေ၊ ပညာရေးနည်းပညာတွေ အသုံးပြုပြီး ပြုပြင်ပြောင်းလဲရေးတွေကို အရှိန်အဟုန်မြှင့်နိုင်ဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ အစိုးရကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အရေးကြီးတဲ့အချိန် ဖြစ်ပါတယ်။

သင်ကြားရေးအပိုင်းမှာ အဓိက ကြိုတင်ရိုက်ကူးထားတဲ့ အွန်လိုင်းဗီဒီယိုတွေကို အသုံးပြုပြီး Smart TV တွေ၊ Tablets တွေ၊ ဖုန်းတွေကနေ ပြန်ကြည့်တာတွေ၊ သင်ကြားတာတွေ လုပ်ကြပါတယ်။ ဒီလိုလုပ်ခြင်းဖြင့် ဆရာရှားပါးတဲ့ ဘာသာရပ်တွေ၊ အခုဆိုရင် အခြေခံပညာသင်ရိုးတွေ ပြောင်းတဲ့အခါမှာ ပိုပြီးဘာသာရပ်စုံလာပါတယ်။ နယ်တွေမှာ ဆရာ၊ ဆရာမ မလုံလောက်တာတွေရှိလာတဲ့ အချိန်မျိုးမှာဆိုရင် ဒါအသုံးဝင်တဲ့ ကိစ္စရပ်တစ်ခု ဖြစ်ပါတယ်။

နောက်ဘာသာစကား သင်ကြားရေးအနေနဲ့ အင်္ဂလိပ်စာ ဘာသာစကား သင်ကြားတယ်ဆိုရင် တကယ့်ကို မိခင်ဘာသာစကားအဖြစ်ပြောဆိုနိုင်တဲ့ ဆရာ၊ ဆရာမတွေနဲ့ ဗီဒီယိုကနေ သင်ကြားပေးလို့ ရလာပါတယ်။ ကျွန်တော်တို့လုပ်နေတဲ့ အစီအစဉ်တစ်ခုမှာဆိုရင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ Smart TV သုံးပြီး ကျောင်းသင်ခန်းစာတွေကို လေ့လာနိုင်တဲ့ အနေအထားကို တွေ့ရပါတယ်။

နောက်တစ်ခုက Flip Classroom နည်းလမ်းကို သုံးပါတယ်။ စာသင်တဲ့ကိစ္စကို အိမ်မှာ ဗီဒီယိုတွေနဲ့ ကြိုတင်ပြီး ကြည့်ထားပါတယ်၊ အတန်းထဲရောက်တဲ့အခါ ကျောင်းသား ကျောင်းသူတွေ အချင်းချင်းတိုင်ပင်ပြီး ဆရာဆရာမတွေရဲ့ ကြည့်ရှုပေးမှုနဲ့ သူတို့ လေ့ကျင့်ခန်းတွေ လုပ်ကြတဲ့ ပြောင်းပြန်စာသင်တဲ့စနစ် ဒါမျိုးတွေ သုံးလာတာလည်း ရှိပါတယ်။

### အွန်လိုင်းပေါ်တင်ထား

နောက်တစ်ခုက ဒစ်ဂျစ်တယ်သင်ရိုးနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်း၊ သင်ထောက်ကူရုပ်ပုံတွေကို အွန်လိုင်းပေါ်တင်ထားပြီး အလွယ်တကူ အသုံးပြုနိုင်အောင် လုပ်ပေးနေတဲ့ လုပ်ငန်းတွေလည်း ရှိပါတယ်။ ဒီလိုမျိုးတွေကို ကျောင်းတွေက အသုံးပြုပါတယ်။ နောက် အွန်လိုင်းစာကြည့်တိုက်တွေ ရှိပါတယ်။ နောက်ပြီး အိမ်စာနဲ့ ကျောင်းသင်ခန်းစာတွေကို အွန်လိုင်းကနေ အတူတကွ ဆွေးနွေးတာတွေ၊ ပူးပေါင်းဆောင်ရွက်တာတွေ ဒါတွေလည်း လုပ်လို့ရပါတယ်။ နောက်ဂိမ်းပုံစံ စိတ်လှုပ်ရှားဖွယ်ကောင်းအောင် အမှတ်ပေးတာတွေ၊ အကဲဖြတ်တာတွေ၊ လေ့ကျင့်ခန်းလုပ်တာတွေ လုပ်တာရှိပါတယ်။ ဒါကို Gamifying လို့ခေါ်ပါတယ်။

နောက်တစ်ခုက ဖုန်းထဲကနေ၊ Tablet ထဲကနေ ဒါမှမဟုတ် အထူးပြုလုပ်ထားတဲ့ မျက်မှန်ထဲကနေ ကြည့်လိုက်ရင် ကိုယ့်ရဲ့စားပွဲပေါ်ကို ပြတိုက်ထဲက ပစ္စည်းတွေ၊ ရှားပါးပစ္စည်းတွေ ရောက်လာတာ၊ ရှားပါးနေရာတစ်ခု ဥပမာ – အန္တာတိကတိုက်ကို ရောက်နေသကဲ့သို့ ကြည့်နိုင်တာ၊ ဒါမျိုးတွေလည်း လုပ်လို့ရလာပါတယ်။ Augmented Reality (AR) နဲ့ Virtual Reality (VR) နည်းပညာတွေ အသုံးပြုတာဖြစ်ပါတယ်။

### အများကြီးအထောက်အကူပြု

နောက်ပြီး သိပ္ပံစမ်းသပ်ချက်တွေဆိုရင် ကိုယ့်မျက်စိရှေ့မှာတင် ယုန်လေးတွေ၊ တိရစ္ဆာန်တွေ၊ လူတွေကို ပုံရိပ်တုနဲ့ ခွဲစိတ်တာမျိုး လုပ်နိုင်ပါတယ်။ ဒါတွေကလည်း သင်ကြားရေးမှာ အများကြီး အထောက်အကူပြုပါတယ်။ နောက်တစ်ခုက စာမေးပွဲအရည်အသွေး စစ်ဆေးတဲ့အပိုင်းမှာ ဓမ္မဓိဋ္ဌာန် မေးခွန်းတွေကို ရုပ်သံတွေပါထည့်ပြီး မေးလို့ရလာပါတယ်။ ကျပန်းစနစ်နဲ့ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ကြိမ်နဲ့ တစ်ကြိမ် မေးခွန်းတွေ မတူအောင်လုပ်ပြီး မေးတာ၊ အမှတ်တွေ ချက်ချင်းထုတ်ပေးတာတွေ၊ ဆရာတွေကလည်း ဒါတွေကို အလွယ်တကူပြန်ပြီး စစ်ဆေးနိုင်အောင် လုပ်ထားတာတွေကို တွေ့ရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **ကိုဗစ် – ၁၉ ကြောင့် ပြောင်းလဲသွားတဲ့အခြေအနေအရ ကျောင်းသားကျောင်းသူတွေက အိမ်မှာနေပြီး ဒစ်ဂျစ်တယ် နည်းပညာကို အသုံးပြုပညာသင်ကြားနိုင်မယ့် Online Learning ရဲ့ အရေးပါပုံတွေကို တင်ပြပေးပါဦး။**

**ဒေါက်တာကျော်မိုးထွန်း။** ။ အရာရာမှာ အကောင်းနဲ့ အဆိုးဆိုတာ ရှိပါတယ်။ အွန်လိုင်းကနေ လေ့လာသင်ယူတာတွေလုပ်တဲ့အခါ ကောင်းတဲ့အချက်တွေ အများကြီးရှိပါတယ်။ ကောင်းတဲ့အမြင်နဲ့ ကျွန်တော် ပထမဦးစွာ ပြောပါမယ်။ ကျောင်းသားကျောင်းသူတိုင်းက Online Learning လုပ်လာတဲ့အခါ ဘယ်နေရာရောက်ရောက် သူတို့ပိုပြီး လွယ်လွယ်ကူကူ လေ့လာသင်ယူလို့ရတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။

ဒီခေတ်မှာ Personalized Learning လို့ ပြောကြပါတယ်။ ကိုယ့်ရဲ့အချိန်၊ ကိုယ်အလုပ်လုပ်တဲ့အချိန်သည် နံနက်ပိုင်း၊ ညနေပိုင်းမှာ အားတယ်ဆိုရင် ဗီဒီယိုတွေကို ညနေပိုင်းမှာကြည့်ပြီး သင်ယူလို့ရပါတယ်။ ကိုယ့်အတွက် အဆင်ပြေတဲ့အခြေအနေနဲ့ လေ့လာလို့ရတာကို Personalized Education ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်အတွက် ပိုပြီးအဆင်ပြေသွားတယ်။ ဒါတွေက Online Learning အတွက် ကောင်းတဲ့အချက်တစ်ခုပါ။

နောက်တစ်ခုက အွန်လိုင်းကနေ လေ့လာသင်ယူတာတွေ လုပ်နေရင်းနဲ့ ကျောင်းသား ကျောင်းသူတွေက Digital Literacy ဒစ်ဂျစ်တယ်နည်းပညာသိနားလည်မှုတွေပါ ပိုပြီး တတ်ကျွမ်းသွားပါတယ်။ Platform တွေ၊ Software တွေကို ဘယ်လိုသုံးရမလဲဆိုတာ သူတို့ကိုယ်တိုင် ကြံဖန်စဉ်းစားပြီး မသုံးမနေရ သုံးလာရပြီဖြစ်တဲ့အတွက်

## ထက်လျှို

သုံးတတ်အောင်ကို လုပ်ရပါတယ်။ ကျွန်တော်တို့လည်း အခုဆိုရင် Zoom နဲ့ ပြောနေရပါတယ်။ နည်းပညာအခက်အခဲတွေဆိုရင်လည်း အကုန်လုံး တိုင်တိုင်ပင်ပင်နဲ့ ဖြေရှင်းကြရပါတယ်။

### ဆရာတွေရှာဖို့ လွယ်ကူ

နောက်ထပ် Online Learning ရဲ့ ကောင်းကျိုးတစ်ခုက ဈေးသက်သက်သာသာနဲ့ ပေးလာနိုင်တဲ့ ပညာရေးမျိုးတွေ ဖြစ်လာနိုင်ပါတယ်။ အခုဆိုရင် ဖေ့စ်ဘွတ်ထဲမှာ အမြဲတမ်းတွေ့နေရတာတွေရှိပါတယ်။ Master Class တွေဆိုရင် ဆရာ ဆရာမတွေနဲ့ သင်ကြားနိုင်ပြီဖြစ်ပါတယ်။ သင်ကြားရေးမှာ ဆရာတွေရှာဖို့ လွယ်ကူတဲ့ အခွင့်အလမ်းလည်း ဖြစ်ပါတယ်။

Online Learning ကို ရှေ့ဆက်သွားရင်းနဲ့ သေချာထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်သွားရမှာတွေရှိပါတယ်။ ဥပမာ – ကျောင်းသား ကျောင်းသူတွေက Online Learning တို့၊ ဗီဒီယိုကွန်ဖရင့်တို့ လုပ်နေရင်းနဲ့ နည်းပညာအားနည်းလို့ဖြစ်ဖြစ်၊ အင်တာနက်လိုင်းမကောင်းလို့ဖြစ်ဖြစ် ဗီဒီယိုတွေကို ပိတ်ထားတာတွေ ရှိပါတယ်။

အဲဒီအခါ ဆရာတွေက ဗီဒီယိုတွေဖွင့်ဖို့၊ မပိတ်ထားဖို့ ဒီလိုမျိုးတွေကအစ ထိန်းထိန်းသိမ်းသိမ်းလုပ်ရတာတွေရှိပါတယ်။ တစ်ခါတလေကျရင် ကျောင်းသားတွေက အွန်လိုင်းမှာလည်း ရှိနေတယ်။ ဗီဒီယိုကိုလည်း ဖွင့်ထားပါတယ်။ ဒါပေမယ့် ဖေ့စ်ဘွတ်တွေ၊ Twitter တွေ သုံးနေတယ်။ ဒါမျိုးတွေကျရင် ဆရာက ကျောင်းသားနဲ့ ပိုပြီးဆက်သွယ်နိုင်အောင်၊ Engagement ပိုဖြစ်အောင် အမြဲတမ်း နည်းလမ်းတွေသုံးပြီး ကျောင်းသားတွေကို ပညာရေးမနိမ့်ကျသွားအောင် လုပ်ရတဲ့အပိုင်းတွေ ရှိပါတယ်။

အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဆိုရင် အခုပညာရေးအဆင့်အတန်းနဲ့ အရည်အသွေးကို စစ်ဆေးတဲ့အခါ နံပါတ်စဉ် ၁၅ မှာ အချက်တစ်ခုအဖြစ် သူတို့စိစစ်သွားမယ်ဆိုတာ သိရပါတယ်။ ဒါတွေက ကောင်းတဲ့အချက်တွေပါ။ ဒီလိုမျိုးတွေ လုပ်မှသာလျှင် မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာတဲ့ ပုဂ္ဂလိကကျောင်းတွေမှာဖြစ်ဖြစ်၊ အစိုးရကျောင်းတွေမှာဖြစ်ဖြစ် အရည်အသွေးရှိတဲ့ အွန်လိုင်းကနေ လေ့လာသင်ယူမှု Online Learning တွေပေါ်လာမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ကြိုဆိုပါတယ်။ အဲဒီတော့ ကောင်းတာတွေရှိသလို၊ ဆိုးတာတွေလည်းရှိတဲ့အတွက် Online Learning ကို ပိုပြီးတိုးတက်အောင်လုပ်တဲ့အခါ နှစ်ဖက်စလုံးကို စဉ်းစားပြီးလုပ်ဖို့လိုတယ်လို့ ကျွန်တော်ထင်ပါတယ်။

**အစီအစဉ်မှူး။** ။ **အခြေခံပညာရေးကဏ္ဍမှာ နည်းပညာ အသုံးပြုလာမှုတွေနဲ့ ကျောင်းပြင်ပနဲ့ တစ်သက်တာပညာရေးကဏ္ဍမှာ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုခြင်းဖြင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေနဲ့ အခက်အခဲတွေက ဘယ်လိုတွေရှိနေသလဲဆိုတာကို ဆွေးနွေးပေးပါဦး။**

**ဦးအောင်ချစ်ခင်။** ။ ဒစ်ဂျစ်တယ်စီးပွားရေးလို့ဆိုတဲ့အတွက် လုပ်ငန်းပိုင်းဆိုင်ရာကိုလည်း ပြောသွားပါမယ်။ အခြေခံပညာအဆင့်အတွက် နိုင်ငံတကာမှာ နာမည်ကြီးနေတာက အခမဲ့သုံးနိုင်တဲ့ Khan Academy ဆိုတာ ရှိပါတယ်။ သူက အမြတ်အတွက် လုပ်ထားတဲ့အဖွဲ့အစည်းမဟုတ်ပါဘူး။ သုံးစွဲသူ သန်း ၇၀ လောက်ရှိပါတယ်။ နောက်ပြီး ပညာရေးဆိုင်ရာ နည်းပညာကုမ္ပဏီတွေထဲမှာ Yuanfudao ဆိုတဲ့ တရုတ်ကုမ္ပဏီတစ်ခုဆိုရင် သုံးစွဲသူ သန်း ၄၀၀ ရှိပါတယ်။

နောက်ပြီး အိန္ဒိယနိုင်ငံက ထုတ်လုပ်တဲ့ Byju's ဆိုတဲ့ Platform တစ်ခုလည်း ရှိပါတယ်။ အဲဒီမှာ သုံးစွဲသူတွေ သန်း ၄၀ လောက်ရှိပါတယ်။ ပြောချင်တာက ပညာရေးနည်းပညာနဲ့ ပတ်သက်ပြီး တစ်ဖက်မှာက ကလေးတွေ၊ လူကြီးတွေ သင်ယူမှုအတွက် အထောက်အကူပြုနိုင်သလို တစ်ဖက်မှာလည်း ဝင်ငွေတွေရနိုင်တယ်ဆိုတဲ့ အနေအထားရှိပါတယ်။

စာမျက်နှာ ၁၉ သို့ ❂

# ကိုဗစ်-၁၉ အမေး / အဖြေ



❂ စာမျက်နှာ ၁၈ မှ

ကျွန်တော်တို့နိုင်ငံအနေနဲ့ အစိုးရကဏ္ဍက ဦးဆောင်ပြီး အခြေခံပညာဦးစီးဌာနက ဆောင်ရွက်နေတဲ့ DBE Box ဝက်ဘ်ဆိုက်တွေ၊ ပရောဂျက်တွေရှိပါတယ်။ ဆရာ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ အသုံးပြုနိုင်အောင်၊ ဝက်ဘ်ဆိုက်ကနေ ဗီဒီယိုတွေကြည့်နိုင်အောင်၊ စာအုပ်တွေ ဖတ်နိုင်အောင်၊ ဖတ်စာအုပ်တွေ လေ့လာနိုင်အောင် တင်ပေးထားတာ တွေ့ရပါတယ်။ ကိုဗစ်ရောဂါဖြစ်တဲ့အချိန်မှာ အထူးအရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ထားတာကို တွေ့ရပါတယ်။

### ချိတ်ဆက် သင်ကြားနေ

ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်သူတွေကို ဆက်သွယ်နိုင်မယ့် ကျောင်းအုပ်ချုပ်မှုစနစ်တွေကို အင်တာနက်အသုံးပြုပြီး ဆောင်ရွက်လို့ရအောင် လုပ်ထားတာတွေ့ပါတယ်။ Report Card တွေ၊ ကျောင်းခေါ်ချိန် စစ်နိုင်တာမျိုးတွေ လုပ်ပေးထားပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာ ကိုယ်ပိုင်ကျောင်းတွေက Moodle၊ Google Classroom၊ Class Dojo စတဲ့ Learning Management System သင်ယူမှု၊ စီမံခန့်ခွဲမှု စနစ်တွေကို Zoom နဲ့ ချိတ်ဆက်ပြီး သင်ကြားနေကြတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ ဗီဒီယိုသင်ခန်းစာတွေပါတဲ့ Waso Learn တို့၊ Concept X တို့ရှိပါတယ်။ နောက် AR နည်းပညာနဲ့ ဂိမ်းပုံစံပေါင်းစပ်ထားတဲ့ 360ed ဆိုတာရှိနေပါပြီ၊ မြန်မာနိုင်ငံက ကလေးတွေ လေ့လာနိုင်တဲ့ ဗီဒီယိုတွေက တကယ်တမ်း You Tube မှာ အများကြီးရှိနေပါတယ်။ ဒါတွေကို သက်ဆိုင်ရာအတန်းအလိုက် ရှာဖွေပြီး ကြည့်လို့ရပါတယ်။ ပထဝီ၊ သမိုင်းသင်တဲ့အခါ Google Earth၊ Google Map တွေကို အသုံးပြုပြီး နိုင်ငံတကာနဲ့ ပတ်သက်တာတွေ၊ မြေမျက်နှာသွင်ပြင်တွေကို လေ့လာလို့ရတာတွေလည်း ရှိပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာတွေသုံးတဲ့အခါ ကလေးတွေအတွက် ပိုပြီးစိတ်ဝင်စားဖို့ကောင်းတဲ့အတွက် ကိုဗစ်ရောဂါပြီးသွားတဲ့အခါမှာလည်း ဆက်ပြီးအသုံးပြုသင့်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ကျောင်းပြင်ပနဲ့ တစ်သက်တာပညာရေးမှာ ဒစ်ဂျစ်တယ်က အများကြီးအကျိုးရှိပါတယ်။ အလုပ်ခွင်ထဲရောက်နေသူတွေက အချိန်ပေးပြီး သီးသန့်အတန်းတက်ဖို့ အခက်အခဲရှိတဲ့အတွက် အွန်လိုင်းကနေ အချိန်မရွေး၊ နေရာမရွေး စရိတ်သက်သာစွာနဲ့ သင်ယူလို့ရပါတယ်။

အထူးသဖြင့် ကိုဗစ်ရောဂါအခြေအနေကြောင့် စီးပွားရေးလုပ်ငန်းတွေ နှောင့်နှေးနေတဲ့အချိန်မှာ အလုပ်အကိုင်ပြောင်းလဲလုပ်ရတာတွေရှိနိုင်ပါတယ်။ ဒီလိုအချိန်မှာ ကျွမ်းကျင်မှုတွေပြန်ပြီး အဆင့်မြှင့်တာတွေ၊ မတူညီတဲ့အလုပ်တွေကို လုပ်နိုင်ဖို့အတွက် အွန်လိုင်းသင်တန်းတွေက အရေးကြီးပါတယ်။ အခုခေတ်မှာ ပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်အောင်၊ နည်းပညာတွေကို ကြုံသလို သင်သွားလို့ရအောင် Micro Credential တွေရှိလာပါတယ်။ ဘွဲ့တစ်ခုလိုမျိုး ၃၊ ၄ နှစ်တက်ရတာ မဟုတ်ဘဲ ရက်သတ္တ ၂ ပတ်၊ ၃ ပတ်နဲ့ပြီးသွားတဲ့ ကျွမ်းကျင်အောင်သင်ယူရတဲ့ Nano Degree လိုမျိုး လက်မှတ်တွေလည်း အွန်လိုင်းမှာ အများကြီးရှိလာပါတယ်။ သက်မွေးပညာနဲ့ လုပ်ငန်းသုံးနည်းပညာတွေဆိုရင် အွန်လိုင်းကနေ လေ့လာလို့ရနေပြီ ဖြစ်ပါတယ်။

### ထပ်ကာထပ်ကာ ပြန်ပြီးလေ့လာလို့ရ

အွန်လိုင်းနည်းပညာတွေ အသုံးပြုခြင်းဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးကို ဘယ်လိုအပြောင်းအလဲတွေ လုပ်နိုင်သလဲဆိုတာကို နည်းနည်းပြောချင်ပါတယ်။ အဓိက ဆရာ၊ ဆရာမ မလုံလောက်တဲ့ ဘာသာရပ်တွေမှာ အများကြီး အကူအညီဖြစ်သွားတယ်။ အစိုးရရဲ့ သင်ရိုးထဲမှာလည်း တိုင်းရင်းသားဘာသာစကားတွေပါလာပြီဆိုတော့ တချို့နေရာတွေမှာ ဆရာ၊ ဆရာမ မလုံလောက်တာတွေကိုလည်း အများကြီး အထောက်အကူပြုနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ နောက်ပြီး မလိုက်နိုင်တဲ့ ကျောင်းသားတွေအတွက်လည်း သူ့ဟာသူပြန်ပြီး အချိန်မရွေး နားလည်တဲ့အထိ ထပ်ကာထပ်ကာ ပြန်ပြီးလေ့လာလို့ရပါတယ်။

ဒီအတွက်ကြောင့် ကျေးလက်နဲ့ မြို့ကြီးတွေအကြား ကွာခြားချက်နည်းလာပြီး သင်ယူရတာ ပိုပြီးဘက်မျှလာမှာ ဖြစ်ပါတယ်။ ကလေးတွေရဲ့ စိတ်ဝင်စားမှုကို ဖမ်းစားလာနိုင်မယ်။ ဥပမာ – ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတွေကို ကြည့်ရတာ၊ နားထောင်ရတာမျိုး၊ ရုပ်သံမြင်ရတာမျိုးတွေ၊ အရင်တုန်းက စာထဲမှာပါတဲ့ မြန်မာ့ဆိုင်းဝိုင်းဆိုရင် မမြင်ရဘူး၊ အခုဆိုရင် တီးနေတာကိုပြလို့ရပြီ၊ အသံလည်းကြားနိုင်တယ်။ အဲဒီအတွက် စာအုပ်တွေ ဖြန့်ရတာ သက်သာလာမယ်။ စရိတ်တွေ လျော့လာမယ်။

### ဆောင်ရွက်လာနိုင်မှာဖြစ်

အရေးကြီးတဲ့ အချက်တစ်ချက်က တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့စနစ်တွေ လုပ်လာနိုင်ရင် အချက်အလက်တွေ အများကြီးထွက်လာနိုင်တယ်။ ဘယ်ဒေသတွေက ဘယ်ဘာသာရပ်တွေမှာ အားနည်းမှုရှိနေတယ်။ ဘယ်လိုအခြေအနေရှိနေတယ်ဆိုတာကို ကျောင်းသား တစ်ယောက်ချင်းအထိ ရှာဖွေပြီး သူ့ကိုဘယ်လိုကူညီရမလဲဆိုတာမျိုး၊ အချက်အလက်တွေ ရရှိလာတဲ့အခါ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ပြီး တုံ့ပြန်တာတွေကို ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။

ဆရာတွေကို သင်တန်းပေးတဲ့အခါ အခုလို စရိတ်တွေကုန်၊ အချိန်တွေကုန် မဟုတ်ဘဲ စဉ်ဆက်မပြတ်စနစ်နဲ့ တောက်လျှောက် သင်တန်းတွေပေးလို့ရတာမျိုးတွေရှိမယ်။ နွေရာသီကို စောင့်စရာ မလိုတော့ဘူး။ ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်းမှု ပိုကောင်းလာမယ်။ အရေးကြီးတာ တစ်ချက်က မသန်စွမ်းမှုတစ်ခုခုရှိနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် ဒစ်ဂျစ်တယ်သင်ယူမှုက အများကြီး အထောက်အကူပြုနိုင်ပါတယ်။ နေမကောင်းလို့ စာပြန်လေ့လာတာ၊ သွားလာမှုခက်ခဲတာ၊ အမြင်အာရုံ ချို့ယွင်းနေတဲ့သူတွေဆိုရင် အသံတွေ နားထောင်လို့ရမယ်။ အကြားအာရုံ ချို့ယွင်းနေသူတွေကို စာတန်းတွေ ထိုးပေးထားမယ်ဆိုရင် သူတို့အတွက်လည်း ညီမျှတဲ့သင်ယူမှု အခွင့်အရေးတွေ ရရှိလာမယ်။

အခက်အခဲတွေအနေနဲ့ အင်တာနက်သုံးစွဲသူတွေက မြန်မာနိုင်ငံမှာ ၂၂ သန်းရှိပါတယ်။ ၂၂ သန်းဆိုတာ အိမ်တိုင်းနီးပါး အင်တာနက်ရှိနိုင်တယ်လို့ ပြောလို့ရပေမယ့် အချို့ဒေသတွေမှာ အင်တာနက် ချိတ်ဆက်မရတာတွေရှိနေပါတယ်။ နှေးနေတယ်၊ ပြတ်တောက်တာတွေ ရှိနေတယ်။ နောက်ပြီး ဒေတာခတွေက ကျွန်တော်တို့နိုင်ငံမှာ အတော်ဈေးကြီးနေပါတယ်။ အဲဒီတော့ သင်ယူမှုလုပ်တဲ့ အခါ၊ ဗီဒီယိုတွေကြည့်တဲ့အခါ ဒေတာကို အလွန်သုံးရတာဖြစ်တဲ့အတွက် ထိရောက်ဖို့ဆိုရင် ဒါက အဟန့်အတားတစ်ခုဖြစ်နေပါတယ်။

### ဖန်တီးနိုင်ဖို့ အရေးကြီး

သူတို့မှာ Tablet၊ ကွန်ပျူတာ၊ ဖုန်းတွေက ရှိနေတယ်။ ဒါပေမယ့် သုံးလောက်အောင် မကောင်းတာ၊ နှေးနေတာတွေရှိတဲ့အတွက် ထိရောက်စွာ မပါဝင်နိုင်တာတွေရှိပါတယ်။ အရေးအကြီးဆုံးက အင်္ဂလိပ်စာ အားနည်းတာဖြစ်ပါတယ်။ အင်တာနက်ပေါ်မှာရှိတဲ့ သင်ယူလို့ရတဲ့အရာတော်တော်များများက အင်္ဂလိပ်လိုဖြစ်နေတဲ့အတွက် အလောတကြီး လုပ်ရမှာက မြန်မာဘာသာနဲ့ သင်ယူနိုင်တဲ့ သင်ခန်းစာတွေကို ပြည်တွင်းလုပ်ငန်းရှင်တွေက အစိုးရနဲ့ ပူးပေါင်းပြီး ဖန်တီးနိုင်ဖို့ အရေးကြီးပါတယ်။ ဒါမှသာ ကျွန်တော်တို့ အွန်လိုင်းသင်ယူမှုရဲ့ အကျိုးကျေးဇူးကို ပိုပြီးခံစားရမှာ ဖြစ်ပါတယ်။

နောက်ပြီး နေသားမကျတာ၊ အချို့က မသုံးတတ်ဘူးဆိုတာမျိုးတွေရှိပါတယ်။ ဒါကလည်း စိတ်ဝင်စားရင် ဖေ့စ်ဘွတ်တွေ၊ Tiktok တွေ သုံးနေကြတာဆိုတော့ စိတ်ပါရင်ဖြစ်လာမှာပါ။ ဒါတွေ အကုန်လုံးက နောက်ငါးနှစ်လောက်မှာ အဆင်ပြေသွားမယ်လို့ ယူဆပါတယ်။ ဒေတာဖိုးတွေ သက်သာလာမယ်၊ နည်းပညာတွေနဲ့ စက်ပစ္စည်းတွေက ပိုကောင်းလာမယ်၊ ပိုပေါ်ပြီး လက်လှမ်းမီလာမယ်။ ဒီလိုအခြေအနေတွေ ရှိလာတယ်ဆိုရင် Online Education ရဲ့ အားသာချက်တွေကို မြန်မာနိုင်ငံအနှံ့ ပြည်သူတိုင်းက ခံစားရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။




## ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာ မျှဝေပေးမည့် “ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်” ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူး နှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက် (ကြာသပတေးနေ့) ညနေပိုင်းတွင် ဒစ်ဂျစ်တယ်စီးပွားရေး တည်ထောင်နိုင်ရန် လှုံ့ဆော်မှုအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါပုံများ၊ ပညာရေးနှင့် သင်ကြားရေးတွင် ပြောင်းလဲလာမှုများနှင့် ပတ်သက်ပြီး ဗဟုသုတ မျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကို ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်၊ Kinetic Myanmar Technology Co.,Ltd၏ တည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြမိုးအောင် နှင့် CCEducare Myanmar၏ Managing Director ဒေါ်ချစ်အိမ်သူတို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited. သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Appraisal Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig, HAKURYU-5 ဖြင့် ဆောင်ရွက်သွားမည့် Restricted Area Boundary Coordinates for M-9 Area များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ဝ၈.၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄.၁၀၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀.၀၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀.၀၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀.၀၀၀ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀.၀၀၀ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၅၀.၅၀၀ စက္ကန့်နှင့် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈.၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄.၁၀၈ စက္ကန့်တို့တွင်လည်းကောင်း၊ Tentative Proposed Well Location များဖြစ်သော Point M9-GTK-21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ် ၀၇.၂၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၇.၉၁၅ စက္ကန့်၊ Point M9-KKN-58-59-60 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၄၈.၀၅၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၈ မိနစ် ၁၃.၇၀၉ စက္ကန့်၊ Point M9-KKN-83-84 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၄၂.၄၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၁၄.၀၆၀ စက္ကန့်၊ Point M9-GTK-32-33 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၅၂.၅၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၁၉.၄၂၇ စက္ကန့်၊ Point M9-ZTK-03 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၄ မိနစ် ၅၉.၇၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၄၈.၈၇၁ စက္ကန့်၊ Point M9-ZTK-09 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၄၇.၄၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၄၇.၂၁၇ စက္ကန့်၊ Point M9-ZTK-21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၄၆.၅၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ် ၁၇.၄၈၁ စက္ကန့်နှင့် Point M9-GTK-24 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၆ မိနစ် ၄၀.၆၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၇ မိနစ် ၀၃.၂၄၉ စက္ကန့်တို့တွင်လည်းကောင်း ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၃၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Appraisal Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig, HAKURYU-5 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ကျွန်းစုမြို့နယ်၌ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းများက အမှုဆောင်အဖွဲ့သစ်ရွေးချယ်ခြင်းနှင့် စုဆောင်းငွေပေါ်အတိုးများ ပေးအပ်

**ကျွန်းစု ဒီဇင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပခြင်း၊ အမှုဆောင်အဖွဲ့သစ်များ ရွေးချယ်ခြင်းနှင့် စုဆောင်းငွေပေါ်အတိုးများပေးအပ်ခြင်း အခမ်းအနားများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ပြီး မရမ်းချောင်းကျေးရွာရှိ ကောင်းစုစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းက အသင်းသား ၄၉ ဦးအတွက် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၉၉၆၀၀၀ နှင့် အစုပေါ်အမြတ်ငွေကျပ် ၁၉၅၁၀၆ ကို ပေးအပ်ခဲ့သည်။

အလားတူ လိပ်ကြယ်ကျေးရွာရှိ ကျွန်းရတနာမိုးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက အသင်းသား ၃၉ ဦးအား စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၂၉၈၂၅၀ နှင့် အစုပေါ်အမြတ်ငွေကျပ် ၅၆၈၀၀၀ ပေးအပ်ခဲ့ပြီး ပြင်ထပ်အော်ကျေးရွာရှိလင်းအောင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းကလည်း အသင်းသား ၉၀ အတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၂၃၂၅၃၇၅ နှင့် အစုပေါ်အမြတ်ငွေကျပ် ၄၈၆၃၉၉ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# တစ်ချိန်က တက္ကသိုလ်ဆရာမများအဆောင်၏ ပုံရိပ်များ

## ဒေါ်ရှိန်းပိုင်

လွန်ခဲ့တဲ့အနှစ် (၄၀) ဝန်းကျင်ခန့်က ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာရှိတဲ့ တက္ကသိုလ်ဆရာမများအဆောင်မှာ ကျွန်မနေခဲ့ဖူးပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ ဘယ်တက္ကသိုလ်က ဆရာမ မဆို အဆောင်လျှောက်ခွင့်၊ နေထိုင်ခွင့်ရှိတဲ့ တစ်ခုတည်းသော ဆရာမများအဆောင်ပါ။ အင်းလျားဆောင်၊ ရတနာဆောင်၊ မာလာဆောင်၊ သီရိဆောင်တွေမှာ တက္ကသိုလ်ကျောင်းသူတွေ ထားပါတယ်။ တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်တဲ့ ဆရာ ဆရာမတွေအတွက် ဆရာဆောင်တစ်ဆောင်၊ ဆရာမဆောင်တစ်ဆောင် သီးသန့်ရှိပါတယ်။ ဆရာများအဆောင်က တက္ကသိုလ်ရိပ်သာလမ်းပေါ်မှာရှိလို့ လူသိများပါတယ်။ ဆရာမများအဆောင်ကတော့ စစ်ကိုင်းလမ်းပေါ်က အင်းဝဆောင်ရဲ့အလွန်မှာရှိတဲ့ လမ်းသွယ်(လမ်းတို) တက္ကသိုလ်လက်တွေ့ခန်းအဆောက်အအုံ (ULB– University Laboratory Building) လမ်းကဝင်ရပါတယ်။ အဲဒီလမ်းသွယ် လေးမှာ နာမည်လည်းမရှိ၊ လမ်းညွှန်ဆိုင်းဘုတ်လည်းမရှိပါ။ အဆောင်နေ ဆရာမတွေကလွဲလို့ ဆရာမများ အဆောင်ကို မသိတာများပါတယ်။ အဆောင်ကိုလာတဲ့ မိဘဆွေမျိုးနဲ့ သူငယ်ချင်းတွေတောင် မျက်စိလည်ပြီး အဆောင်ရောက်မလာတော့ဘဲ ပြန်သွားကြတာ မကြာခဏကြုံကြရပါတယ်။

### "အညတရ" လမ်း

လမ်းသွယ်လေးဟာ မြေသားလမ်းကလေးပါ။ လမ်းရဲ့ဘေးနှစ်ဖက်မှာ ပင်အိုပင်ပျိုပင်တန်းတွေ အစီအရီ အုပ်မိုးနေပြီး လျှောက်လမ်းကတော့ ကျယ်ပါတယ်။ တချို့က တဝဂ္ဂလမ်းလို့ ခေါ်ပါတယ်။ တစ်ဖက်ပိတ်လမ်း ဖြစ်နေလို့ ထင်ပါတယ်။ လမ်းသွယ်လေးက လမ်းတိုလေးပါ။ လမ်းထိပ်ရောက်ရင် ထွက်ပေါက်မရှိတော့ပါ။ ချုံနွယ်သစ်ပင်တွေက ပိတ်ထားပါတယ်။ ရော်ရွက်တွေ ကြွေချိန်ရောက်ရင် လမ်းကလေးပေါ်က ရွက်ကြွေတောကို အပျော်စိတ်ကူးလေးနဲ့ နင်းလျှောက်သူတွေရှိသလို ဖိနပ်မှာ အမှိုက်တွေကပ်လို့ စိတ်ရှုပ်စိတ်ညစ်ညူးတဲ့ သူတွေလည်း ရှိပါတယ်။ ဒီလမ်းလေးကလွဲလို့ ရွေးချယ်စရာလမ်းမရှိတာမို့ ကျွန်မတို့အတွက် တန်ဖိုးကြီးတဲ့လမ်း၊ အကျိုးပြုတဲ့ လမ်းကလေးပါ။ "အညတရ" လမ်းလို့ ကင်ပွန်းတပ်သူတွေကလည်း ရှိပါတယ်။

လမ်းသွယ်လေးရဲ့အဆုံး လမ်းထိပ်ရောက်လို့ ညာဘက်ချိုးလိုက်ရင် တစ်ဆောင်တည်းထီးတည်းရှိတဲ့ သုံးထပ် အုတ်အဆောက်အအုံ ဆရာမများအဆောင်ကို တွေ့ရမှာပါ။ စိမ်းစိုငြိမ်းချမ်းတဲ့ တောအုပ်လေးတစ်ခုထဲက အဆောက်အအုံတစ်ခုဆီကို ရောက်သွားသလို ခံစားရပါတယ်။ တောရိပ်တောင်ရိပ်မှာ မွေးဖွားကြီးပြင်းလာတဲ့ ကျွန်မ အလိုလိုကြည်နူးပျော်မွေ့ခဲ့ရပါတယ်။ 'တဝဂ္ဂ' လည်း မဟုတ်တဲ့ တံခါးပေါက်တွေ၊ ပြတင်းပေါက်တွေနဲ့ သုံးထပ်ဆောင်ကြီးပါ။

### ပန်းချစ်သူ၊ ပန်းကောက်သူ

အဆောင်ဝင်းထဲဝင်လာပြီဆိုရင် သူ့ရာသီအလိုက်ပွင့်တဲ့ ဆိပ်ဖလူးပန်းနံ့က ဆီးကြိုနေတတ်ပါတယ်။ အဆောင်အဝင်လမ်းကလေးရဲ့ ဘယ်ဘက်မြက်ခင်းစိမ်းစိမ်းတွေကြားမှာ ဆိပ်ဖလူးညီနောင်သုံးပင်က ပူးကပ်ပြီး အပြိုင်ပေါက်နေတာ တွေ့ရပါတယ်။ ပွင့်တဲ့ရာသီရောက်ပြီဆိုရင် ရှိသမျှအကိုင်းအခက်အလက်တွေပါမကျန် ပင်လုံးကျွတ်ပွင့်ပါတယ်။ ဆိပ်ဖလူးပန်းအနံ့က မွှေးအီစူးရှလို့ အနံ့မခံနိုင်သူ၊ မနှစ်သက်သူလည်း ရှိပါတယ်။ ပန်းလေးတွေကို ချစ်တတ်တဲ့ကျွန်မ ဆိပ်ဖလူးပန်းပွင့်လေးတွေကို တစ်ပွင့်ချင်းကောက် ဆန်ခါလေးနဲ့ အပြည့်ရပြီဆိုရင် အပ်ချည်ကြိုးလေးနဲ့ တစ်ကုံးပြီး တစ်ကုံးသီ၊ ဘုရားကပ်လှူချင်သူတွေလည်း ကပ်လှူ ပန်ချင်သူတွေလည်း ပန်ရအောင် ပန်းဒါနပြုသလို ကိုယ်တိုင်လည်း ပန်းကုံးလေးတွေရော ပန်းပွင့်လေးတွေပါ ဘုရားကိုကပ်လှူပါတယ်။ အဆောင်မှာ ကျွန်မလိုပဲ ပန်းချစ်သူ၊ ပန်းကောက်သူတွေလည်း ရှိကြပါတယ်။

အဆောင်ရှေ့မျက်နှာစာ ညာဘက်မှာလည်း စံပယ်ပန်းရုံကြီးတစ်ခု၊ အဆောင်အောက်ဆုံးထပ်မှာရှိတဲ့ ရေချိုးခန်းတွေနဲ့ကပ်ပြီး စံပယ်ပန်းချုံကြီးတွေ ပွင့်ချိန်ဆိုရင် အဆောင်အောက်ဆုံးကနေ အပေါ်ဆုံးအထိ အဆောင်ဝန်းကျင်တစ်ခုလုံး စံပယ်ပန်းနံ့တွေ မွှေးပျံ့ကြိုင်လှိုင်နေပါတယ်။



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းမှ စစ်ကိုင်းလမ်း။

အဆောင်ဝန်းကျင်တစ်ခုလုံး ပင်အိုပင်ပျိုတွေ အပြိုင်အဆိုင် ဝိုင်းရံထားပြီး အောက်ခြေမှာလည်း စိမ်းစိုတဲ့မြက်ပင်တွေ ဖုံးနေလို့ တကယ့်တောအုပ်လေးတစ်ခုပါ။ ငှက်ပစ်သမား၊ ငှက်ထောင်သမား၊ ငှက်ဖမ်းသမားလည်းမရှိ ငြိမ်းချမ်းတဲ့ ဘေးမဲ့တောလေးတစ်ခုပါ။ ဥဩတွန်သံ၊ ချိုးကူသံလေးတွေ ကြားရတတ်ပါတယ်။ ဥဩသံချိုချိုကြားရတော့ အသံလာရာအပင်ဆီကို မှန်းဆပြီးရှာမိရာ အကောင်ကသေးသေး၊ အမွေးက မည်းမည်းနက်နက်လေးနဲ့၊ ရုပ်ဆိုးရင် အသံကောင်းတယ် ဆိုတဲ့ အပြောင်အပြက်စကားကို သတိရမိပါတယ်။ ဥဩငှက်ကလေးကို ဒီအဆောင်ရောက်မှ မြင်ဖူးတာပါ။ ပင်ထိပ်ပင်ဖျား ကိုင်းခက်ကိုင်းလက်တွေကြားမှာ ပျံလိုပျံ နားလိုနား ဘေးကင်းနေကြရှာပါတယ်။

ချိုးလေးတွေရဲ့ တကူကူးသံကိုလည်း မကြာခဏကြားရပါတယ်။ ကျွန်မက အောက်ဆုံးထပ်မှာနေတော့ ချိုးလေးတွေ၊ ဆက်ရက်ကလေးတွေ၊ စာကလေးတွေစတဲ့ သူတို့ရဲ့ လှုပ်ရှားမှုလေးတွေ၊ အသံလေးတွေကိုအသေးစိတ် မြင်လည်းမြင်ရ ကြားလည်းကြားနေရပါတယ်။

နေရေးထိုင်ရေးအဆင်မပြေခက်ခဲလို့ အဆောင်မှာ ခိုနားတဲ့ ဆရာမတွေအများစုကိုကြည့်ရင် မြန်မာပြည် မြောက်ဖျားမှ တောင်ဖျားအထိ၊ အရှေ့ဖျားမှ အနောက်ဖျားအထိ နေရာအနှံ့က ဖြစ်ပါတယ်။ ကျွန်မကိုယ်တိုင်က ရောက်လေရာတက္ကသိုလ်ကောလိပ်တွေမှာ အဆောင်ပဲ ခိုကပ်နေခဲ့ရတာပါ။ မြစ်ကြီးနားကောလိပ် (ယခု–တက္ကသိုလ်) မှာ အီမော်ဘွန်းဆောင်၊ ဆွမ်ပရာဘွမ်ဆောင်၊ မန္တလေးတက္ကသိုလ်ကို နှစ်ကြိမ်ရောက်တော့ နှစ်ကြိမ်စလုံး စာသင်ဆောင်ကို အခန်းဖွဲ့ထားတဲ့ ဆရာမအဆောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်ရောက်တော့ ကျောင်းသူတွေထားတဲ့ ပြည်အဆောင်နဲ့ ဆရာမများအဆောင်၊ ရွှေဘိုကောလိပ် (ယခုတက္ကသိုလ်) ရောက်တော့ အဝေးရောက်တဲ့ ဆရာ ဆရာမတွေအတွက် စာသင်ခန်းတစ်ခုကို အရေးပေါ်လုပ်ထားတဲ့ဆရာမများအဆောင်၊ မုံရွာတက္ကသိုလ်ရောက်တော့လည်း ဆရာမများအဆောင်မှာ နေထိုင်ခဲ့ရပါတယ်။ ပင်စင်ယူခါနီး ရန်ကုန်အဝေးသင်ရောက်တော့ တိုက်ခန်းလေးတစ်ခုမှာနေပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မဘဝမှာ အဆောင်ဟာ ကျွန်မအိမ်ပါပဲ။

ရန်ကုန်တက္ကသိုလ်များ ဆရာမအဆောင်မှာ ဝင်ရောက်ခိုနားတဲ့ ဆရာမတွေကိုကြည့်ရင် နေရာဒေသအနှံ့အပြားက ရောက်လာတဲ့ တိုင်းရင်းသားညီအစ်မတွေပါ။ ဘဝတူညီအစ်မတွေ ဆုံစည်းတဲ့ ဆရာမအဆောင်ပါ။ အဲဒီအချိန်ကာလတွေက တက္ကသိုလ်တွေမှာ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဇာတ်ကော်မတီ၊ ဆပ်ကော်မတီတွေ ဖွဲ့စည်းခွင့်ကို တရားဝင်ခွင့်ပြုပါတယ်။ တက္ကသိုလ်ဆရာ ဆရာမတွေ ဦးစီးပြီး တက္ကသိုလ်အသီးသီးက ကျောင်းသား ကျောင်းသူတွေ ပါဝင်ဖွဲ့စည်းတာ ဖြစ်ပါတယ်။ တိုင်းရင်းသားစာပေမဂ္ဂဇင်းတွေ၊ ပြက္ခဒိန်တွေ၊ ပို့စကတ်လေးတွေ နှစ်စဉ်ကြိုးစားထုတ်ဝေပါတယ်။ ပြည်နယ်နေ့၊ အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ စတဲ့ထူးခြားတဲ့ပွဲတွေကို တက္ကသိုလ်ဝင်းထဲမှာ တရားဝင်လုပ်ခွင့်ပေးထားပါတယ်။

တက္ကသိုလ်အသီးသီးက ဆရာ ဆရာမကြီးတွေ၊ ဆရာ ဆရာမတွေကို ဖိတ်ပါတယ်။ တကူးတကလာပြီး အားပေးချီးမြှင့်တာတွေ့ရပါတယ်။ အဆောင်နေ ဆရာ ဆရာမတွေက အများဆုံးအားပေးတာ တွေ့ရပါတယ်။ တိုင်းရင်းသားရိုးရာအစားအစာတွေက အထူးအဆန်းဖြစ်လို့ မြည်းစမ်းကြပါတယ်။ တိုင်းရင်းသားရိုးရာအကတွေကို တိုင်းရင်းသားကျောင်းသား ကျောင်းသူတွေကိုယ်တိုင် ကပြဖျော်ဖြေတာမို့ နှစ်သက်အားပေးကြပါတယ်။ အဲဒီအချိန်တွေမှာ တိုင်းရင်းသားရိုးရာဓလေ့၊ အဝတ်အစား၊ အစားအသောက်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအချို့ကို ပကတိအတိုင်း မျက်မြင်တွေ့မြင်ခွင့်ရကြပါတယ်။

### အပြန်အလှန်ပေးလေ့ရှိ

အဆောင်မှာလည်း တိုင်းရင်းသားရိုးရာအထည်လေးတွေ၊ အလှဆင်ပစ္စည်းလေးတွေ အပြန်အလှန်ပေးလေ့ရှိပါတယ်။ ရိုးရာအစားအစာတွေလည်း အပြန်အလှန်ကျွေးလေ့ရှိပါတယ်။ ကချင်ခေါ်ပုတ်၊ ရှမ်းခေါ်ပုတ်၊ ရခိုင်မုန့်ဟင်းခါး၊ ပုသိမ်မုန့်ဟင်းခါး၊ ကရင်တာလပေါ်ဟင်း၊ မန္တလေးမုန့်တီစတဲ့ အစားအစာတွေ ကျွေးတဲ့သူကကျွေး၊ စားတဲ့သူတွေကလည်း အကြွင်းအကျန်မရှိအောင် ရှင်းကြလို့ ကျေနပ်ပျော်ရွှင်ခဲ့ကြပါတယ်။ ကျွန်မကတော့ ကျွန်မမိဘတွေရဲ့ ခြံထွက်ချင်းပြည်နယ် ရာသီပေါ် ပန်းသီး၊ လိမ္မော်သီး၊ ကမ္ဗလာသီး၊ စပျစ်သီးတွေ ဝေလေ့ရှိပါတယ်။

စာမျက်နှာ ၂၁ သို့ ■



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| အမည် | – | ဒေါ်ရှိန်းပိုင်၊ အငြိမ်းစား မြန်မာစာ ပါမောက္ခ/ ဌာနမှူး |
| မွေးဖွားရာဇာတိ | – | ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့နယ်၊ ရမ်ပမ်ရွာ |
| အမှုထမ်းရာဇဝင်အကျဉ်း | – | နည်းပြမှ ပါမောက္ခ/ ဌာနမှူး အထိ |
| | – | မြစ်ကြီးနားကောလိပ် |
| | – | မန္တလေးတက္ကသိုလ် |
| | – | ရန်ကုန်ပညာရေးတက္ကသိုလ် |
| | – | ရွှေဘိုကောလိပ် |
| | – | မန္တလေးတက္ကသိုလ် |
| | – | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် |
| | – | မုံရွာတက္ကသိုလ် |
| | – | ရန်ကုန်အဝေးသင်တက္ကသိုလ် |
| ဆောင်ရွက်ဆဲ | – | အချိန်ပြည့်အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့၊ တိုင်းရင်းသား ဘာသာစကားဦးစီးဌာန |
| | – | ပါရဂူသင်တန်းဦးစီးကော်မတီအဖွဲ့ဝင် မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် |
| | – | ရှေးဟောင်းပျူ၊ ရခိုင် (ပါရဂူသင်တန်းပို့ချ) |
| | – | ကျမ်းကြီးကြပ်သူ |
| | – | (မြန်မာစာပါရဂူကျမ်း) |
| | – | ချင်းစကားနှင့် ဓလေ့များ သုတေသန |

**ဆရာမများအဆောင်ကတော့ စစ်ကိုင်းလမ်းပေါ်က အင်းဝဆောင်ရဲ့အလွန်မှာရှိတဲ့ လမ်းသွယ်(လမ်းတို) တက္ကသိုလ်လက်တွေ့ခန်းအဆောက်အအုံ ULB လမ်းက ဝင်ရပါတယ်။ အဲဒီလမ်းသွယ်လေးမှာ နာမည်လည်းမရှိ၊ လမ်းညွှန်ဆိုင်းဘုတ်လည်း မရှိပါ။ အဆောင်နေ ဆရာမတွေကလွဲလို့ ဆရာမများအဆောင်ကို မသိတာများပါတယ်။ အဆောင်ကိုလာတဲ့ မိဘဆွေမျိုးနဲ့ သူငယ်ချင်းတွေတောင် မျက်စိလည်ပြီး အဆောင်ရောက်မလာတော့ဘဲ ပြန်သွားကြတာ မကြာခဏကြုံကြရ။**

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ မြေခံ၊ မြေတူးရေယာဉ်များ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၃**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အတွက် ၂၅၀ ကုဗမီတာနှစ်ခြမ်းစပ်ကိုယ်ထည်နုန်းသယ်ရေယာဉ် မြေခံအမှတ်(၁)နှင့် ၂ ဒသမ ၅ ကုဗမီတာမြေတူးရေယာဉ် မြေတူးအမှတ်(၁) ရေယာဉ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**အသိအမှတ်ပြု**

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က အမှာစကားပြောကြားရာတွင် "ပြီးခဲ့တဲ့ရက်ပိုင်းကတော့ ကျွန်တော်တို့ဆိပ်ကမ်းဝန်ထမ်းတွေနဲ့ လေ့ကျင့်ခဲ့ပါတယ်။ Liebherr crane နဲ့ ပတ်သက်တဲ့ အွန်လိုင်းသင်တန်းကိုပို့ချပြီး လေ့ကျင့်ခဲ့ပါတယ်။ အခုဆိုရင် ထိထိမိမိဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဝန်ထမ်းတွေကို အသိအမှတ်ပြုပါတယ်။ အခုလက်ရှိ မြေတူး၊ မြေခံသင်္ဘောတွေကလည်း နှစ်ပေါင်းအတော်ကြာနေပြီ။ ပြင်လိုက်၊ ပျက်လိုက်ဖြစ်နေတဲ့အတွက် လေလံတင်ရမယ့် အနေအထားမှာ ရှိပါတယ်။ အခုဆိုရင် အပြည်ပြည်ဆိုင်ရာ တံတားတွေမှာ တူးလို့ရနေပါပြီ။ ရန်ကုန်ဆိပ်ကမ်းမှာ နှစ်စင်းရှိရမယ်။ ပြည်တွင်းဆိပ်ကမ်းအတွင်းဘက်အတွက် မြေတူး၊ မြေခံအသေးတစ်စင်းရှိရင် လုံလောက်သွားပါပြီ။ အခုနောက်ထပ် မြေတူး၊ မြေခံနှစ်စင်းဆောက်ဖို့ တင်ဒါခေါ်ထားတယ်။ အသေးနှစ်စင်းပါ။ အခု တည်ဆောက်ပြီးသွားတဲ့ နှစ်စင်းကတော့ လက်တွေ့အသုံးချတဲ့အခါ အလွန်အကျိုးရှိတာတွေ့ရတယ်။ ဆောက်တဲ့ကုမ္ပဏီတွေကလည်း အရည်အသွေးမှန်တယ်၊ စေတနာကောင်းမွန်တာ တွေ့ရတယ်။ အဆင့်အတန်းမြင့်တာတွေ တွေ့ရတယ်။ အခုတည်ဆောက်သွားတဲ့ကုမ္ပဏီနှစ်ခုကို မှတ်တမ်းတင်ပါတယ်။ သတ်မှတ်အရည်အသွေးလည်း ပြည့်မီတယ်။ လက်ရာလည်း ကောင်းမွန်တယ်။ အန္တရာယ်ကင်းအောင် သတိထားပြီး Safety ဖြစ်အောင် လုပ်ဖို့လိုပါတယ်။ ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်၊ အသိအမှတ်လည်းပြုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ရေယာဉ်သစ်များ တည်ဆောက်ခဲ့သော ကုမ္ပဏီများဖြစ်သည့် Thein Oo Services Co., Ltd နှင့် Upland Co., Ltd တို့မှ တာဝန်ရှိသူများက ရေယာဉ်ပုံစံငယ်များနှင့် ရေယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်နှင့် ဌာနမှူးများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်**



## ရန်ကုန်မြစ်တွင်း သင်္ဘောခရီးစဉ်ကို ဒီဇင်ဘာ ၂၅ ရက်မှစ၍ တစ်နေ့ နှစ်ကြိမ် ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**
ရန်ကုန်မြစ်တွင်း သင်္ဘောခရီးစဉ်ကို ဒီဇင်ဘာ ၂၅ ရက်မှစ၍ တစ်နေ့နှစ်ကြိမ် ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

လက်ရှိ ခရစ္စမတ် ပိတ်ရက်များဖြစ်သည့် ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ပြေးဆွဲမည်ဖြစ်ပြီး နံနက်ပိုင်းကို ၈ နာရီမှ ၁၀ နာရီတစ်ကြိမ်၊ ညနေပိုင်းကို ၄ နာရီမှ ၇ နာရီတစ်ကြိမ် ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။

"အခုလောလောဆယ်တော့ စမ်းသပ်ပြေးဆွဲနေတာဆိုတော့ ဒီအတိုင်းလေးပဲ ဆွဲနေဦးမှာပါ။ ပိတ်ရက်တွေမှာ ဆွဲနေမယ်။ လွတ်လပ်ရေးနေ့ ဝန်းကျင်အထိ ဆွဲနေဦးမှာပါ။ ဆက်ပြီးတော့ နောက်ပိုင်းဟာတွေအတွက်တော့ ထပ်မံပြီးတော့ ကြေညာပါ့မယ်" ဟု ဦးနောင်းနောင်းဟန်က ပြောသည်။

**ဧည့်သည်ဦးရေ ၃၀ ဝန်းကျင်**

ရန်ကုန်မြစ်တွင်း သင်္ဘောခရီးစဉ်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တိုးပွားနှင့် တေဇအမည်ရှိ ရေယာဉ်နှစ်စင်းကို ငှားရမ်း ပြေးဆွဲခြင်းဖြစ်ပြီး ခရီးသည် ၁၂၀ ခန့် အပန်းဖြေလိုက်ပါနိုင်သော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ သတ်မှတ်ချက်များနှင့်အညီ ခရီးစဉ်တစ်ခေါက်လျှင် ဧည့်သည်ဦးရေ ၃၀ ဝန်းကျင်သာ တင်ဆောင်ပြေးဆွဲသွားမည်ဖြစ်သည်။

"အခုဟာက ကျန်းမာရေးသတ်မှတ်ချက်အတိုင်း ဖြစ်တဲ့အတွက် လူ ၃၀ ပဲ သင်္ဘောပေါ်မှာ လက်ခံမယ်။ အဲဒီ လူ ၃၀ နဲ့ပဲ ပြေးဆွဲသွားမှာဖြစ်တယ်" ဟု ဦးနောင်းနောင်းဟန်က ပြောသည်။

ရန်ကုန်မြစ်တွင်း သင်္ဘောခရီးစဉ်ကို မြစ်အတွင်း လေညင်းခံခြင်းနှင့် ရှုခင်းအလှ ကြည့်ရှုခံစားနိုင်စေရန်အတွက် ကျန်းမာရေးဆိပ်ကမ်းမှ စတင်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြစ်တစ်လျှောက် ဘုရင့်နောင်၊ မြစ်သုံးဆိုင်မှတစ်ဆင့် ကျန်းမာရေးဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်သွားမည် ဖြစ်သည်။

ရန်ကုန်မြစ်တွင်း သင်္ဘောခရီးစဉ်ကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်နစ်နာမှုများ ပြန်လည်ကုစားရေး၊ အနာဂတ်ကာလတွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့် ပြည်တွင်းခရီးသွားများအတွက် အလည်အပတ်ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ကာ ပြေးဆွဲခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာ စတင်တွေ့ရှိခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းမှစ၍ ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည်။

**ငြိမ်းငြိမ်း**




## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေး

**လှိုင်ကော် ဒီဇင်ဘာ ၂၃**
အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာန၌ ပြုလုပ်ရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် ကူညီပံ့ပိုးသော ဖြစ်ရပ်စီမံခန့်ခွဲမှု အစီအစဉ်နှင့် One Stop Women Shop Center(OSWSC)၏ ဝန်ဆောင်မှုများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးလှိုင်ငွေး(ပြန်/ဆက်)**

## ပုလောမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ပုလော ဒီဇင်ဘာ ၂၃**
တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်နေသည့် မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာစီမံကိန်းကော်မတီများမှ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်း ထောက်ပံ့သည့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအနေဖြင့် ကျောက်တာကျေးရွာ နာရေးကူညီမှုအသင်း မီးသင်္ဂြိုဟ်စက်ဆောက်လုပ်ခြင်း (၉.၉ပေ x ၆.၇ပေ x ၉ ပေ)၊ ပဝတ်ဖျားကျေးရွာချင်းဆက် မြေသားလမ်း (ပေ ၆၅၀ x ၁၈ ပေ) နှင့် ကွန်ကရစ်တံတား(၁၄ ပေ x ၁၀ ပေ x ၅ ပေ)၊ ကျောက်ကမ်းဖဲကျေးရွာ တောင်ဖြို့ခြင်းနှင့် မြေသားလမ်းဖောက်လုပ်ခြင်း(ပေ ၈၇၀ x ၁၈ ပေ) စသည့်လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာမြို့နယ်ဦးစီးမှူးများ၊ ပုလောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သီရိမမနှင့် ကျေးရွာမြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ **စာမျက်နှာ ၂၀ မှ**

သူငယ်ချင်းတွေကလည်း အသီးတွေကိုပဲ တောင်းဆိုလေ့ရှိပါတယ်။ သီးစုံစိုက်တဲ့ ကိုယ်ပိုင်ခြံက ထွက်တဲ့အသီးလေးတွေကို ကျွန်မမိဘတွေက သိပ်တန်ဖိုးထားပါတယ်။ သမီးချစ်တဲ့ မိတ်ဆွေတွေအတွက်ကောင်းပေ့လှပေ့ဆိုတဲ့ ခေါင်သီးတွေကို သေချာရွေးပြီး မရောက်ရောက်အောင် ပို့ရှာကြတာပါ။ အခုတော့မိဘတွေလည်း မရှိရှာကြတော့ပြီ။

အားလပ်တဲ့ စနေ၊ တနင်္ဂနွေ မနက်တိုင်း အဆောင်က ဆရာမတွေ လမ်းလျှောက်ထွက်ကြပါတယ်။ မနက် ၅ နာရီလောက်ဆိုရင် အဆောင်ကထွက်ကြပါပြီ။ လမ်းသွယ်လမ်းလေးကထွက်၊ စစ်ကိုင်းလမ်းကိုလျှောက်၊ အဓိပတိလမ်းအတိုင်း ဆက်လျှောက်၊ အဓိပတိအဆောက်အအုံနဲ့ သစ်ပုပ်ပင်ကြားကဖြတ်၊ အဓိပတိနောက်ကခြံတံခါးနဲ့ အင်းလျားလမ်းကိုကျော်၊ အင်းလျားကန်ပေါင်ကိုရောက်တော့ ကန်ပေါင်လျှောက်လမ်းကနေ အဆုံးအထိ အားရပါးရအမြန်နှုန်းနဲ့ အပြိုင်လျှောက်ကြပါတယ်။ အပြန်မှာတော့ တစ်နေရာရာမှာရပ်ပြီး ကိုယ်လက်လေ့ကျင့်ခန်း လုပ်တဲ့သူကလုပ်၊ ထိုင်ပြီး အင်းလျားရေပြင်ရဲ့ နံနက်ခင်းအလှကို ငေးမောရင်း အမောဖြေကြပါတယ်။ အဆောင်က တော်တော်များများ လမ်းလျှောက်ပါတယ်။ အပြန်မှာတော့ လာလမ်းအတိုင်း လမ်းလျှောက်ပြန်သူပြန်၊ အင်းလျားလမ်းအတိုင်း လျှောက်ပြီး အင်းလျားအဆောင်ရှေ့ကိုကျော်၊ စစ်ကိုင်းလမ်းဘက် ပြန်ချိုးပြီး ပြန်သူတွေလည်း ရှိပါတယ်။ အဆောင်ပြန်ရောက်တဲ့အချိန်က အစောဆုံး ၇ နာရီပါပဲ။ တချို့ကျတော့လည်း လှည်းတန်းအထိလျှောက်၊ ဈေးဝယ်ထွက်ပြီး ပြန်ရောက်လာကြ ပါတယ်။ လမ်းတစ်လျှောက် ကံ့ကော်တောနဲ့ စိန်ပန်းနီနီ ပန်းကော်ဇောကို ဖြတ်ကျော်ပြီး လျှောက်ရတော့ အလိုလို စိတ်အမောလည်းပြေ ခွန်အားအသစ်တွေ ပြည့်လာရတယ်လို့ ခံစားမိပါတယ်။ အင်းလျားရေပြင်ကို ဖြတ်ကျော်လာတဲ့ လေပြည်လေညင်းကလည်း သန့်ရှင်းအေးမြပြီး တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားရပါတယ်။

ပြန်တွေးမိတိုင်း တစ်ချိန်က တက္ကသိုလ်ဆရာမများအဆောင်ရဲ့ ပုံရိပ်တွေကို တရေးရေး မြင်ယောင်မိပါတယ်။ ခြေရာချင်းထပ်အောင် လျှောက်ခဲ့ဖူးတဲ့ အဓိပတိလမ်း၊ အင်းလျားလမ်း၊ အဓိပတိနဲ့ သစ်ပုပ်ပင်ကြီး ဘေးရန်ကင်းရှင်းပြီး သက်ရှည်ကျန်းမာပါစေ။ ॥

## ဒေါ်မေသန့် (နမ်းဆန်)
### အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ ဦးစိန်မောင်-ဒေါ်ခင်မေလေးတို့၏ သမီးချွေးမ၊ ခရမ်းမြို့၊ (၂) ရပ်ကွက်၊ နမ်းဆန်လမ်းနေ ဦးသန်းတင်-ဒေါ်အေးရီတို့၏ သမီး၊ ဦးမျိုးမင်းအောင်-ဒေါ်မေခ၊ ဦးရွှေဘို-ဒေါ်စုပိုင်တို့၏ ညီမ၊ ဦးဝင်းသန့်၏ ဇနီး၊ မချမ်းမြေ့သဥ္ဇာ၊ မောင်ထက်ဝေယံအောင်တို့၏မိခင်သည် ၂၃-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၂၀ (သောကြာ နေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်ထွေး(ရွှေလီစိန်ရွှေရတနာဆိုင်)၏မိခင် ဒေါ်စန်းကြည်(၉၂)နှစ်သည် ၁၉-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်မြင့်**
**မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနာယက**
**မင်းကွန်းဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ**

## အာနိစ္စ

### ဒေါ်ငွေးငွေးဦး(မအူပင်)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် (၇၀)နေ (ဦးစိန်-ဒေါ်တင့်)တို့၏ သမီး၊ [ဦးခင်မောင်မြင့်-ယောနင်း (ဒု-ညွှန်မှူး သ/မဦးစီး ဌာန-ငြိမ်း)]၏ ဇနီး၊ ဦးထွန်းအောင်ကျော်-ဒေါ်ကြူကြူမြင့်၊ ဦးခင်မောင်တင်-ဒေါ်ချိုချိုမြင့်၊ ဦးမောင်မောင်မြင့်၊ ဦးအောင်ကျော်မြင့်-ဒေါ်သင်းသင်းစန်း၊ ဦးအောင်ဇော်မြင့်-ဒေါ်ချိုချိုဝင်း၊ ဒေါ်သိန်းကြည်တို့၏ မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွား ဒေါ်ငွေးငွေးဦးသည် ၂၂-၁၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်ကြီး
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၄၀)၊ ကုန်သည်လမ်းနေ (ဦးပိရန်-ဒေါ်ရွှေရင်)တို့၏ သား၊ (ဒေါ်အေး)၏ ခင်ပွန်း၊ (ဦးသန်းတင်)-ဒေါ်ခင်အေး၊ ဒေါ်မြသန်း၊ (ဦးကျော်ဝင်း)၊ ဦးဇော်ဝင်း-ဒေါ်ဂျယ်နီ၊ ဒေါ်စိန်ရည်၊ ဒေါ်ခင်ကြည်တို့၏ အစ်ကိုကြီး၊ (ဒေါ်ခင်စန်းဦး)၊ ဦးအောင်မင်းဦး-ဒေါ်ထိုက်ထိုက်ဝင်း၊ ဒေါ်သန်းသန်းမော်တို့၏ ဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ဘကြီး၊ မြေးနှစ်ယောက်တို့၏ အဘိုး ဦးခင်မောင်ကြီးသည် ၂၃-၁၂-၂၀၂၀ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညိုးငယ်စွာအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန်
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ (၂၅)လမ်း၊ အမှတ်(၁၅၉)နေ (ဦးစောအောင်-ဒေါ်ဖြူရင်ဦး)တို့၏ သမီး၊ (ဦးသန်းဝင်း)၏ ဇနီး၊ ဦးသန်းထွဋ်အောင်-ဒေါ်အေးပွင့်ဖြူ၊ ဦးဇော်မင်းထွန်း-ဒေါ်တိုးတိုးမြင့်၊ ကိုရဲသီဟနိုင်တို့၏ မိခင်၊ မောင်ဒီပါထွန်း၊ မချယ်ရီထွန်းတို့၏ အဘွားသည် ၂၂-၁၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## (၁)လပြည့်အမျှပေးဝေခြင်း
### (၂၄-၁၁-၂၀၂၀ မှ ၂၄-၁၂-၂၀၂၀)

ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီး ဦးမောင်မောင်(ခ)ဦးအောင်သိန်း (ကျောက်ဖြူ ဝေါမြို့)အားရည်စူး၍ ကျန်ရစ်သူမိသားစု၊ နယ်မှ ဆွေမျိုးများ၊ မိတ်ဆွေများမှ အပတ်စဉ်နှင့် ယခုပြုလုပ်အပ်သော(လ)ပတ် ကုသိုလ်အတွက် မြင့်မြတ်သောဘုံဘဝသို့ ရရှိခံစား စံစားနိုင်ပါကြောင်း ဆုတောင်းအမျှပေးဝေပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဖာတီမာဘီဘီ (ခ) ဒေါ်မြဝင်း
### အသက်(၈၆)နှစ်

ဦးမောင်မောင်ကြီး - ဒေါ်ခိုင်စံပါယ်

**Maung Maung Gyi Trading Co.,Ltd**

၏မွေးသမိခင် ဒေါ်ဖာတီမာဘီဘီ(ခ)ဒေါ်မြဝင်းသည် ၂၁-၁၂-၂၀၂၀ (တနင်္လာနေ့)တွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့်မိသားစုနှင့်ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

ဦးကျော်ခိုင်၊ ဦးခင်မောင်ထွေး၊ ဦးလှမြင့်၊
ဦးသန်းဝင်း၊ ဦးယမုံစိုး၊ ကိုတေဇာခိုင်။

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

## ဒေါ်ဝင်းမေ (ဒေါ်အဝင်း) (စစ်တွေ)
### အသက်(၉၇)နှစ်

စစ်တွေမြို့၊ ပေါင်းတည်မြို့ (ဆရာဝန်ကြီးဦးမဲ-ဒေါ်အောင်မြဖြူ)တို့၏ သမီးကြီး၊ (အရေးပိုင် ဦးကျော်ဇားအောင်-ဒေါ်စိန်ညွန့်)တို့၏ သမီးချွေးမ၊ [ဦးဘထွန်းအောင် (လ/ထ ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာစုစုအောင်၊ ဒေါ်သီဂီအောင်၊ ဒေါ်မူမူအောင်-(ဦးလှဝင်း)၊ ဒေါ်နွယ်နွယ်အောင် (စီမံ၊ မြို့တော်စည်ပင်)၊ ဦးဝင်းအောင် (Chief Mate)၊ ဒေါ်မိမိအောင် (JAP: Tour Guide)၊ ဦးဝင်းထွန်းအောင်-ဒေါ်မီမီထွန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုအောင်ပိုင်ကျော် (Min Dhama Steel Structures)၊ ကိုအောင်စည်သူ၊ ကိုအောင်သိခ် (2nd E. Golden Eagle Shipping)၊ အောင်နန္ဒတို့၏ ချစ်လှစွာသောအဘောင်ရှင်သည် ၂၂-၁၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၇:၀၃ နာရီတွင် တိုက်(၂၄)၊ အခန်း(၃၄)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားခြင်း

## ဟာဂျီမ S.M.E ဒေါ်မရီယမ်ဘီ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်မန္တလေးလမ်းသွယ်(၃) လမ်း၊ အမှတ်(၁၈)နေ (ဟဇရသ်ခလီဖွာ အလ်ဟာဂျ် A.N.M ဆရက်မဆူဒ်)၏ ဇနီး၊ ဟဇရသ်ရှေခ်အဗ္ဗဒူလ်ကာဒရ် ဂျေလာနီသခင်ကြီး အခမ်းအနားကျင်းပရေးကော်မတီ ဒု-ဥက္ကဋ္ဌ(၁)အလ်ဟာဂျ်ဦးညွန့်လှိုင်-ဟာဂျီမဒေါ်ဘေဘီ၊ ဒု-ဥက္ကဋ္ဌ(၂)အလ်ဟာဂျ် ဦးလှမြင့်-ဟာဂျီမဒေါ်တင်ရီ၊ အလုပ်အမှုဆောင် အလ်ဟာဂျ် ဦးကျော်နိုင်-ဟာဂျီမဒေါ်ချိုချိုတို့၏ မိခင်သည် ၁၈-၁၂-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားပါသဖြင့် ကော်မတီဝင်များမှ သိစေအပ်ပါသည်။

ဟဇရသ်ရှေခ်အဗ္ဗဒူလ်ကာဒရ်
ဂျေလာနီသခင်ကြီးအခမ်းအနားကျင်းပရေးကော်မတီ

## ဦးကျော်ခိုင် (သန်လျင်)
### ကုန်သွယ်/လယ်ယာ(ငြိမ်း)
### အသက်(၈၃)နှစ်

သန်လျင်မြို့၊ ဒါရိကာရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ် (၃)နေ [ဦးခင်မြင့် (ရဲမှူး-ငြိမ်း)-ဗိုလ်မှူးဒေါ်ရင်နု(ငြိမ်း)]တို့၏ တစ်ဦးတည်းသောသား၊ ဒေါ်တင်ကြည်(ခ)ဒေါ်အယ်လာ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစည်သူကျော်-ဒေါ်တင်တင်လေး၊ (ဦးမျိုးသန့်ကျော်)-ဒေါ်စန်းစန်းလွင်၊ ဦးအောင်သူ-ဒေါ်စုစုခိုင်၊ ဦးသူရကျော်-ဒေါ်တင်တင်မာ၊ ဦးအောင်နိုင်ဦး-ဒေါ်ထွေးနှင်းခိုင်၊ ဒေါ်ချောကလျာခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး/မြစ် ကိုးယောက်တို့၏ဘိုးဘိုးကြီး ဦးကျော်ခိုင်သည် ၂၃-၁၂-၂၀၂၀ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၂၀ ရက်နေ့တွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်လှိုင် (ကြို့ပင်ကောက်)
### ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန
### အသက်(၈၁)နှစ်

ကြို့ပင်ကောက်မြို့နေ (ဦးမြို့-ဒေါ်မယ်)တို့၏ သား၊ (ဦးသိန်းအောင်-ဒေါ်ပု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ သခင်ထွန်းအုပ်လမ်း၊ အမှတ် (၁၁)နေ ဒေါ်ခင်လေးမြင့်၏ ခင်ပွန်း၊ ဦးကျော်ဇင်သန့် (လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)-ဒေါ်သူဇာမြင့်၊ တွဲဖက်ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ (ပညာရေးဝန်ကြီးရုံး၊ နေပြည်တော်-တွဲဖက်)၊ ဒေါ်ခိုင်ဇင်လတ်၊ ဦးအောင်မင်းထူးတို့၏ဖခင်၊ မမြတ်ဘုန်းမြင့်မိုရ် (ပထမနှစ်၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ အဘိုးသည် ၂၃-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၄ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအယ်လင်စိန်မောင်(ခ)ဦးအောင်လင်း
### အသက်(၇၄)နှစ်
### (ရာဇဝဥပဒေနည်းပြ၊ သင်တန်းကျောင်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းဘူတာရုံ(၄) လမ်း၊ အမှတ်(၂၉၃)နေ (ဦးစိန်မောင်-ဒေါ်မြမြ)တို့၏ သား၊ (ဦးဖေသိန်း-ဒေါ်မြရီ)တို့၏ သားသမက်၊ ဦးသိန်းဆွေ-ဒေါ်ခင်ထွေးမော်တို့၏ ညီ၊ ဗိုလ်မှူးချုပ်မောင်ဝင်း(ငြိမ်း)-ဒေါ်သန်းသန်းရီတို့၏ အစ်ကို၊ ဒေါ်နုနုရီ (အလက-ပြ၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးဝေလင်း-မထည်ဝါကျော်တို့၏ ဖခင်၊ DANIEL LIN ၏ ချစ်လှစွာသောအဘိုး ဦးအယ်လင်စိန်မောင်(ခ)ဦးအောင်လင်း(ရာဇဝဥပဒေနည်းပြ၊ သင်တန်းကျောင်း)သည် ၂၃-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်အောင်
### တိုင်းဥပဒေအရာရှိ (ငြိမ်း)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒါန်လမ်း၊ အမှတ် (၄၄)၊ ငါးလွှာနေ (ဦးခင်မောင်-ဒေါ်ခင်သိန်းနွဲ့)တို့၏ သားကြီး၊ ဦးကျော်မြင့်-ဒေါ်ခင်ဆွေသိန်းတို့၏ မောင်၊ ဦးဘုန်းဇော်-ဒေါ်ခင်ဆွေသန်း၊ ဦးကျော်ကျော်မောင်-ဒေါ်ထားထားတို့၏ အစ်ကို၊ ဒေါ်ဖြူဖြူကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်အောင်ကြည်၊ ဦးဖြိုးအောင်ကြည် (လ/ထ ညွှန်ကြားရေးမှူး၊ ကျောက်ဆည်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်အေးမြတ်မြတ်၊ မရွှေရည်ထွေးတို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ခြောက်ယောက်၊ မသွန်းသီရိဖြိုး၏ ချစ်လှစွာသောအဘိုးသည် ၂၂-၁၂-၂၀၂၀ (အင်္ဂါနေ့) ည ၉:၄၅ နာရီတွင် နေအိမ်၌ နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းမေ (ဒေါ်အဝင်း) (စစ်တွေ)
### အသက်(၉၇)နှစ်

စစ်တွေမြို့၊ ပေါင်းတည်မြို့ (ဆရာဝန်ကြီးဦးမဲ-ဒေါ်အောင်မြဖြူ)တို့၏ သမီးကြီး၊ (အရေးပိုင် ဦးကျော်ဇားအောင်-ဒေါ်စိန်ညွန့်)တို့၏ သမီးချွေးမ၊ [ဦးဘထွန်းအောင်(လ/ထ ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)]၏ချစ်လှစွာသောဇနီး၊ (ဦးလှဝင်း-ဒေါ်လှလှကြင်)၊ (ဒေါက်တာဒေါ်အေးရှင်)၊ ဒေါက်တာထွန်းဝင်း-Mrs. Ruth Win တို့၏ ချစ်လှစွာသော အစ်မကြီးသည် ၂၂-၁၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၇:၀၃ နာရီတွင် တိုက်(၂၄)၊ အခန်း(၃၄)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားခြင်း

## ဟာဂျီမ S.M.E ဒေါ်မရီယမ်ဘီ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်မန္တလေးလမ်းသွယ်(၃) လမ်း၊ အမှတ်(၁၈)နေ (ဟဇရသ်ခလီဖွာ အလ်ဟာဂျ် A.N.M ဆရက်မဆူဒ်)၏ ဇနီး၊ ဟဇရသ်ဆရက်ရှာဟူလ်ဟမိသ်အဗ္ဗဒူလ်ကာဒရ်နာဂူရ် သခင်ကြီး အခမ်းအနားကျင်းပရေးကော်မတီ နာယကအလ်ဟာဂျ်ဦးညွန့်လှိုင်-ဟာဂျီမဒေါ်ဘေဘီ၊ အလ်ဟာဂျ်ဦးလှမြင့်-ဟာဂျီမဒေါ်တင်ရီ၊ အလုပ်အမှုဆောင် အလ်ဟာဂျ်ဦးကျော်နိုင်-ဟာဂျီမဒေါ်ချိုချိုတို့၏မိခင်သည် ၁၈-၁၂-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားပါသဖြင့် ကော်မတီဝင်များမှ သိစေအပ်ပါသည်။

ဟာဇရသ်ဆရက်ရှာ ဟူလ်ဟမိသ်
အဗ္ဗဒူလ်တာဒရ်နာဂူရ်သခင်ကြီး
အခမ်းအနားကျင်းပရေးကော်မတီ

အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားခြင်း

## ဟာဂျီမ S.M.E ဒေါ်မရီယမ်ဘီ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်မန္တလေးလမ်းသွယ်(၃) လမ်း၊ အမှတ်(၁၈)နေ (ဟဇရသ်ခလီဖွာ အလ်ဟာဂျ် A.N.M ဆရက်မဆူဒ်)၏ ဇနီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်း၌ရှိသော ဟဇရသ်ပီရ်ဆူဖီ ဃာဇီမောင်လာနာ ဆယဒ်ဂျမာလွတ်ဒင်ရှာ ဘဂ္ဂဂါဒီ သခင်ကြီး ဒါရ်ဂါတော်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးအလ်ဟာဂျ်ဦးလှမြင့်-ဟာဂျီမဒေါ်တင်ရီ၊ အလုပ်အမှုဆောင် အလ်ဟာဂျ် ဦးကျော်နိုင်-ဟာဂျီမဒေါ်ချိုချိုတို့၏ မိခင်သည် ၁၈-၁၂-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားပါသဖြင့် အဖွဲ့ဝင်များမှ သိစေအပ်ပါသည်။

ဟဇရသ်ပီရ်ဆူဖီဃာဇီ မောင်လာနာ
သယဒ်ဂျမာလွတ်ဒင်ရှာ ဘဂ္ဂဒါဒီဒါရ်ဂါ
အုပ်ချုပ်ရေးအဖွဲ့၊ မင်္ဂလာဒုံမြို့နယ်

အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားခြင်း

## ဟာဂျီမ S.M.E ဒေါ်မရီယမ်ဘီ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်မန္တလေးလမ်းသွယ် (၃)လမ်း၊ အမှတ်(၁၈)နေ (ဟဇရသ်ခလီဖွာ အလ်ဟာဂျ် A.N.M ဆရက်မဆူဒ်)၏ဇနီး၊ မိဖ်သွာဟွလ်ဆွာလေဟိန်းတရီကသွလ်အာလီယာ၊ ကာဒရီယာရီဖွာအီယာရာသိဖ်အဖွဲ့ချုပ်ကြီး၏ နာယကကြီး အလ်ဟာဂျ်ဦးလှမြင့်-ဟာဂျီမဒေါ်တင်ရီတို့၏ မိခင်သည် ၁၈-၁၂-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားပါသဖြင့် ကော်မတီဝင်များမှ သိစေအပ်ပါသည်။

မိဖ်သွာဟွလ်ဆွာလေဟိန်းဇာရီကသွယ်
အာလီယာ၊ ကာဒရီယာ၊ ရီဖွာအီယာရာသိမ်အဖွဲ့ချုပ်

အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားခြင်း

## ဟာဂျီမ S.M.E ဒေါ်မရီယမ်ဘီ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်မန္တလေးလမ်းသွယ် (၃)လမ်း၊ အမှတ်(၁၈)နေ (ဟဇရသ်ခလီဖွာ အလ်ဟာဂျ် A.N.M ဆရက်မဆူဒ်)၏ဇနီး၊ မန္တလေးတိုင်းဒေသကြီး၊ တဘက်ဆွဲကျေးရွာ၊ အာရှိက်ကာနေ အာလေဘိုသ် မိခင်များခန်းမဆောင်၏ နာယက အလ်ဟာဂျ်ဦးလှမြင့် (Sky Oasis)-ဟာဂျီမဒေါ်တင်ရီတို့၏ မိခင်သည် ၁၈-၁၂-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် အလ္လာအသျှင်မြတ်၏ ကရုဏာတော်ခံယူသွားပါသဖြင့် မိခင်များအဖွဲ့ဝင်များမှ သိစေအပ်ပါသည်။

အာရှိက်ကာနေ အာလေဘိုသ်မိခင်အဖွဲ့
မန္တလေးတိုင်းဒေသကြီး

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီဖိုင်ဆယ်ခန်း(ခ)ဦးခင်မောင်ဝင်း(ခ)Sunny Khan
### အသက်(၆၃)နှစ်
### M.E.H.S ကျောင်းသားဟောင်း

(ဟာဂျီမ ဘားမလားဒေါ်ခါတွန်)၏ မြစ်၊ [မိုဟာမက်မာမွတ်ခန်း(ခ)ဦးခင်မောင်လေး]-ဒေါ်ပြာရီ(ခ)ဒေါ်ခင်မြမြတို့၏ သားငယ်၊ ဦးအေးထွန်း-ဒေါ်ခင်စန်းရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ မြေအမှတ် (၁၀၁/ဘီ)၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်နေ ဟာဂျီမဇရီနာ(ခ)ဒေါ်နီလာထွန်း(ခ)နိုင်နိုင်၏ ခင်ပွန်း၊ မောင်မြင့်မြတ်မောင်-မစုလဲ့ပိုင်တို့၏ ဖခင်၊ ခန့်တည်ကြည်မောင်(ခ)တုန်တုန်၏ အဘိုး၊ ဟာဂျီမဒေါ်သီဂီမော်၊ (ဦးလှမြင့်)၊ (ဦးခင်မောင်အေး)-ဒေါ်ခင်ဖြူဖြူ၊ ဟာဂျီမဒေါ်စန္ဒာ-ဦးမျိုးသိန်း (စိန်ကိတ်မုန့်တိုက်၊ ပြင်ဦးလွင်)တို့၏ ညီ/မောင်၊ ဒေါ်စပွဲယ်၏ အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ ဦးလေးသည် ၂၃-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ အလ္လာဟ်အသျှင်မြတ်အမိန့်တော်ကို ရှဟီဒီဂုဏ်ပုဒ်နှင့်အညီ ခံယူသွားပါသဖြင့် နံနက် ၁၀ နာရီတွင် ထိန်ပင်ကဗာရ်စတန်၌ ဒဖာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒီဇင်ဘာ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၉၂၃ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၃-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၂-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၀၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၂၃) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၃-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၂၀၄) ခု | (၁၂၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၅၈) ခု | (၁၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၇၃) ခု | (၅၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မှော်ဘီ) | (၃၁၁) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၆၈) ခု | (၁၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၄၃) ခု | (၁၁) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁၄) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၅၆) ခု | (၄၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၂၄) ခု | (၁၈၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၄၂၁) ခု | (၄၆၃) ဦး |
| **စုစုပေါင်း** | **(၂၃,၀၇၂) ခု** | **(၉၂၃) ဦး** |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍



သဘာဝအခြေပြုခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည့် စက်စက်ယိုကျေးရွာမှ ဆံရစ်ဝိုင်းထုံးဖွဲ့မှုခလေ့။ ဓာတ်ပုံ-ရဲဝင်းနိုင်

# ပုဂံ-ညောင်ဦးဒေသမှတစ်ဆင့် သွားရောက်လည်ပတ်နိုင်မည့် သဘာဝအခြေပြုခရီးစဉ်ဒေသသစ် ငါးခု တိုးချဲ့ဖော်ဆောင်မည်

**မန္တလေး ဒီဇင်ဘာ ၂၃**

ကိုဗစ်-၁၉ အလွန်ကာလတွင် ပြည်တွင်းရှိ ခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရေးအတွက် ပုံမှန်လည်ပတ်နေကျ ခရီးစဉ်ဒေသများအပြင် ပုဂံ-ညောင်ဦးဒေသမှတစ်ဆင့် သွားရောက်လည်ပတ်နိုင်မည့် သဘာဝအခြေပြု ခရီးစဉ်ဒေသသစ် ငါးခုကို တိုးချဲ့ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ပြောကြားသည်။

အဆိုပါ သဘာဝအခြေပြုခရီးစဉ်ဒေသသစ်များအနေဖြင့် တုရင်တောင်ပေါ်ရှိ အရှည်ပေ ၈၀ ရှိသည့် ကျောက်ရေကန်၊ ဇီးအိုကျေးရွာ၊ စက်စက်ယိုကျေးရွာ၊

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❍

# ၂၀၂၁ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ဇူလိုင်တွင် ကျင်းပရန်စီစဉ်ထားသည့် ၂၀၂၁ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၂၁ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားခြင်းဖြစ်ပြီး ဇူလိုင် ၁၂ ရက်မှ ၂၅ ရက်အထိ ပြုလုပ်ရန် လျာထားသည်။ မြန်မာ ယူ-၁၉ အသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မတ်လကတည်းက လေ့ကျင့်မှုရပ်နားထားပြီး လာမည့်နှစ်တွင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများအတွက် နှစ်ဆန်းပိုင်းတွင် စတင်လေ့ကျင့်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**အဓိကယှဉ်ပြိုင်ရဖွယ်ရှိ**

မြန်မာယူ-၁၉ အသင်းသည် လာမည့်နှစ်တွင် ယင်းပြိုင်ပွဲတစ်ခုကိုသာ အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေပြီး ကပ်ရောဂါအခြေအနေအပေါ်မူတည်၍ စခန်းဝင်လေ့ကျင့် ပြင်ဆင်မည်ဖြစ်သည်။ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ၂၀၀၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး အချို့နှစ်များမှလွဲ၍ နှစ်စဉ်ကျင်းပခဲ့သည့်ပြိုင်ပွဲဖြစ်ကာ မြန်မာအသင်းလည်း အောင်မြင်မှုရဖူးသည့် ပြိုင်ပွဲဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၃ နှင့် ၂၀၀၅ ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ပြိုင်ပွဲများ ကျင်းပနိုင်ခြင်း မရှိခဲ့သည့် အာဆီယံအဆင့်ပြိုင်ပွဲများကို အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ကပ်ရောဂါအခြေအနေကြောင့် နှစ်ဝက်နောက်ပိုင်းမှသာ ပြိုင်ပွဲများ စတင်ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အယုံလွယ်သူများထံမှ ငွေကြေးလိမ်လည်ရယူသူ နိုင်ငံခြားသားများပါဝင်ပတ်သက်သည့်ဂိုဏ်း ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်**

စာမျက်နှာ » ၁၈

# ကသာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**ကသာ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သော မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကသာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် နေအိမ်မှ ပြင်ပသို့ မည်သည့်အကြောင်းကြောင့်ဖြစ်စေ အပြင်ထွက်သွားလာပါက နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာရန် အသိပညာပေးပြီး နှာခေါင်းစည်းများကို အခမဲ့ပေးဝေခဲ့သည်။ အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို ကသာမြို့ရှိ အထက (၁)ကျောင်းရှေ့နှင့် မီးပွိုင့်လမ်းဆုံတို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ရဲအောင် (ကသာ)**

